
www.burmeseclassic.com




# ပျား

သက္ကရာဇ်လေချွန်သံ




www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ပျူ့စာပေ)
အမှတ်- ၅၂၀(က)၊ အင်း၀ (၄)လမ်း၊
(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျော်ရင် (မြ-၀၅၄၁၇) (ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း၊ တော/နောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
သိန်းရွှေကြည်
အတွင်းဖလင်
ကိုကြီးပေါက် - 09 420243327
ပုံနှိပ်ခြင်း
ပထမအကြိမ်၊
၂၀၁၄ ခုနှစ်၊ ဇီလင်ဘာလ
တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
ဖြန့်ချိရေး
ပျူ့စာပေ
၀၉ ၅၀၃၀၁၀၆၊ ၀၉ ၅၁၈၅၀၈၇၊
၀၁ ၈၅၀၀၆၉၆

၈၉၅. ၈၃
ပျူ
သက္ကရာဇ်လေချွန်သံ
ပျူ့စာပေ ၊ ၂၀၁၄။
၂၇၂ - စာ ၊ ၁၂ x ၁၈ စင်တီ။
(၁) သက္ကရာဇ်လေချွန်သံ

## အချစ်မစစ် တစ်စစ်များ

တက္ကသိုလ် မြကျွန်းသာမှာ သူတို့တွေ ကွန်းခိုခဲ့တာ သုံးနှစ်သုံးမိုးရှိခဲ့ပြီ။ လင်းရောင်တို့သူငယ်ချင်းအုပ်စု အဓိပတိလမ်းကိုလျှောက်၊ ဘွဲ့နှင်းသဘင်အဆိပ်ကိုမှီ သစ်ပုတ်ပင်ခြေရင်းမှာကစား၊ ဂျပ်ဆင်ရိပ်မှာနား၍ အဌာရသဆယ့်ရှစ်ရပ်အား တာဝန်ကျေဆည်းပူးရင်း ဘ၀ပေးလူ့တာဝန်ကို ထမ်းဆောင်ရန်အတွက် ကြွင်ဘက်ကိုလည်း အသည်းအသန် ရှာဖွေခဲ့ကြ၏။

သူတို့အုပ်စုဝန်းကျင်တွင် တာဝန်ကျသော မြားနတ်မောင်မှာ မိုးငဲ့မျှားလားမသိ၊ သူ့ပစ်ချက်က တလွဲတချော်သာ ဖြစ်ဖြစ်နေရော ပထမနှင့်ဒုတိယ နှစ်နှစ်လုံးလုံး အချိန်အလဟဿကုန်ဆုံးခဲ့သည်။

ပျူ့စာပေ

www.burmeseclassic.com



ဒီနှစ်တော့ မြားနတ်မောင် လက်တည့်လာပြီထင်၏။ ရှမ်းသမီး ပစ်ခတ်သော်လည်း ပစ်မှတ်များကို တစ္စပ်စွပ်နှင့်ထိမှန်ခဲ့သည်။

ယောက်ျားတို့လုံ့လ ပြုးပြုမှလျှော့ရမည် ဆိုသည့်အတိုင်း မလျှော့သော ဖွဲလုံ့လနှင့်အဆက်မပြတ် ငမ်းကြောဆွဲခဲ့ကြသည်မှာ ပန်းတောထဲမှ ပျားပိတုန်းလိပ်ပြာတို့အလား အုန်းအုန်းကျွတ်ကျွတ် ရှိခဲ့ကြသည်။

သူတို့လိုချင်နေကြတာက ကြာခဲ့ပြီ။ သို့သော် တော်တော်နှင့်မရ၊ တတိယနှစ်ရောက်လာကြမှ မတူကွဲပြားသော အဓိကဘာသာရပ်မျိုးစုံမှ ကောင်မလေးများနှင့် အဆင်ပြေကာ အသီးသီး သမီးရည်းစားရခဲ့ကြ၏။

ချစ်တာမချစ်တာ အပထား၊ ပြန်တမ်းဝင် သမီးရည်းစား အသိုက်အဝန်းတွင် အစမ်းခန့်နှင့်အလုပ်ရဖို့က အဓိက ဖြစ်နေသည်။

သို့နှင့် လင်းရောင်၊ သော်ဒီ၊ ပိုင်စိုး၊ မိုးမြင့်တို့ ဝီရိယအကျိုး ခံစားခွင့်ရခဲ့ကြပြီ၊ သော်ဒီက သတ္တဗေဒ အဓိကသင်တန်းမှ အတန်းဖော် အိအိနိုင်ဆိုသူနှင့် သဟဇာတ မျှခဲ့ကြ၏။

အချိန်အခါသင့်ပြီဆိုတော့လည်း ဖားပြုပ်ရိုက်ရင်း အသည်း နှလုံးချင်း ခလုတ်တိုက်ခဲ့ခြင်း ဖြစ်သည်။ သတ္တဗေဒအဓိက ဘာသာရပ် တူချင်း လက်တွေ့လေ့လာရန် အင်းယားကန်စောင်းတွင် ဖားပြုပ်ဖမ်း ကြရာမှ ဆုံစည်းခဲ့ကြခြင်း ဖြစ်သည်။





သည့်တော့ သော်ဒီတို့က ဖားပြုပ်မှ စာဟုသာ ဆိုရမည်။ ထိုနေ့က ကန်စောင်းမြက်ခင်းစပ်၌ ခုန်ဆွခုန်ဆွ လမ်းသလားနေသော ဖား ပြုပ်တစ်ကောင်ကို လှမ်းမြင်လိုက်၍ သော်ဒီ ဒိုင်ဗင်ပစ်ပြီး ခုန်ဖမ်းလိုက် ၏။

မြက်ခင်းပေါ်လျှောထိုးလိုက်သည့် အရှိန်ကများသွားပြီး သူ့လိုပင် ဖားပြုပ်ဖမ်းထွက်လာသော အိအိနိုင်နှင့် ပက်ပင်းဆုံခဲ့သည်။

တော်တော်တော့ အသည်းယားစရာကောင်း၏။ စောစောက သူ ဒိုင်ဗင်ပစ်၍ ခုန်ဖမ်းသောဖားက စောင့်ကြောင့်ထိုင်ပြီး ဖားရှာနေ သော အိအိနိုင်၏ခြေသလုံးသားသို့ ခုန်ကပ်သည်။ အိအိနိုင် အလန့် တကြားနှင့် ယေိသ်ပါအောင်အော်ရင်း ထခုန်ကာ ထဘီကိုမပြီးခါတော့ ဖားက ထပ်ခုန်၍ ထဘီထဲဝင်သွားသည်။

"အား အမလေး အီး လုပ် လုပ်ပါဦး"

မျက်ကလဲဆန်ပြာ အကူအညီတောင်းနေသော အိအိနိုင်ကို ကြည့်ရင်း သော်ဒီလည်း အိအိနိုင် ထဘီထဲဝင်သွားသည့်ဖားကို ယောင် ယမ်းကာ လိုက်ဖမ်းသည်။

ကြောက်စိတ်ပိုနေသောကြောင့် ရှက်ရမည့်ကိစ္စ မေ့နေသည့် အိအိနိုင်က ဖားခုန်ထွက်သွားတာမြင်မှ သော်ဒီကို အတင်းတွန်းထုတ် သည်။



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



"ရှင် ရှင် ဒါ ဘာလုပ်တာလဲ"

"ဗျာ ဖား ဖားပြုပ်ဖမ်းတာလေ၊ ဘယ်ရောက်သွားလဲ ဖားပြုပ် ဘယ်ရောက်သွားလဲ"

"မသိဘူးသွား မသိဘူး"

ခုချိန်ကျမှ ဖားပြုပ်ထဲ နှစ်ယောက်စလုံး စိတ်မရောက်နိုင်ကြတော့ဘဲ အိအိနိုင်က ထဘီကမန်းကတန်းပြင်ဝတ်ပြီး ပြေးထွက်သွားသလို သော်ဇီလည်း ရှင်ခုန်သံတွေပြင်းလွန်း၍ လူတစ်ကိုယ်လုံး တုန်နေရှာသည်။

မျက်လုံးနှင့်အလွတ်ရသည်အထိ ပုံနှိပ်ထားခဲ့သော ချစ်သူ၏ ရုပ်ပုံလွှာအတွက် သော်ဇီ အကြိမ်ကြိမ်ကြိုးစားရင်း သူတို့နှစ်ဦး ချစ်သူများဖြစ်ခဲ့ကြသည်။

ဤသို့ ဤနှယ် ဖားဖမ်းထွက်ရင်း ဖူးစာဆုံရသဖြင့် သော်ဇီနှင့်အိအိနိုင်တို့အား ဖားစုံတွဲဟု ခေါ်ကြ၏။

ပိုင်စိုးတို့ဇာတ်လမ်းကတော့ တစ်မျိုး။ ထိုခေတ်ထိုအခါကပင် ကိုယ်ပိုင်ကားနှင့်ကျောင်းတက်သော သက်မှူးခင်၏ကားနှင့် တိုက်မိမလို ဖြစ်ရာက အသည်းထိပြီး စွဲငြိသွားခဲ့ကြသည်။

ငှက်ပျောခွံတက်နင်းမိပြီး ကားရှေ့မှောက်ရက်လဲကျသဖြင့် အဆီတစ်ထပ် အသားတစ်ထပ်ဖြစ်ခဲ့ရသော ဒူးခေါင်းတစ်ခုအကြောင်း





ပြုပြီး ချစ်သူဘဝတက်လှမ်းခဲ့သည်မို့ သူတို့စုံတွဲကို ဒူးနာတဲ့ဖူးစာဟု အမည်ပေးခဲ့ကြသည်။

မိုးမြင့်စတိုရီကလည်း တစ်မျိုးတစ်ဘာသာ။ ကျောင်းဝင်းထဲ ရောက်မှ ဖိနပ်ပြတ်၍ အရှက်တကွဲဖြစ်နေရသည့် ကေသီနိုင်ကို အကူ အညီပေးခဲ့ရာမှ ဇာတ်လမ်းစခဲ့ကြတာ ဖြစ်၏။

စနေနံ့ဖိနပ်နှင့် စခဲ့ကြသဖြင့် စနေချစ်သူများဟု ကင်ပွန်းတပ်ခဲ့ကြသည်။ လင်းရောင်ကျတော့ တစ်မျိုး။ သူ့ဇာတ်လမ်းက ဆင်ဖမ်းရသလို ကျားဖမ်းရသလို ထိတ်လန့်သည်းဖိုဖြစ်ရပ်တစ်ခုအဖြစ် မှတ်တမ်း ဝင်ခဲ့သည်။

လင်းရောင်က စုထက်ကို ဘတ်(စ်)ကားပေါ်တွင် စတင်ဆုံခဲ့ခြင်းဖြစ်သည်။ ကားပေါ်တိုးဝှေ့တက်၍ နေရာယူပြီးချိန်တွင် သူ့ဘေးမှ မိန်းကလေးကို မြင်ဖူးသလိုရှိသဖြင့် ငေးကြည့်ရင်း စဉ်းစားနေမိသည်။

"လက်တို့တောင်းရရင် ရှက်စရာကောင်းတယ်နော်၊ လက်လွယ်ရင် ဆက်လွယ်လိုက် သံသရာပါအောင် အကြွေးမထားဘဲ ကားခလေးတွေ ပေးသွားကြ"

ရှိသဲ့သဲ့အပြောနှင့် ကားခတောင်းနေသော စပယ်ယာကြောင့် ဘန်းကိုင်ထားသော လက်ကိုလွှတ်၍ ပိုက်ဆံအနှိုက်တွင်မှ ကားဟာ အရှိတ်ဆောင့်အုပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်မှ လူများယိမ်းထိုးပြီး ရှေ့သို့ဒိုက်ဆင်းသွားကြသည့်အထဲ လင်းရောင်အဖြစ်က အဆိုးဆုံး။ လက်လွှတ်ထားသဖြင့် လုံးဝမထိန်းနိုင်ဘဲ ဘေးမှ မိန်းကလေးအပေါ် ပိကာ ပြုတ်ကျသွားသည်။

အမှတ်တမဲ့မို့ ကောင်မလေးကို မွှေးမွှေးပေးမိသလို ဖြစ်သွားသည့်အပြင် သူ့လက်ထဲမှ ထမင်းချိုင့်လည်း ပြုတ်ကျကာ ထမင်းဟင်းတွေ ပြန့်ကျဲသွားသည်။

အမှုကကြီးလှသည်မို့ ပျာပျာသလဲ တောင်းပန်ရသည်။

"ဆောရီးနော်. ခွင့်လွှတ်ပါဗျာ၊ အနူးအညွတ်တောင်းပန်ပါတယ် ကားခနိုက်နေတုန်း ဘရိတ်ဆောင့်အုပ်လိုက်လို့ပါ"

တောင်းပန်ရင်း ထမင်းချိုင့်ကိုပါ ကောက်ယူ၍ ပြန်ဆင့်ပေးပြီး

"ဒီကကို ကျောင်းမှာမြင်ဖူးသလိုပဲ ကျောင်းသွားမှာမဟုတ်လား"

"ဟုတ် ဟုတ်ကဲ့"

"ဒါဆို နေ့လယ်စာကိုပါ ကျွန်တော် ဝယ်ကျွေးပါ့မယ်ဗျာ၊ ဆော ရီးနော်၊ ဖြစ်ခဲ့သမျှ ခွင့်လွှတ်ပါ"

ကောင်မလေးက အနမ်းခံလိုက်ရတာထက် ထမင်းချိုင့်ပြုတ်ကျသဖြင့် ကားပေါ်မှလူတွေ အကုန်ဝိုင်းကြည့်နေကြတာကို ပိုပြီးရှက်နေပုံရ၏။ အနမ်းခံရတာက သူနှင့်ကိုယ်နှစ်ဦးထဲသာ သိကြတာမဟုတ်လား။





ဘာစကားမှ ပြန်မပြောသဖြင့် လင်းရောင်လည်း အလိုက်သိစွာ နှုတ်ဆိတ်လိုက်ပါလာခဲ့သည်။ မာလာဆောင်မှတ်တိုင်တွင် အတူတူ ကားပေါ်မှဆင်းကြ၏။

လင်းရောင် ကောင်မလေးနောက် တကောက်ကောက်လိုက်သည်။ ကျောင်းဝင်းထဲရောက်တော့မှ

"အဟင်း ကျွန်တော် ဖစ်ဆစ်သဲ့ဒ်ရီးယားက လင်းရောင်ပါ ဒီကကော"

"ကျွန်မ အင်း ကျွန်မ သမိုင်းဖိုင်နယ်က စုထက်ပါ"

"ဩော် ဟုတ်ကဲ့ မစုထက် ဟိုလေ ကားပေါ်မှာ အတုပြုသလို"

"အို တော်ပါတော့ရှင် ဒါကို ထပ်ထပ်ပြီး ပြောမနေပါနဲ့တော့"

"ဟုတ်ကဲ့ ကောင်းပါပြီ မစုထက်၊ ကျွန်တော်ကျွေးမွေးပြုစုတာကိုတော့ လက်ခံပေးပါနော် မစုထက်၊ ဒါကိုတော့ လိုက်လျောပေးပါဗျာ"

စုထက်ဆိုသော ကောင်မလေးဆီမှ အဖြေမရ၊ အနမ်းခံလိုက်ရသော ပါးပြင်ကိုပွတ်ကာ အရှက်သည်းနေရှာသည်။

"နော် မစုထက် တောင်းပန်တာကို လက်ခံတဲ့အနေနဲ့ကော မိတ်ဖြစ်ဆွေဖြစ်သဘောအနေနဲ့ပါ ခွင့်ပြုပေးပါ"

"ရပါတယ်ရှင် ဒီလောက်ထိ မလိုပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ မဟုတ်တာဗျာ ကျောင်းက ညနေထိတက်ရမှာ မစုထက် ဆာနေမှာပေါ့"

"ရပါတယ်"

"အဲလိုမလုပ်ပါနဲ့ဗျာ ကျွန်တော့်ကြောင့် ထမင်းဟင်းတွေမှောက်ကုန်ပြီမဟုတ်လား။ ကင်တင်းမှာ တစ်ခုခုစားပြီးမှ အတန်းတက်ကြတာပေါ့ လာပါဗျာ လာပါ"

လင်းရောင်က ဆွဲတော့လွဲတော့မလို အတင်းလုပ်ဖို့ဟန်ပြင်လိုက်တော့မှ ရှက်တတ်သော စုထက် လှုပ်လာသည်။

"ကဲ ကဲ လိုက်ခဲ့ပါမယ်ရှင် ရုပ်ပျက်ဆင်းပျက်တော့ မလုပ်ပါနဲ့"

ဤသို့နှင့် ဝိဇ္ဇာကင်တင်းတွင် လင်းရောင်နှင့်စုထက်တို့ ထိုင်မြိမ်ကြ၏။ ကျောင်းတက်လာသည့်ကာလတစ်လျှောက်လုံး ကောင်မလေးတစ်ယောက်နှင့်အတူ စားသောက်ဆိုင်ထိုင်ခွင့်ရခြင်းမှာ လင်းရောင်အတွက်တော့ ဒါ ပထမဆုံးဖြစ်သည်။

"ဘာစားမလဲဟင် မစုထက်၊ မြန်မာထမင်းပဲလား၊ တရုတ်စာစားမလား"

"မြန်မာထမင်းပဲမှာပါ ရပါတယ်"

"တရုတ်အမဲ စားလား"

"ရတယ် ဘာမှမရှောင်ဘူး"





"ဟော့ ဒီကို ငါးရံ့အူနဲ့တစ်ပွဲ၊ ဝက်နဲ့တစ်ပွဲ"

ဘာစားမလဲမေးပြီး ထမင်းမှာပြီးသောအခါ ပြောစရာစကားကုန်သွားသည်။ စုထက်က ခေါင်းကိုတွင်တွင်ငုံ့ထားသည်။ လင်းရောင်မှာလည်း ပြောစရာစကားကို လိုက်ဘရီထဲ ဝင်ရှာရမလို ဖြစ်နေ၏။ အတော်ကြာ တိတ်ဆိတ်နေပြီးမှ

"ကျွန်တော်တို့ တစ်ကျောင်းထဲတက်ပြီး တစ်ခါမှ သိသိသာသာ မဆုံဖြစ်ကြဘူးနော်၊ မြင်ဖူးတယ်ဆိုရုံလောက်ပဲ"

"ဟုတ်ကဲ့"

"မစုထက် ဘယ်မှာနေလဲ"

"မင်္ဂလာဒုံမှာပါ"

"ကျွန်တော်က အင်းဝဆောင်ကပါ၊ နယ်ကပိုက်ဆံလွှဲလိုက်လို့ သွားယူတာပါ"

အရည်မရ အဖတ်မရ စကားများပင် ဖောဖောသီသီ မပြောနိုင်ကြဘဲ ပြောစရာစကားထပ်စဉ်းစားစဉ် ထမင်းဟင်းများရောက်လာသဖြင့် လက်ဆုံစားခဲ့ကြ၏။ မနက်ဆယ်နာရီတောင် မထိုးတတ်သေးတော့ ထမင်းစားရတာ နည်းနည်းစောနေသည်။

ဘာသားမှ မရှောင်သော စုထက် ပန်းကန်ထဲ ဝက်သားချောင်းရုံ့အူပါ ခပ်ထည့်ပေးခဲ့၏။ တစ်မိမ်းယောက်ျားသားတစ်ယောက်ရှေ့တွင်



www.burmeseclassic.com

www.burmeseclassic.com



စုထက် မဝံ့မရဲသာ စားနေရှာသည်။

လင်းရောင်က ချဉ်ပေါင်ချဉ်ရည်ပန်းကန်နှင့် အတို့အမြှုပ်ပန်းကန်ကို စုထက်ရှေ့သို့ တိုးပေး၏။ စုထက်က လက်ကာပြရင်း

"အသားမရှောင်ပေမယ့် ချဉ်ပေါင်ချဉ်ရည်နဲ့ ငါးပိရည်ကိုတော့ ရှောင်တယ်၊ ဘယ်လိုမှ စားလို့မရဘူး အနံ့တောင် မခံနိုင်လို့ပါ"

"ဟာ ဟုတ်လား၊ ဆောရီးနော်"

စုထက် မကြိုက်တာတွေ ပြန်ဆွဲယူရင်း ချဉ်ရည်ဟင်း ရွှဲရွှဲဆမ်း ငါးပိရည်တစ်ဇွန်းထည့်ပြီး အားပါးတရ နယ်ဖတ်စားပစ်လိုက်၏။ လင်းရောင်က ဘာစားစား ချဉ်ငန်စပ်လေးမှ ခံတွင်းတွေ့သည်။ သူ စားနေပုံကို စုထက် တအံ့တသြ ငေးကြည့်နေသဖြင့် လင်းရောင် နည်းနည်းရှက်သွားသည်။

"အဟင်း ကျွန်တော်က အဲသလို အားပါးတရ နယ်ဖတ်ပြီး စားရတာကို အကျင့်ပါနေတာလေ ဒါနဲ့ ရွှေချဉ်ပေါင်လက်ကြား ကြက်သားနဲ့မလဲပေါင်ဆိုတဲ့စကားရှိတယ်လေ၊ ပြီးတော့ မိန်းကလေးအများစုက ချဉ်ရည်ဟင်းဆို သိပ်ကြိုက်ကြတာ"

"ဟုတ်မှာပါ ကျွန်မကတော့ မကြိုက်ဘူး၊ ဘာအချဉ်မှ မစားဘူး"

"ထမင်းစားရတာ ခြောက်ကပ်ကပ်ကြီးဖြစ်နေတော့မှာပေါ့ ဟော့





ဒီကို စပါကလင်တစ်လုံး"

မှောချလို့ရအောင် စုထက်အတွက် အအေးတစ်ပုလင်း မှာပေးလိုက်၏။ ဇွန်းခက်ရင်းသုံး၍ သေသေသပ်သပ် ထမင်းစားကာ အအေးကို လှလှပပ သောက်တတ်သော စုထက်အလှက လင်းရောင် မျက်စိထဲမှာ အစပ်တည့်သွားသည်။

အချိန်စောနေသော်လည်း အဓိက ဟင်းပွဲ စုထက်ကြောင့် လင်းရောင် ထမင်းမြိန်ခဲ့၏။ စားပြီးသည်နှင့် စုထက်က ထဖို့ဟန်ပြင်သည်။

"ထမင်းကျွေးတဲ့အတွက် ကျေးဇူးပါပဲ ကိုလင်းရောင်၊ အတန်းအစ်ချိန်လွတ်သွားပြီ ကျွန်မကို ခွင့်ပြုပါဦး"

"ဪ ဟုတ်ကဲ့ နောက်တွေ့လည်း ခေါ်မယ်နော်"

လင်းရောင်၏ သွေးတိုးစမ်းစကားကို စုထက်က ပြုံး၍ ခေါင်းညိတ်တုန့်ပြန်သည်။ ပြီးတော့ လွယ်အိတ်နှင့်ချိုင့်ကို ဆွဲလျက် လှပစွာ ထွက်ခွာသွား၏။ ဒုတိယမြောက်ခြေလှမ်း စခါစမှာပင်

"မစုထက် အမြဲတမ်း ပရိုမီနာပဲ လိမ်းသလားဟင်"

"ရှင်"

"ဪ မွှေးလွန်းလို့ပါ"

"အို"



www.burmeseclassic.com

www.burmeseclassic.com



လှပသော မိန်းကလေးတစ်ယောက် ရုက်သွားသောအခါ ပိုမို လှပသွားတတ်ကြောင်း လင်းရောင် ကောင်းကောင်း သိလိုက်ရ၏။ ဤသို့ ဤနယ် အစပြုခဲ့သော လင်းရောင်၏ချစ်ပုံပြင်မှာ အားလုံးအတွက် အားကျစရာ ဖြစ်လေသည်။

■ ■ ■

ဘော်ဒါအရင်းခေါက်ခေါက်တို့၏ လက်ဖက်ရည်ဆိုင် အင်တာ ဗျူးတွင် လင်းရောင်က တီဗီစတားဖြစ်နေသည်။

"နယ်ကပို့လိုက်တဲ့ ပိုက်ဆံသွားယူပြီးအပြန်မှာ အပျို့ပါးကို အာဝါးပေးခဲ့ရတယ်ဆိုတော့ မင်းက ကံထူးရှင်ပဲ"

"ဟုတ်တယ် မင်း အဲဒီဘတ်(စ်)ကားကို မှတ်ထားလိုက်ရမှာ"

"ဘာလုပ်ဖို့လဲ"

"အဲဒီကားကြောင့် မင်းလိုကောင်မျိုး မတန်မရာနဲ့ အပျိုစင် တစ်ယောက်ရဲ့ပါးကို ချေးဦးဖောက်ခွင့်ရတာလေ၊ လမ်းမှာတွေ့တိုင်း အဲဒီကားကို ဦးခိုက်ရမှာပေါ့"

"ဟား ဟား ဟား ဟား"

မနာလို တိုရှည်ဖြစ်နေကြသော သော်ဒီနှင့်ပိုင်စိုးက အမနာ စကားဆိုကြ၏။ ဘာပဲပြောပြော အသီးသီး ရည်းစားရသွားကြသော စာသင်နှစ်များက ပျော်စရာကာလများ ဖြစ်ခဲ့ကြသည်။





"ခုတော့လည်း စုထက်ပါးက ပရိမ်နာဆိုတာ ငါနဲ့ငယ်ပေါင်း ကြီးဖော်လို ဖြစ်နေကြပါပြီကွာ"

"အမလေးကွာ အလျှို့ရှင်မှန်းသိအောင် ချောတိုင်တက်ပြ နေလိုက်တာများ"

မိုးမြင့် စကားမှားနေ၍ လင်းရောင်က ပြန်ပြင်ပေး၏။

"ချောတိုင် မဟုတ်ဘူးလေ မိုးမြင့်ရဲ့ မလျှော်တိုင် မလျှော်တိုင်"

"မင်းအတွက်တော့ ချောတိုင်ပဲ၊ ကြည့်နေ ဘယ်တော့မှ ထိပ် [illegible]ရောက်မှာမဟုတ်ဘူး။ ပြန်လျှောကျလာမှာ"

"ဟား ဟား ဟား ဟား"

မိုးမြင့်စကားက သူတို့အတွက် နိမိတ်ဖတ်စကားဖြစ်ခဲ့သည်။ [illegible]ရှိုင်းသောချစ်ခြင်းလည်းမပါ၊ ပြင်းပြစူးရှသော တွယ်တာတပ်မက်မှု [illegible]ညီမရှိဘဲ လက်တည့်စမ်းလိုသောသဘောနှင့် ဆုံတွေ့ခဲ့ကြသည် မဟုတ် [illegible]

ဝေသီမှုန်ဝါးသော ဘဝ၏ရွှေ့လျားရာ လမ်းတစ်လျှောက်တွင် [illegible]တို့အုပ်စု၏ချစ်သူများသည် အချစ်အား မြူမှုန်တစ်စမျှ အရေးထားခဲ့ [illegible]သင်သည်။ တစ်လ နှစ်လတန်တော့ အပြစ်မရှိ အပြစ်ရှာကာ [illegible]သို့နေရင်း ပြတ်ထွက်ကုန်၏။

ဖားစုံတွဲက ဘောကြောင့်ကွဲသည်။ ချစ်သူတို့တာဝ ဆိုင်းတွေကြ



www.burmeseclassic.com

www.burmeseclassic.com



ရာတွင် ဘောဝါသနာအိုး သော်ဒီမှာ ဘောကိုကိုင်ပြီး အိပ်ရာထဲနောက်ကျ သဖြင့် အမြဲလိုအချိန်မီ ရောက်မသွားတာက များ၏။

အဲအဲနိုင်မှာ ချိန်းဆိုရာနေရာတွင် တစ်ယောက်ထဲ ကြောင်တက်တက်နှင့် တစ်နာရီ တစ်နာရီခွဲခန့် စောင့်နေရလေ့ရှိသည်။ ကြာတော့ သည်းမခံနိုင်တော့။ ချိန်းတွေ့သည့်တစ်ရက်ဆုံကြစဉ် ပေါက်ကွဲတော့ သည်။

“ကိုဒီ မကောင်းဘူးကွာ ဘောပွဲရှိတဲ့နေ့ဆိုရင် ကိုဒီ အမြဲတမ်း ပျောက်နေတယ်”

“ဗုဒ္ဓေါ”

“နိုင် သိပါတယ် ကိုဒီဘဝမှာ နိုင့်ထက် ပိုအလေးထားတာ ဘောလုံးပွဲပဲမဟုတ်လား။ ဘောလုံးပွဲက ပထမ နိုင်က ဒုတိယဖြစ်နေပြီ”

ချစ်သူ၏မကျေမချမ်း စကားကို သော်ဒီက ဟာသဖြင့် ဖြေလျှော့ ပေးလိုက်မိသည်။ ဒါကိုက မှားသွားတာပဲ ဖြစ်၏။

“နိုင် ပြောတာ မှားနေပြီ”

“မှားနေပြီ ဟုတ်လား၊ နိုင်နဲ့ဘောလုံး ဘယ်ဟာက အရင်လဲ”

“ဘောလုံးပြီးရင်တောင် နိုင် မလာသေးဘူး၊ ကြားမှာတစ်ခု ရှိသေးတယ်”

“ဟင် ဘာရယ် ကြားမှာရှိသေးတယ်”





“ဟုတ်တယ်လေ ဘောလုံးပွဲပြီးရင် ဘော်လီဘောကျန်သေး တယ်၊ ပြီးမှ နိုင်”

“ဘာ”

ချစ်သူ ဒီလောက်ထိ ဒေါပွသွားလိမ့်မည်ဟု ထင်မထားမိသော သော်ဒီမှာ ပြင်းထန်သည့် နိုင်၏လေသံကြောင့် ပြန်လည်ချော့မော့ရန် ကြိုးစားသော်လည်း မမီတော့ချေ။

“ကျေးဇူးပဲ ကိုသော်ဒီ၊ စောစောစီးစီး သိလိုက်ရတာ ကံ ကောင်းလို့ဆိုတဲ့သီချင်းလိုပဲ ရှင့်စိတ်ဓာတ်နဲ့အလေ့အကျင့်တွေက အိမ် ထောင်တစ်ခုအတွက် အနုတ်လက္ခဏာတွေချည်းပဲလေ၊ ဒါတွေသိရက်နဲ့ ရှေ့ဆက်မိရင် ကျွန်မလောက်မိုက်တဲ့သူ ရှိမှာမဟုတ်တော့ဘူး”

“ဟာ နိုင် အဲဒါ အလကားပြောတာ၊ ကိုဒီ နောက်တာ၊ နိုင် ဒေါပွနေလို့ စိတ်ကြည်သွားအောင် တမင်နောက်လိုက်တာပါ”

“ဘယ်လိုပဲပြောပြော ကျွန်မ ဆုံးဖြတ်ပြီးသွားပြီ၊ ရည်းစား ဘဝမှာတောင် ဘောကိုပဲ ဦးစားပေးနေရင် ရှင့်မယားဖြစ်သွားတဲ့အခါ ဘောလုံးပွဲမှာတောင် ဈေးရောင်းခိုင်းမလားမသိဘူး”

“အဲလောက်ထိ ရက်စက်ပါ့မလား နိုင်ရယ်”

“တော်ပြီ သော်ဒီ ဆောရီးပဲ၊ နောက်နေ့ကစပြီး ကျွန်မကို လာမတွေ့ပါနဲ့၊ ကျွန်မတို့ ပတ်သက်မှု ဒီမှာတင် အဆုံးသတ်သွားပြီ



www.burmeseclassic.com

www.burmeseclassic.com



ဒါပဲ''

ချစ်သူက ဒေါနှင့်မောနှင့်ကောပြီး ထွက်သွားသောအခါ သော်ဒီတစ်ယောက်ထဲ ကန်စပ်က အပင်ရင်းမှာ ဘောလုံးဂျာနယ်ကို ဖင်ခုထိုင်ရင်း ငိုင်တွေပြီးကျန်ခဲ့လေသည်။

ဒူးနှာတဲ့ဖူးစာဖက်များဖြစ်ကြသော ပိုင်စိုးနှင့်သက်မှူးခင်တို့ကတော့ ဘာများထူးသေးလို့လဲ။ သုံးနိုင်စွဲနိုင်သော ကြွယ်ဝသော သက်မှူးခင်၏ဦးဆောင်မှုနောက်ကိုသာ မျှောလိုက်လေ့ရှိသော ပိုင်စိုးကို ကြာကြာမဝါးဘဲနှင့် ခါးမှန်းသိသွားခဲ့၏။

ရုပ်ရှင်ပဲကြည့်ကြည့် စားသောက်ဆိုင်ပဲထိုင်ထိုင် ပိုက်ဆံထုတ်ဖို့ လက်နှေးတတ်သော ပိုင်စိုးကို မပိုင်စိုးလိုတော့ချေ။

နောက်ဆုံး ချိန်းတွေ့သည့်အခေါက်က မှားသွားသော စကားတစ်ခွန်းနှင့် လမ်းခွဲမှတ်တိုင် ရောက်သွားကြသည်။

''ကျောင်းပြီးရင် မောင် ဘာလုပ်မှာလဲဟင်''

''ဒီမှာ အလုပ်ဝင်ရင်တော့ ထမင်းအိုးကို အမြောက်နဲ့ပစ်သလိုဖြစ်တော့မှာလေ. သက်မှူးရဲ့. နိုင်ငံခြားမှာပဲ အလုပ်သွားလုပ်ချင်တယ်''

''အဆက်အသွယ်နဲ့ အရင်းအနှီးကော ရှိလို့လား''

''ဒါတော့ ကြိုးစားကြည့်ရမှာပေါ့ သက်မှူးရယ်''

သက်မှူးခင် စိတ်ရှုလသွားပုံနှင့်





''ကဲ မေးကြည့်ပါရစေ ဦးမောင်ရယ် သက်မှူးကို ဘာကြောင့်ချစ်တာလဲ''

''အချစ်မှာ အကြောင်းပြချက်လိုလို့လား''

''သက်မှူးရဲ့အင်မတန် လှပတဲ့မျက်နှာကိုလား၊ ဒါမှမဟုတ် မော်ဒယ်ဂဲလ်ရှုံးရလောက်တဲ့ သက်ရဲ့ခန္ဓာကိုယ်လား၊ ပြောကြည့်''

ကလေးကလားဆန်စွာ မေးနေသော သက်မှူးခင်ကိုကြည့်ရင်း ပိုင်စိုး ရယ်ချင်လာသည်။ သို့နှင့် ခပ်နောက်နောက် ပြန်ဖြေလိုက်၏။

''သက်မှူး စီးတဲ့ကားကို အကြိုက်ဆုံး''

''ဟင်''

ပိုင်စိုး အဖြေကြောင့် သက်မှူးခင် အံ့ဩသွားသည်။ ပြီးမှ ခပ်ပေါ့ပေါ့လေး ရယ်လိုက်၏။ ဘာကိုမှ အလေးအနက်မထားတတ်သော ပိုင်စိုးက ဒီကိစ္စ ဒီမျှနှင့်ပြီးသွားမည်ဟုသာ ထင်ထားခဲ့သည်။

သို့သော် နောက်ရက်များမှစပြီး သက်မှူးက ပိုင်စိုးအား အတွေ့မခံတော့ချေ။ ဖြေရှင်းခွင့်လည်းမရ၊ စုံစမ်းခွင့်လည်းမပေးနှင့် အနေဝေးပြီး လေဘေးနှင့်အချစ်တွေ လွင့်မျောပါသွားတော့သည်။

မိုးမြင့်တို့ အေးသီခိုင်တို့ စနေနံချစ်သူများကျတော့လည်း ထူးခြားနားပါပဲဟုသာ ပြောရပေမည်။ မိုးမြင့်က မျက်စိငတ်ကြီးကျသူဖြစ်၍ မျက်စိကို အစာကျွေးရာတွင် ပက်စက်သူတစ်ယောက်လည်း ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

အေးသီနိုင်နှင့်တွဲရုတ်သွားလာနေခိုက်မှာပင် ဖြတ်သွားဖြတ်လာ ကျွတ္ထိယတို့ကို အရှုပ်မပေးတမ်း အားပေးသူဖြစ်၏။

တစ်နေ့ ကန်စပ်က အမင်ဒီပ်မှာ နစ်ကိုယ်တူ ချစ်သမျှကို လုပ်ပြဆိုနေခိုက် ထူးခြားဖြစ်စဉ်တစ်ခုကို အတူတကွ လှမ်းမြင်ကြသည်။

"ဟာမဲ့ ကို ဟိုမှာကြည့်စမ်း၊ အမျိုးသမီးတစ်ယောက် အဝတ်အစားတွေချွတ်ပြနေပါလား၊ ဒုက္ခပါပဲ သူ ဘာလုပ်မလို့လဲ မသိဘူး"

"အင်း တုတ်တယ်နော်၊ ကိုယ်လည်း အဲဒါ စိတ်ဝင်စားလို့ ကြည့်နေတာ"

"အမယ် ကိုနော် အဝတ်အစားချွတ်တာ စိတ်ဝင်စားရလား ဟွန်း"

"ကြော် ဒုက္ခပါပဲ နိုင်ရယ်၊ ဒီနေရာမှာ ရေမကူးရဘူးဆိုတာ ဒီအမျိုးသမီး မသိဘူးနဲ့တူတယ်၊ အဲဒါကို ကိုယ်က စိုးရိမ်လို့ကြည့်နေတာ"

"ဟွန်း စိုးရိမ်တဲ့မျက်လုံးကြီးကလည်း အရောင်ကိုလဲ့လို့"

"အဟဲ ကန်ရေက ရောင်ပြန်ဟပ်လို့ပါ နိုင်ရယ်၊ မဖြစ်ခဲ့ပါ ဘူး၊ ဒီနေရာမှာ ရေကူးလို့မရဘူးဆိုတာ အမြန်သွားပြောဦးမှ"

အေးသီနိုင်ကို ထားခဲ့ပြီး မိုးမြင့် အဝတ်အစားများချွတ်နေသော အမျိုးသမီးထံ ပြေးသွား၏။





"ဟေ့ ဟေ့ အမျိုးသမီး ဒီနေရာမှာ ရေမကူးရဘူးဗျ"

"ဟင် ဒါဆို ရှင် စောစောကတည်းက ပြောပါလား၊ ကျွန်မ အဝတ်အစားတွေ မချွတ်ခင် ဘာလို့ သတိမပေးတာလဲ"

"အိုး ခက်လိုက်တာဗျာ ရေမကူးရဘူးလို့ပဲ တားမြစ်ထားတာ လေ အဝတ်အစားမချွတ်ရလို့ တားမြစ်ထားတာမှ မဟုတ်ဘဲ၊ ဒါမျိုး ဘယ်ယောက်ျားမှ မတားချင်ဘူး"

"ဘာ နာဘူး ကဲဟယ်"

မိုးမြင့်အပြောကြောင့် အမျိုးသမီး ဒေါ်ပွပြီး လှမ်းရိုက်သည်။ ထိုအခါမှ မိုးမြင့်နောက်ကြောင်းပြန်လှည့်လာသော်လည်း အေးသီနိုင် က မရှိတော့ချေ။ ထိုနေ့မှစပြီး အေးသီနိုင်က တစ်ဖက်သတ် အဆက် အသွယ်ဖြတ်သွား၍ မိုးမြင့်လည်း လက်ရှိမှ လက်မဲ့ဖြစ်သွားခဲ့သည်။

နောက်ပိုင်းကြားရသော သတင်းများအရ အေးသီနိုင်က သူ့ တွင် ညီမနှစ်ယောက်ရှိသဖြင့် မိုးမြင့်လို နာခေါင်းမီးတောက်သူနှင့် လက် တွဲရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်ဆိုတော့ မိုးမြင့် ရှိစုမဲ့စုသိက္ခာ ပျောက်ရှ သွားခဲ့ရတာပဲ အဖက်တင်ခဲ့သည်။

လင်းရောင်နှင့်စုထက် ချစ်သူနှစ်ဦး၏ လမ်းခွဲမှုကိုလည်းကြည့်၊ ဆိုနေက မိုးများသည်းထန်စွာ ရွာသည်။ စိမ်းညို့ထူထပ်သည့် ရွက်ညှန့် ကြားမှ စီးကျလာသော မိုးရေစက်တို့အောက်တွင် လင်းရောင်နှင့်စု



www.burmeseclassic.com

www.burmeseclassic.com



ထက်ပါ ရွှဲရွှဲစို၏။

မိုးခိုစရာမရှိသော ကန့်ပတ်လမ်းအတိုင်း လျှောက်လာကြသည့်အခိုက်မို့ အပင်ကြီးတစ်ပင်အောက်တွင်သာ ခိုနားခဲ့ကြရ၏။ မိုးကလည်းတိတ်နိုင်ဖွယ်မမြင်။ နောက်တစ်နေ့ ဆက်ရွာဖို့ပင် ချန်မထားဘဲ အားကုန်သွန်ချသလို ရွာနေခဲ့သည်။ ကြာတော့ ချစ်သူချမ်းလာ၏။ ခိုက်ခိုက်တုန်သော အသံနှင့်

"ကို ချမ်းတယ်ကွာ၊ အအေးမိပြီး ဖျားလိမ့်မယ် ပြန်ကြရအောင်"

"ဟုတ်ပြီလေ တက္ကစီတစ်စီးလောက် စောင့်လိုက် စို့"

လင်းရောင်က စုထက်ကို ထွေးဖက်ထားရာမှ ထုံးစံအတိုင်းနှုတ်ဆက်ရန် စုထက်၏လက်ဖမိုးလေးကို ဆွဲယူနမ်းရှိုက်လိုက်သည်။ စုထက်ကလည်း အားကျမခံ စိမ်းလန်းနုဖတ်သော ချစ်ခြင်းဖြင့် လင်းရောင်၏လက်အား ပြန်လည်နမ်းရှိုက်စဉ် ချစ်သူ၏မျက်နှာသည် သူတောင်းစားအကျီမှ အဝတ်စများ ဖွာလန်ကြဲကျသလို နွမ်းညှိုးသည့်အပြုံးများ အဖတ်လိုက် ကွာကျကုန်သည်။

စုထက်က သူ့လက်ကို ချက်ချင်းဆိုသလိုပင် ဆိုးဆိုးဆတ်ဆတ်ပုတ်ထုတ်လိုက်၏။

"နံလိုက်တာ ဟောင်နေတာပဲ"





ထိုအခိုက် အနားသို့ ထိုးရပ်လာသော အငှားယာဉ်ပေါ်သို့ကမန်းကတန်း ပြေးတက်သွားခြင်းဖြင့် မကျေနပ်မှုကို ဖော်ပြသွားခဲ့သည်။ ချစ်သူ ဘာကြောင့် စိတ်ဆိုးသွားရပါသနည်း။

လင်းရောင် စိုးရိမ်ကြောင့်ကြစွာ ကိုယ့်လက်ကိုယ် ကမန်းကတန်း ပြန်နမ်းမိသည်။ သွားပြီ အဆောင်မှာစားခဲ့သော ချဉ်ပေါင်ဟင်းနံ့က သူ့လက်မှာထောင်းထောင်းထနေဆဲ။

"ဟား သေစမ်းကွာ"

ချစ်သူက မကြိုက်ဟု အသေအချာပြောထားခဲ့သည့် ချဉ်ပေါင်ဟင်းတစ်ခွက်ကြောင့်ပင် လင်းရောင်နှင့်စုထက် အဆက်ပြတ်သွားခဲ့သည်။ ကမ္ဘာရေနံဈေးနှုန်း ညှိမရခြင်းထက် ချစ်သူသမီးရည်းစားဘဝတွင် ချဉ်ပေါင်ဟင်းတစ်ခွက်က ပိုအရေးကြီးကြောင်း သိခဲ့မှုကောင်းသည်ကို နောက်ကျစွာ မှတ်သားခဲ့ရသည်။

တိုက်ပွဲကျ သူငယ်ချင်းများ ဟတ်ထိသော ဒဏ်ရာကိုယ်စီနှင့် ကင်တင်းတွင် ခွေခေါက်နေကြစဉ် အတန်းဖော်သူငယ်ချင်းနှစ်ယောက် ညှိုးညှိုးငယ်ငယ်နှင့် ဝင်လာကြ၏။

ခေါကြီးနှင့် အုန်းလှိုင်တို့၏ ပုံပျက်ပန်းပျက် အမူအရာကြောင့် လင်းရောင်တို့တစ်သိုက် စိတ်ညစ်၍ ကမ်းနားဆင်းထိုင်နေခိုက် သပွတ်အူမျောလာတာ ကြုံရသလို ဖြစ်သွားခဲ့သည်။

www.burmeseclassic.com



"ဟော့ကောင်တွေ မင်းတို့ ဘာဖြစ်လာကြတာလဲ၊ ကျောင်းထုတ်ခံရလို့လား"

လင်းရောင်၏အမေးကို ခေါ်ကြီးက ပိုမွဲမျက်နှာပေးဖြင့် ဖြေ၏။

"ကျောင်းထုတ်ခံရရင် ဒီလိုနေမလားကွ ခုဟာက ဟီး"

အကျိုးအကြောင်းကို ယေဘုယျသလို ပြောပြသဖြင့် အားလုံး စိတ်ညစ်ညူးစွာ နားထောင်ကြရပြန်သည်။ ခေါ်ကြီး၏အဆိုအရ သူနှင့် သူ့ချစ်သူ ပထမဆုံးအကြိမ် ဆိတ်ငြိမ်အရပ်၌ ချိန်းတွေ့ခဲ့သည်ဆို၏။

နှင်းဆီပုံလို ဖူးအိနေသော ချစ်သူ၏နှုတ်ခမ်းအား နွေးထွေးသိပ်သည်းစေသည့် ခေါ်ကြီး၏ငေါ်ထွက်နေသော သွားများကြောင့် သူ့ချစ်သူ၏နှုတ်ခမ်း ဟက်တက်ကွဲသွားခဲ့ကြောင်း ပြန်ပြောပြသည်။

"သူက ဒေါ်ပွပွနဲ့ ရှင့်ပါးစပ်ဟာ ချစ်သူကို ယုယဖို့မကောင်းဘူး၊ အုန်းသီးခြစ်ဖို့ပဲ ကောင်းတယ် တော်ပြီ ပြန်မယ်ဆိုပြီး ထွက်သွားတော့တာကွ အဟီး ဟီး ချစ်သူလေးတစ်ယောက်တောင် အဖတ်တင်အောင် ထိန်းမထားနိုင်တဲ့ဘဝမို့ ငါ့သွားတွေ ကို ငါသိပ်စိတ်နာတယ် ဟီး ဟီး"

ခေါ်ကြီးအဖြစ်က ကိုယ်တွေ့ထက် ဆိုးနေသဖြင့် ဘယ်လိုနှစ်သိမ့်ပေးရမှန်းမသိအောင် ဖြစ်နေကြသည်။

အသက်ရှင်ရပ်တည်မှုအတွက် စားသောက်ကိုက်ဖြတ်ရန် သွား





များလိုအပ်သော်လည်း အချစ်၏သိမ်မွေ့နူးညံ့ခြင်းတွင် လိုသည်ထက်ပို၍ ခေါ်ထွက်နေသော သွားများကို အစောဦးပိုင်းက ရိုက်ချိုးပစ်ရန်လိုကြောင်း အစကတည်းက သိဖို့ကောင်းပါသည်။

ခေါ်ကြီး၏ရင်ဖွင့်မှုအပြီးမှာ အုန်းလှိုင်ကလည်း နှပ်ကလေးတရှုံ့ရှုံ့နှင့် စကားစပြန်၏။

"အုန်းလှိုင် အသည်းလည်း ဖျတ်ခနဲ ကွဲခဲ့ရတာပါပဲကွာ"

ဟု အစချီပြီး

"ငါနဲ့ နှင်းဆီလေး ရုပ်ရှင်ကြည့်ခဲ့ကြတယ်ကွ၊ ရုပ်ရှင်စပြီး သိပ်မကြာခင်မှာပဲ နှင်းဆီက ဗိုက်ဆာတယ်ပြောရော"

"ပြောတော့ မင်း ဘာဝယ်ကျွေးလိုက်လဲ"

"ဘာမှဝယ်မကျွေးဘူး၊ ငါတို့မှာထမင်းချိုင့်ပါတယ်လေ"

"ပါတော့"

"ရုံထဲမှာ သူ့ကိုငါ ထမင်းခွံ့ကျွေးတာပေါ့ကွ"

"အဲလို ကျွေးတော့"

"ကံဆိုးချင်တော့ ဟင်းက ငါးဟင်းကွ၊ အမှောင်ထဲမှာ မမြင်စမ်းနဲ့ ခွံ့ကျွေးရတော့ နှင်းဆီ ငါးရိုးစူးသွားရတာပေါ့ကွာ"

"အဲဒါ မင်းအပြစ်မှမဟုတ်ဘဲ၊ အရိုးများတဲ့ ငါးရဲ့အပြစ်"

သော်ဒီက ငါးကိုအပြစ်ပုံချပြီး အုန်းလှိုင်ကို နှစ်သိမ့်၏၊ ထိုအခါ



www.burmeseclassic.com

www.burmeseclassic.com



မှ အုန်းလှိုင် ငိုသံပါသွားခဲ့သည်။

"ငါ့အပြစ်က အဲဒီနောက်မှကွ နွင်းဆီအရိုးစူးပြီး မရှိမဆန့် ဖြစ်နေလို့ ငါလည်း ထုပ္ပြီး အရိုးကိုနှိုက်ထုတ်ဖို့ ကြိုးစားတာပေါ့ကွာ"

"အဲဒီမှာ ဘာဆက်ဖြစ်သလဲ"

"ငါ့လက်ညှိုးနဲ့ကလော်ထုတ်တာက ပါးစပ်မဟတ်တဲ့ နာခေါင်း ပေါက်ဖြစ်နေတော့ အသက်ရှူပါကြပ်ပြီး သတိလစ်သွားတာ"

အုန်းလှိုင်၏ရှင်းလင်းပွဲအပြီးမှာတော့ လင်းရောင်တို့ ဘယ်လို အကြွေးပေးရမှန်းမသိတော့။ မိုးမြင့်က စာနာစွာဖြင့်

"ဒါ စေတနာအမှားပဲကွာ၊ သူ သဘောပေါက်ရမှာပေါ့ ချစ်သူ ချင်းတွေပဲဟာ၊ ခွင့်လွှတ်သင့်ပါတယ်၊ မင်းကကော မတောင်းပန်ဘူးလား"

"သွားတောင်းပန်တော့မှ အပြတ်ပြောလွှတ်တာ၊ သူ အရမ်း ကြောက်နေတယ်ကွာ"

"ဘာဖြစ်လို့လဲ"

"လက်ထပ်ပြီးတဲ့အခါ အဲလို အပေါက်မှားမှာ ကြောက်လို့တဲ့"

"ဟော"

အားလုံးမှာ ပြောစရာစကား လုံးဝမရှိခဲ့ကြ။ မည်သို့ပင်ဖြစ်စေ တစ်ပြိုင်နက်ထဲလိုလို ရည်းစားရပြီး မရှေးမနှောင်းကာလတွင်ပင် ကွဲကြ ပြုကြဖြစ်ခဲ့ကြရသည်မို့ ကံတူအကျိုးပေး ဇာတာရှင်များဟုသာ မှတ်ယူ





ရတော့မည်ထင်သည်။

အဖြစ်အပျက် အားလုံးကို ခြုံငုံသုံးသပ်ပြီး နောက်တစ်ခါ ရည်းစားရခဲ့လျှင် အမှောင်ထဲ၌ ချစ်သူအား ငါးဟင်းမကျွေးမိရန် စိတ်ပိုင်း ဖြတ်ထားလိုက်ကြသည်။

အသားချည်းနှင့်စားရန်လိုအပ်သော ငါးများတွင် အရိုးကို ဘယ် သဘာဝတရားကတီထွင်ပြီး ထည့်လိုက်သည်မသိ။ အခုတော့ မလိုအပ်သော ထိုအရိုးတစ်မျှင်မှားယွင်းစွာ စိုက်ဝင်ခဲ့မှုကြောင့် အချစ် တစ်ခု သေဆုံးခဲ့ရပြီ။

ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များက အချစ်အတွက် ဤမျှ မောက်မာရင့်သီးရန်မလိုအပ်သော်လည်း လင်းရောင်တို့အားလုံး ချစ်သူ များနှင့်အဆက်ပြတ်ခဲ့ကြ၏။

သူတို့အုပ်စု၏ကျောင်းသားဘဝ တတိယနှစ်ကာလသည် လွမ်း မောခြင်းများကို မိတ္တူစက်များနှင့် လိုသလိုချဲ့ပြီး ပြီးဆုံးခဲ့ကြလေသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## ကျောင်းဆော် ပါဝေမြူတိုး

A 30

လင်းရောင်တို့ နောက်ဆုံးနှစ်တက်ရန် ကျောင်းများပြန်ဖွင့်သော အခါ သူငယ်ချင်းအချို့ ကျောင်းသို့ပြန်ရောက်မလာကြတော့ချေ။

ချစ်ရေးချစ်ရာတွင် သေချာရေရာသော ချစ်သူစုံတွဲများမှာ အိမ်ထောင်သည်ဘဝသို့ ကူးပြောင်းသွားခဲ့ကြသလို အချို့က အလုပ်ဝင် ပြီး စာပေးစာယူပြောင်း၍ ခရီးဆက်ကြ၏။

ကျောင်းဖွင့်စကာလများမို့ တက္ကသိုလ်သည် လူသူကျဲပါးလျက် ပျင်းရိဖွယ် ခြောက်ကပ်နေသည်။

လင်းရောင်တို့အုပ်စုမှာတော့ ကင်တင်းတွင် ကျောက်ချရင်း နှစ်သစ်အတွက် မဟာဗျူဟာ အခင်းအကျင်းသစ်များအား နှီးနှော ဖလှယ်လျက် ရှိကြသည်။

"ဂျပ်ဆင်ထိပ်က ခုန်ချပြီး သတ်သေပစ်လိုက်ဖို့ပဲကောင်းတော့





တယ်ကွာ"

နောက်ကျမှရောက်လာသော မိုးမြင့်က ဆိုင်ထဲဝင်လာပြီး ခရီး ရောက်မဆိုက်ဆိုသလို ညည်းတွားလိုက်သည်။

"ဘာဖြစ်လာတာလဲ မိုးမြင့်၊ ကျောင်းလခတွေ ခါးပိုက်နှိုက် ခံရလို့လား"

"အဲဒီလောက်နဲ့တော့ မျိုးကန်းအောင် ကြံစည်ပါ့မလား လင်း ရောင်ရာ"

"ဒါဆို ဘာဖြစ်သလဲ ရှင်းရှင်းပြော"

"ခေါကြီး ငါ့ဆီကို ဖိတ်စာ လာပို့သွားတယ်"

"ဟေ"

မိုးမြင့်၏စိတ်ပျက်လက်ပျက် အပြောကြောင့် အားလုံး အံ့ဩ သွားကြ၏။ မိုးမြင့် လွယ်အိတ်ထဲမှ နှိုက်ထုတ်ပေးသော ဖိတ်စာကို အလုအယက် လှမ်းယူဖတ်ကြည့်လိုက်ကြသည်။ သော်ဒီက သက်ပြင်း ချလိုက်ရင်း

"မေးစေ့နေမပူအောင် သွားနဲ့အဖိထုတ်ထားတဲ့ကောင်ကများ ကွာ"

"လူသတ်လက်နက်လို သူ့သွားတွေကြောင့် ရည်းစားနဲ့ကွဲခဲ့ တာ မမှတ်သေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



မချိုတင်ကဲ့ အပြောအဆိုများကို မခံစားနိုင်တော့သလို မိုးမြင့်က ဝင်ရှင်း၏။

"ငါ့ကို လက်ဖက်ရည်တိုက်နိုင်ပြီး ကြွားသွားလိုက်တာများကွာ မကြားဝံ့ မနာသာတွေချည်းပဲ"

"လုပ်စမ်းပါဦး မိုးမြင့်ရ၊ အကုသိုလ်ရှယ်ယာပါချင်လို့"

"ရည်းစားဆိုတာတဲ့ ဆိုင်က ငှားဖတ်ရတဲ့ အပျော်ဖတ်ဝတ္ထု တစ်အုပ်လိုပါပဲတဲ့၊ အမြတ်တနိုး စုဆောင်းရတဲ့အစားမဟုတ်လို့ စာအုပ်စင်ပေါ် ဘယ်တော့မှ ရောက်မလာနိုင်ဘူးတဲ့၊ မိန်းမကျတော့ အမြတ်တနိုး ပြန်လှန်ဖတ်ပြီး ကိုးကားရတဲ့အတွေးအမြင် ဒဿနစာအုပ်လိုပဲတဲ့"

"အောင်မာ သွားခေါကများ လူပါးဝလို့"

"ဒါကြောင့် သူ ဘယ်လိုပဲ ရည်းစားတွေထည်လဲ တွဲခဲ့တွဲခဲ့ အဲဒါက လေ့ကျင့်ရေးကွင်းဆင်းတဲ့ သဘောပါတဲ့၊ တစ်ဘဝစာအတွက် ဒဿနစာအုပ်နဲ့တူတဲ့ မယားသီကိုတော့ မိဘသဘောတူတဲ့သူကိုပဲ သရေ ဆောင်းပေးလိုက်တာတဲ့"

"ဟား ဘုရားပွဲဈေးတန်းက သုတောင်းစား"

"ရည်းစားလေးတစ်ယောက်လောက် ရခဲ့တာကိုများ ထည်လဲ တွဲခဲ့သလေး ဘာလေးနဲ့ မသိတာကျလို့"

"မိုးမြင့် မင်း ပြန်မဖွဲ့လိုက်ဘူးလား"





"နေမလားကွ ပိုင်စိုးရ၊ မင်းလိုကောင်ကို လက်ခံတယ်ဆိုမှတော့ ချိုကျိုးနားရွက်ပဲ့ပဲ ဖြစ်မှာပေါ့လို့"

"အဲဒီတော့"

"အံ့ဩစရာပဲ လင်းရောင်ရေ၊ သူနဲ့တွဲရိုက်ထားတဲ့ကောင်မလေး ပုံကိုပါ ထုတ်ပြတာ ကောင်မလေးက အတော်ချောတာကွ"

"အဲဒါဆို အ နေတာပဲ ဖြစ်မယ်ကွာ"

"အေးလေကွာ သွားခေါက အလဲထိုးသွားရတယ်လို့ သိကွာ ကျလိုက်တာ"

လင်းရောင်တို့အားလုံး ခေါကြီး၏မင်္ဂလာသတင်းကြောင့် ပျော်ရွှင်တက်ကြွမှုတွေ ပို့တက်ကုန်ကြ၏။ ပိုင်စိုးက နက်နက်နဲနဲ တွေးခေါ်ရင်း

"ဒီနှစ်က တို့အတွက် ဖိုင်နယ်ပဲ"

"နောက်ဆုံးနှစ်ဆိုမှတော့ ဖိုင်နယ်ပေါ့ကွ၊ ဒါများ ရှင်းပြနေသေးတယ်"

"မိုးမြင့် မင်းရဲ့တစ်ထွာတစ်မိုက်ဉာဏ်နဲ့ ဘလိုင်းကောမနေနဲ့၊ ဖိုင်နယ်ဆိုတာ စာသင်နှစ်ရဲ့အဆုံးသတ်ပိုင်းလို့ ပြောတာမဟုတ်ဘူး၊ သူတို့အတွက် မယားသီရှာဖို့ နောက်ဆုံးနှစ်လို့ ပြောတာ"

ပိုင်စိုးနှင့်မိုးမြင့်တို့၏ အချီအချ စကားကိုနားဆင်နေသော လင်းရောင်နှင့်သော်ဒီတို့ ဉာဏ်အလင်းပွင့်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဟုတ်တယ် ဟော့ကောင်တွေ အဲဒါ အဓိကဦးစားပေး အထူးစီမံကိန်းပဲ၊ နှစ်လည်မရောက်ခင် ရည်းစားရရှိရေး တို့အရေးပဲ"

အားလုံးသဘောတူကြကာ ဤကို ကျွဲဟုဖတ်ကြရန် သန္နိဋ္ဌာန်ချပြီးကာမှ မိုးမြင့်က ဇွဲဖောက်လာပြန်သည်။

"ခက်တယ်ကွာ မိဘတွေက ပညာရှာဖို့ အကုန်အကျခံပြီး တက္ကသိုလ်ကို လွှတ်လိုက်တာကွ၊ မင်းတို့တွေ တလွဲဆံပင်ကောင်းနေပြီ ဒီလိုသာ ကျွဲပါးစောင်းတီးဖြစ်နေရင် မိဘတွေရဲ့ချွေးနဲ့စာက သဲထဲရေသွန် ဖြစ်ကုန်လိမ့်မယ်၊ ပညာရှိသတိဖြစ်ခဲဆိုသလို လုပ်မနေကြနဲ့"

မင်သေသေ အိုက်တင်နှင့် လူကြီးသူထီး ပုံစံဖမ်းကာ မှာတမ်းချွေဆုံးမစကားမြွက်ကြားနေသော မိုးမြင့်အား မျက်စောင်းပိုင်းထိုးလိုက်ကြသည်။

"ဟော့ကောင် မိုးမြင့် ဒီဘာမင်ပါးစပ်က သူတော်စင်စကားထွက်လို့ နင့်ပါးစပ်ကို ဆားရည်နဲ့ပလုတ်ကျင်းပြီး စပရစ်နဲ့ဆေးလိုက်ဦး"

"ဟုတ်ပါ့ကွာ အိုင်ဒီယာ မမီမကမ်းနဲ့ အဲလီးဖင်(န်)ဟိုဒင်းတယ်ရီယာမျှော်သလို လာလုပ်နေတယ်"

"ဟုတ်တယ် မိုးမြင့် ပညာလို အိုသည်မရှိတဲ့၊ ကြားဖူးတယ် မဟုတ်လား"

သုံးယောက်ပေါင်း ဝိုင်းဖဲ့သော်လည်း မိုးမြင့်က မနိုတရိလေ





မြူးတ၏။

"အေးလေ အဲဒါကြောင့် မင်းတို့ကို မိုးရွာတုန်း ရေခံဆိုသလို ငယ်စဉ်အခါ ပညာရှာဖို့ မိုးလွန်မှ ထွန်ချသလိုဖြစ်မှာစိုးလို့ ဆုံးမနေရတာ"

အမြင်ကပ်လာသည်နှင့် မိုးမြင့် စကားမဆုံးမီ လင်းရောင်က ကြားဖြတ်ဝင်ပြောသည်။

"ငါတို့ပြောတဲ့ ပညာလို အိုသည်မရှိဆိုတာက ပညာကို အိုမင်းရွတ်တွဘဝကျမှ ရှာမယ်ဆိုရင် ရနိုင်ပေမယ့် မိန်းမကျတော့ ငယ်ရွယ်စဉ်ကပဲ ရှာမှဖြစ်မယ်လို့ ပြောတာ ရှင်းလား"

"ဝါး ဟား ဟား ဟား"

ထိုနေ့က လက်ဖက်ရည်ဆိုင်ထိုင်ရင်း ရှေ့လုပ်ငန်းစဉ်များကို ချတ်ကြရာ ယခုနှစ် ကျင်းပမည့် မောင်မယ်သစ်လွင်ကြိုဆိုပွဲမှအစ နယ်ညာအသင်း ဖျော်ဖြေပွဲအလယ် အသင်းအပင်းပေါင်းစုံ ဝင်ကြရေး ဆုံး အလုံးစုံ ပွဲကြမ်း၍ ပတ်ရမ်းရန် ဆုံးဖြတ်ချက်ချခဲ့ကြလေသည်။

■ ■ ■

တိကျသော ရည်မှန်းချက် ပြတ်သားသော ဆုံးဖြတ်ချက်များ ၍ လင်းရောင်တို့အုပ်စုမှာ ရှာဖွေလေတွေ့ရှိလေ ဖြစ်လာခဲ့သည်။ ောင်းဖွင့်စ ကနဦးရက်များတွင် အတန်းတိုင်း လူစုံတက်စုံ မရှိသေး ည်ကို အခွင့်ကောင်းယူကာ တစ်တန်းဝင် တစ်တန်းထွက်နှင့် ဆရာ

www.burmeseclassic.com



ယောင်ဆောင်ကာ ကောင်မလေးများ၏အမည်စာရင်းကို စုဆောင်းခဲ့ကြသည်။

ဒီနေ့အလှည့်ကျသော သော်ဒီက ငှားဝတ်လာသည့်တိုက်ပုံ နီနှစ်ရောင်နှင့်ခန့်ထည်သားနားနေ၏။ ဆရာယောင်ဆောင်ထားသည့် ကျောင်းသားကြီးသော်ဒီ နောက်မှ လင်းရောင်တို့အုပ်စု ရိုကျိုးသော အမူအရာများဖြင့် လိုက်ပါလာခဲ့သည်။

သူငယ်ချင်းအားလုံး စာသင်ချိန်တစ်ချိန် အလွတ်ခံ၍ အခြား စာသင်ခန်းတစ်ခန်းဆီသို့ တစ်စုတစ်စည်းတည်း ချီတက်လာခဲ့ကြ၏။

အတန်းထဲသို့ ဝင်လျှင်ဝင်ခြင်း သော်ဒီက ဆရာများစာသင်ရာ စတိတ်ခုံပေါ်သို့ ခပ်တည်တည်ဖြင့် တက်ရင်း အတန်းခေါ်အချိန်ဇယား ကိုကြည့်ပြီး နာမည်ခေါ်လိုက်သည်။

"မောင်မိုးမြင့်"

"ရှိ ခမြ"

"မောင်လင်းရောင်"

"ရှိ မှ ရှိ"

ဆရာကောင် သော်ဒီက မျက်မှန်ပေါ်မှ ကျော်ပြီး ကျောင်းသား များကို ဘုရှုံး ရှုံးလိုက်သေး၏။

"ကျောင်းသားတွေ မင်းတို့က မကြာခင် လူကြီးလူကောင်





အဖြစ်နဲ့ ဘွဲ့တစ်ခုကို ပိုင်ပိုင်နိုင်နိုင် ယူရတော့မယ့်သူတွေ၊ ဒီတော့ တည်တည်တန့်တန့်နဲ့ ကောင်းကောင်းမွန်မွန် တလေးတစား ထူးကြပါ၊ သဘောပေါက်တယ်နော်"

လင်းရောင်တို့အုပ်စု ဦးဆောင်၍ တလေးတစား အဖြေပေး လိုက်ကြ၏။

"သဘောပေါက်ပါတယ် ဆရာ"

"ကောင်းတယ် နာမည်ဆက်ခေါ်မယ်"

"မောင်ပိုင်စိုး"

"ရှိ"

"မောင်ကိုး"

"ရှိ(စ်)"

"မောင်မြင့်ဝင်း"

"ချိပါတယ် ခညာ"

သော်ဒီက သူငယ်ချင်းများ၏နာမည်နှင့် ကျောင်းသားစာရင်း မှနာမည်များကိုရောလျက် ဆက်တိုက်ခေါ်လိုက်၏။ ပြီးမှ ကျောင်းသူ အုပ်စုကို တစ်ချက်အကဲခတ်ရင်း

"မကာလျာ"

"ရှိပါတယ် ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"မ အမရာ"

"ရှိ"

"မ မဒီ"

"ရှိ"

"မ မာရီယာ"

"ဘူ"

မာရီယာ မထူးမိ မိုးမြင့် ထအော်လိုက်သောကြောင့် တစ်ခန်းလုံး ပွဲကျသွား၏။ မာရီယာက မိုးမြင့်ကို စူးစူးဝါးဝါး စိုက်ကြည့်ရင်း ကျိန်ဆဲနေမည်မှာ သေချာသည်။ အားလုံးကို နာမည်ခေါ်ပြီးသောအခါ သူတို့ပစ်မှတ်များ၏ အမည်နာမများကို အလွတ်ရသွားသဖြင့် ရည်မှန်းချက် ထမြောက်အောင်မြင်သည်ဟုသာ ဆိုရမည်။

သော်ဒီက အားမရဲသေးဘဲ ဆက်ပြီး အရစ်ရှည်ကာ ပညာပြနေ၏။

"ကဲ ဒီနေ့တော့ မင်းတို့ကို ဆရာစာမသင်ခင် ဉာဏ်စမ်းမေးခွန်းလေးတွေ မေးကြည့်ချင်တယ်၊ မမာရီယာ ဖြေကြည့်ပါဦး"

သော်ဒီ၏လေသံကြားရုံနှင့် ဓပါက်ကရတွေ မေးပြီး ပြဿနာရှာတော့မည်ဆိုတာ သိလိုက်ကြပြီး သူတို့အုပ်စု ပါးစပ်ပိတ်ထားသည်ကြားမှ တခွိခွိဖြစ်နေကြ၏။ မာရီယာတစ်ယောက် တုန်တုန်ယင်ယင်နှင့်





ထရပ်လိုက်ရင်း

"ဟုတ်"

"အဟမ်း အမျိုးသမီးတွေရဲ့ကောင်းခြင်းအင်္ဂါ ကိုးပါးမှာ ဆံပင်ပါတယ်နော်၊ အဲဒီဆံပင်ဟာ ဘယ်နေရာမှာ အကောက်ဆုံးလဲ"

"ရှန် ကျ ကျွန်မ မသိပါဘူးရှန့် အဲလေ ရှင့်"

မဖြေရဲ မဖြေနိုင်ဖြစ်နေသော မာရီယာကိုကြည့်ပြီး လင်းရောင်တို့အုပ်စု ပါးစပ်စေ့ထား၍မရလောက်အောင် ဖြစ်နေကြ၏။ သို့နှင့် ပိုင်စိုးက လက်ညှိုးထောင်ပြလိုက်ရင်း

"အာဖရိကမှာပါ ဆရာ"

"ဒါဆိုရင်တော့ မှန်ပါတယ်၊ ကဲ နောက်တစ်ခု မေးမယ်၊ မနွေးနွေး ဖြေကြည့်ပါ၊ ဟာသဆိုတဲ့ စကားလုံးရဲ့အနက်အဓိပ္ပာယ်"

"အဲ ကျွန်မ ကောင်းကောင်းမသိပါဘူး ဆရာ"

ထိုအခါ လင်းရောင်က ထရပ်လိုက်ပြီး

"ကျွန်တော် အနီးစပ်ဆုံး ဖြေကြည့်မယ် ဆရာ၊ ဟာသဆိုတဲ့ အနက်အဓိပ္ပာယ်ဟာ အတွင်းခံဘောင်းဘီနဲ့တူပါတယ်၊ တိုပေမယ့် ပေါ်သွင်တယ်၊ ပြီးတော့ ဖောက်ထွင်းပြီး မြင်နိုင်ပါတယ်ခင်ဗျာ"

လင်းရောင်၏အဖြေကို အားလုံးသဘောကျသွားသည်။

"ပိုင်တယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"မုန့်ပါတယ် အဲဒီအတွက် မဖြေနိုင်တဲ့သူတွေက ဖြေနိုင်တဲ့ လူတွေကို ထပြီး လက်ဆွဲနှုတ်ဆက်လိုက်ပါ"

မာရီယာနှင့် မနွေးနွေး မကျေနပ်ကြသော်လည်း ဆရာဖြစ်သူ လုပ်နိုင်းသည့်အတွက် မအီမလည်နှင့်လက်ဆွဲနှုတ်ဆက်ရကြသည်။ ပိုင်စိုးက မာရီယာ့ကို နှုတ်ဆက်ခွင့်ရသလို လင်းရောင်က မနွေးနွေးလက်ကို ကိုင်ခွင့်ရသွား၏။ ဆရာကောင် သော်ဒီကို လက်ဖက်ရည်တိုက်ရဦးတော့မည်။

ထိုအခိုက်မှာပင် အတန်းပြဆရာ အစစ်ဝင်လာသဖြင့် ဆရာကောင်သော်ဒီနှင့် အပေါင်းအပါများ ခါးကိုင်း ဦးညွှတ်လက်ပြရင်း လှစ်ခနဲ ထွက်ပြေးသည်။ ထိုသို့ ကျောချမှ ဓားပြမှန်းသိသွားကြသော မာရီယာတို့အုပ်စုမှာ

"ဟယ်တော့ သူ သူတို့က ဆရာမဟုတ်ဘူး"

"ကြည့်စမ်း သေနာတွေ ပေါက်တတ်ကရ မေးခွန်းတွေမေးပြီး ငါတို့လက်ကို ညာကိုင်သွားတာကိုး"

မည်သို့ပင်ဖြစ်စေ ထူးထူးခြားခြား မိတ်ဆက်သွားသော ကောင်လေးတစ်သိုက်ကြောင့် ကောင်မလေးတစ်သိုက်၏ရင်ဘတ်ပျိုးခင်းတွင် သံယောဇဉ်မျိုးစေ့ကို ပျိုးကြဲပြီးသားတော့ ဖြစ်သွားခဲ့သည်။

ထိုသို့ဖြစ်ပျက်သွားပြီးသည့်နောက်ပိုင်း ထိုကောင်မလေးများ





နောက်သို့ စုံထောက်များကဲ့သို့ နောက်ယောင်ခံလိုက်ကြသည်။ ကံအားလျော်စွာပင် အင်းလျားဆောင်မှ အဆောင်သူက အများစုဖြစ်နေတာကို ဝမ်းသာအားရ သိခဲ့ကြ၏။

အခုအချိန်ထိ ဘာတစ်ခုမှ ရေရေရာရာ မရှိသေးသော်လည်း စိတ်ဓာတ်တက်ကြွနေကြ၏။ သူတို့အားလုံး အရေးပေါ်စီမံကိန်းတစ်ခု ရေးဆွဲကာ အင်းလျားဆောင်ရှေ့သွားပြီး အဆောင်သူလေးများကို သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ဖို့ စိုင်းပြင်းကြသည်။

ဒါကလည်း ကြည့်လို့ပြီး အသီးကလေးများ ခုနထနေသော စပတ်ကာလင်တစ်ပုလင်းကိုပင် ပိုက်နှစ်ချောင်းတပ်၍ ချစ်သူနှင့်နှစ်ယောက်ထဲ အတူမသောက်ဘူးသေးသော အားလုံး၏ရင်တွင်းဆန္ဒကို အကောင်အထည်ဖော်မည့် ခြေလှမ်းသစ်သာ ဖြစ်၏။

တကယ်တမ်း ပြင်ဆင်ပြီး လက်တွေ့ကွင်းဆင်းကြည့်သောအခါမှ ကိုယ်လိုလူစားတွေ အများကြီးဆိုတာ မျက်မြင်ဒိဋ္ဌတွေ့လိုက်ကြရသည်။

အင်းလျားဆောင်ရှေ့က ကာလသားအုပ်မှာ မြို့ပတ်ရထားစောင့်ကြသော ရုံးဆင်းချိန်လူအုပ်ကြီးလိုပင် အုံခဲ၍နေသည်။

"ဟား မလွယ်ပါလား လင်းရောင်၊ ကိုယ့်ထက် ဗီရိယကောင်းတဲ့ရောဂါသည်တွေက အများကြီး"

"အေးလေ လူတွေက တပွတ်ကြီး၊ ငါတို့တော်တော်စောင့်ရ



www.burmeseclassic.com

www.burmeseclassic.com



မယ်ထင်တယ်"

"ဘယ်ထွက်နိုင်မလဲ၊ ဒီလောက်တော့ ရင်းရမှာပေါ့"

"အတွေ့အကြုံရတာပေါ့ကွာ သူများတွေ ဘယ်လို ပိုးကြ ပန်းကြ ကြောင်ကြသလဲဆိုတာ မျက်မြင်လေ့လာရတာပေါ့"

ရှေ့မှ ကြိုရောက်၍တန်းစီထားကြသော အဖွဲ့များ၏ဖျော်ဖြေ တင်ဆက်မှုများကို လေ့လာနားထောင်ရင်း သည်းခံစောင့်ဆိုင်းကြရသည်။

အဖွဲ့တော်တော်များများကတော့ ဂစ်တာများ မယ်ဒလင်များ နှင့် မင်းအောင်လိုဟဲသူကဟဲ၊ အနိုင်လို ဟစ်သူကဟစ်၊ လွှမ်းမိုးလို အော်သူကအော်နှင့် တကယ့်ကို ပျော်စရာကြီးဖြစ်နေသည်။

"ကျော်တော့ လေ့သူကြီးပါကွယ်၊ ညားတော့လည်း လေ့ထိုး သားနဲ့ကွယ် မေရယ် မေရယ် ချစ်မိသမျှ လွှမ်းရပါပြီကွယ်"

မှောင်မှောင်မည်းမည်းထဲ ဖွဲနပဲနှင့်စောင့်ဆိုင်းနေကြသော သူများမှာလည်း မအားကြရ။ ဝိုင်းဝန်းကာ ပွဲတော်တည်နေကြသော ခြင်များကို မောင်းနှင်ရင်း တဖြတ်ဖြတ်ရိုက်နေကြရသည်။ မခံနိုင်တော့ သော သော်ဒီက

"ခြင်ကိုက်တယ်ကွာ ငါတော့ ပြန်ချင်ပြီ"

ဝေဒနာကို ကြေညာနေချင်သော မိုးမြင့်က

"မင်းပြန်ချင်ပြန် ငါတော့ မပြန်ဘူး၊ ငါတို့ ဒီနှစ်နောက်ဆုံးနှစ်





ဗွ ငါ့မှာရည်းစားဆိုလို့ ချိုလား ချဉ်လားတောင် သိတာမဟုတ်ဘူး"

"ရရင် လျက်ကြည့်ပေါ့၊ ငါထင်ပါတယ် ငံနံ့ကျိကျိလေးပဲနေ မှာ"

"ဝါး ဟား ဟား ဟား"

ထိုကဲ့သို့ ကာလသားများ တရှုန်းရှုန်းနှင့် ဗိုသံပေးနေသည့်အနိုက် အင်းလျားဆောင်မှ မမတို့မှာလည်း ရေမိုးချိုး သနပ်ခါးပါးကွက်ကြား လူး၍ အဆောင်ကော်ရစ်ဒါတစ်လျှောက်မှ ပြူတစ်ပြူတစ်နှင့် စောင့်ကာ အားပေးနားသောတ ဆင်နေကြ၏။

လှလုံးမြင်လိုက်ရသော ကျောင်းသားတစ်သိုက်မှာ ပိုမိုစိတ်ဆာ လာကြပြီး အားတက်သရော အော်ဟစ်သီဆိုကြသည်။

"အဆောင်သူ အဆောင်သူ xx အလွှမ်းပြေ xx အဆောင် သူ xx အလွှမ်းပြေ"

သို့နှင့် ခြင်စာကျွေးရင်း စောင့်ဆိုင်းခဲ့ကြ၍ လင်းရောင်တို့ အလှည့်ရောက်တော့ ညဆယ့်နှစ်နာရီရှိနေပြီ။ ကော်ရစ်ဒါတွင် လူရိပ် လူယောင်လျော့နည်းသွားသည်ဟုပင် ထင်မိ၏။ ပြီးတော့ ညဉ့်နက်လှပြီ ဖြစ်၍ အိပ်ချင်စိတ်ကလည်း ဖိစီးနေကြပြီဖြစ်သည်။

"သော်ဒီ အဆောင်သူတွေ အိပ်ငိုက်ကုန်ပြီထင်တယ်၊ သီချင်း မဆိုခင် ငါတို့ တစ်ခုခုတော့လုပ်ပြဦးမှ ဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ လင်းရောင် သူတို့လေးတွေ မြူးသွားအောင် ငါ ပြပြလိုက်မယ်၊ အဟမ်း အဟမ်း ခုချိန်ကစပြီး ကျွန်တော်တို့ ဟာမိုနီ အဖွဲ့မှ အစီအစဉ်တစ်အရ နောက်ခံတေးဂီတဖြင့် မိုးမြင့်က ကင်းမြီး ကောက်ထောင်ပြပါလိမ့်မယ် ခင်ဗျာ"

သော်ဒီ၏အောင်မြင်ထည်ဝါသောအသံကြောင့် အဆောင်သူ များ အိပ်ချင်ပြေသွားကြ၏။

"ဟယ် ထူးထူးဆန်းဆန်း ကင်းမြီးကောက်ထောင်ပြမယ်တဲ့ မနိုင် သေသေချာချာ ကြည့်စမ်း"

မနိုင်မှာ အိပ်ချင်မူးတူးနှင့်

"ဟဲ့ ကင်းမြီးကောက်က အမြီးရှိလို့ထောင်တာလေ၊ သူတို့က ဘာနဲ့ထောင်ပြမှာလဲ"

"ခွိ ခွိ ခိ သိချင်ရင် စောင့်သာကြည့် မနိုင်ရေ၊ ဘာနဲ့ထောင် ပြမလဲဆိုတာတော့ ကျွန်မလည်း မလျှောက်တတ်ဘူး"

• အဆောင်သူတွေ သို့လော သို့လောဖြစ်နေကြသည့် ပဟေဠိကို မိုးမြင့်က အမှန်တကယ် ကင်းမြီးကောက်ထောင်ရင်း လက်နှင့်လမ်း လျှောက်ပြလိုက်သည်။ ခေါက်တုံ့ခေါက်ပြန် ငါးကြိမ်လောက် လျှောက်ပြ လိုက်တော့ အဆောင်ထက်မှ လက်ခုပ်သံများ ပြုတ်ကျလာသည်။

"ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း"





"ဒုတိယအစီအစဉ်အရ ပိုင်စိုးကပဲ ကင်းမြီးကောက်ထောင် ပြပါဦးမယ်၊ စောင့်မျှော်ရှုစား အားပေးကြပါ ရွှေပွဲလာ"

မတိုင်ပင်ဘဲ ပြောလိုက်သော သော်ဒီ့စကားကြောင့် ပိုင်စိုး အထိတ်တလန့် ဖြစ်သွားသည်။

"ဟော့ကောင် သော်ဒီ မင်းက စွတ်တင်နေပြန်ပြီ၊ ငါ့မှာ အောက်ခံဘောင်းဘီ မပါဘူးကွ"

"ဟေ ဒါဆို ထောင်လို့မရဘူးပေါ့၊ ရတယ် ရတယ် ငါ တောင်း ပန်ပြီး အစီအစဉ် ပြောင်းလိုက်မယ်"

သော်ဒီနှင့်ပိုင်စိုး တိုးတိုးကြိတ်ကြိတ် ညှိနှိုင်းပြီးနောက် ကျယ် လောင်လှသော အသံမျိုးနှင့် သော်ဒီက ထပ်မံကြေညာလိုက်ပြန်သည်။

"ဟုတ်ကဲ့ အဲ တတိယအစီအစဉ်အရ ပိုင်စိုးမှာ အောက်ခံ ဘောင်းဘီမပါ၍ ကင်းမြီးကောက် မထောင်တော့ပါဘူးတဲ့ ခင်ဗျာ"

"ခွီး ခွီး ခိ ခွိ အဟိ ဟိ"

ကျောင်းသူများ ခိုးခိုးခစ်ခစ်အုပ်ကာ ရယ်ကြသည်။ ဟာမိုနီ အဖွဲ့သားများ ဆိုင်ရာ တူရိယာပစ္စည်းများကိုကိုင်ကာ ဖျော်ဖြေဖို့ အသင့် အနေအထားဖြစ်နေကြပြီ။

"ဟုတ်ကဲ့ ခင်ဗျာ စတုတ္ထအစီအစဉ်အရ ကျွန်တော်များ ဟာမိုနီတီးဝိုင်းမှ အင်းလျားအဆောင်သူမမများကို တေးဂီတများနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပျော်ဖြေတင်ဆက်မှာ ဖြစ်ပါတယ်''

လင်းရောင်က စောင်းကြိုးပေါ် လက်ချောင်းလေးများ ထွန့်ထွန့်လူးပြီး တီးထိသော့ကစားလိုက်၏။ မိုးမြင့်က လင်းကွင်းကို ချွမ်ခနဲနေအောင် တစ်ချက်တီးလိုက်သည်။ ပိုင်စိုးက ဝါးဆစ်တိုနှစ်ချောင်းနှင့် တဒုံဒုံ ထု၏။

''ယခု လိဒ် စောင်းကောက်တီးခတ်နေသူကတော့ စတုတ္ထနှစ် ဖစ်ဆစ်မေဂျာမှ လင်းရောင် ဖြစ်ပါတယ်ခင်ဗျာ''

''တဒူနယ်တဲ့ နယ်၊ တဒူနယ်တဲ့နဲ့ တောင်''

''ဘော့(စ်)ဝါးဆစ်တိုကို ထုဆစ်နေသူကတော့ မက်စ်ပိုင်နယ် ရီးယားမှ ပိုင်စိုးဖြစ်ပါတယ်''

''ဒုံရင်းပတ် ဒုံရင်းပတ် တဒုံဒုံ ဒုံဒုံပတ်''

''ဒရမ် လင်ကွင်းနဲ့ မခံနိုင်အောင် အတင်းဗျင်းနေသူကတော့ မြန်မာစာအဓိကကျောင်းသား မိုးမြင့်ပဲ ဖြစ်ပါတယ်ခင်ဗျား''

အဆန်းတကြယ် တီးဝိုင်းမို့ အဆောင်သူများ စိတ်ဝင်စားသွားကြသည်ထင့် ဟေးခနဲ ခပ်ထွေးထွေးအော်ရင်း မိန်းကလေးအချို့က မီးခြစ် ခြစ်ပြသည်။ အချို့ကလည်း ထုံးထားသော ဘီးစပတ်ပြေကျသည် အထိ လွှင့်လွှင့်ကလေး ထခုန်အားပေးကြ၏။

''ဝေး ဟေး ဝူး''





အဆောင်သူတို့၏ အားပေးသံကြောင့် မနာလိုဖြစ်သွားကြသော မြို့ဘက်တချို့ထံမှ အာမနာပ စကားသံများ ထွက်လာကြသည်။

''ဘာ ဟာမိုနီအဖွဲ့လဲ အလကားပါကွာ၊ ဝါးဆစ်ပိတ်နဲ့ သူတောင်းစားဂိုဏ်းကများ ဟွန်း''

ဘယ်လိုပင် တိုက်ခိုက်သည်ဖြစ်စေ ဟာမိုနီအဖွဲ့သားများက အားမရတော့။ ကျွမ်းကျင်ရာ ဂီတပစ္စည်းများအား ပိုင်နိုင်စွာတီးခတ်နေကြပြီဖြစ်သည်။

''အဟမ်း မြောက်ဘက်တန်းမှ လုံခြုံရေးများခင်ဗျာ အဆောင်နေကျောင်းသူအချို့ ညဝတ်အင်္ကျီများနှင့်လှုပ်ရမ်းသောင်းကျန်းနေကြ၍ ငြိမ်ဝပ်ပိပြားစွာ ကြည့်ရှုကြစေရန် ပွဲထိန်းပေးစေလိုပါသည်ခင်ဗျား''

သော်ဒီ၏ အရွှန်းစကားကြောင့် အဆောင်သူများ ပွစိပွစိ ဖြစ်သွားကြသည်။

''ဟွန်း အားလည်းပေးရသေးတယ်၊ ငါတို့ကိုများ သောင်းကျန်း နေသလေး ဘာလေးနဲ့''

''အေးလေ တော်တော်လူပါးဝတဲ့ကောင်တွေ''

သော်ဒီ နှုတ်လွန်နှုတ်ခမ်းကျွံ မဖြစ်စေရန် လင်းရောင်က ထပ်ဟန့်လိုက်သည်။

''သော်ဒီ မင်းက တော်တော်ရှည်တဲ့ကောင်၊ ကျောင်းသူတွေ



www.burmeseclassic.com

စိတ်ဆိုးပြီး ဝင်သွားမှ ဒုက္ခရောက်နေမယ်''

သော်ဒီအား ဟန့်တား၍ ခမ်းနားကြီးကျယ်သော ခံစားမှုဖြင့် အင်းလျားနန်းဆောင်တစ်ခုလုံး တံလျှပ်ထကာ လှုပ်မွှေ့လျော့သွားစေမည့် သီချင်းတစ်ပုဒ်နှင့် ဖျော်ဖြေလိုက်၏။

''အချစ်ရေ နေလို့မှကောင်းရဲ့လား၊ အိပ်လို့ပျော်ပါစေ''

''အချစ်ရေ သနပ်ခါးလေး လှအောင် လူးပြီးရင် ကိုယ့်အကြောင်းတွေးနေပေါ့ကွယ်''

''ဒုံ တုံ ပတ် ချွမ်း ဒုံ တုံ ပတ် ချွမ်း''

သီချင်း၏ဖမ်းစားမှုကို အင်းလျားအဆောင်သူများ ခံစားသွားရသည်ထင်၏။ တီးတိုးတီးတိုးအသံများ ထွက်လာသည်။

''လာပါဟာ ငါတို့ အိပ်ရအောင်''

ဆယ့်နှစ်နာရီခွဲနေပြီမို့ တချို့အဆောင်သူများ အိပ်ဖို့စိုင်းပြင်းနေကြပြီ။ တချို့လည်း အိပ်ချင်ပြေအောင် ဆံပင်သပ်သူသပ် ထဘီပြင်ဝတ်သူဝတ်ကြသည်။ ဒါကို သတိပြုမိသော သော်ဒီက

''လင်းရောင်ရေ မင်းကိုတော့ တော်တော်အားပေးကြတယ်ကွ''

''ဘယ်မှာလဲဟ''

''ဟိုမှာလေ အိပ်တန်းတက်ဖို့ ထဘီပြင်ဝတ်နေကြပြီ''

''မင်းဘိုးအေ''





''ကဲ ကဲ အခုနောက်ဆုံးအစီအစဉ်အနေနဲ့ ဘယ်အဖွဲ့ကမှ သီဆိုမသွားတဲ့ အင်္ဂလိပ်သီချင်းတစ်ပုဒ်နဲ့ ကျွန်တော်တို့အဖွဲ့က သီဆိုဖျော်ဖြေပါ့မယ်ခင်ဗျာ''

အင်္ဂလိပ်သီချင်းနှင့် ဖျော်ဖြေမည်ဆို၍ အိပ်တန်းဝင်ရန် ဟန်ပြင်နေသော အဆောင်သူတချို့ ခြေလှမ်းများတန့်သွားကြ၏။ နည်းနည်းည်း အထင်ကြီးသွားကြသဖြင့် လက်ဖက်သုတ်ပန်းကန်များကို ခြံတံခါးတစ်ဆင့် ပို့ပေးကြသည်။

''ဟဲ့ မာရီယာရေ မဝင်နဲ့ဦး၊ သူတို့က ဘိုလိုမှုတ်ကြမလို့တဲ့''

''အလဲ့ တယ်ဟုတ်ပါလား၊ တို့ စားလို့မကုန်တဲ့ လက်ဖက်သုတ်လေးတွေရှုပြီး ပို့ပေးလိုက်ပါကွာ''

''ဟုတ်ပါ့မလား သူတို့ကြည့်တော့ စောင်းကောက်နဲ့ဝါးဆစ်တ်နဲ့''

''စောင့်ကြည့်ပေါ့ နောက်ဆုံးအစီအစဉ်ပဲဟာ''

တံခါးစောင့်မှတစ်ဆင့် ရောက်ရှိလာသော လက်ဖက်သုတ်များကို သော်ဒီတို့အုပ်စုက အလူးအလဲ အားပေးပြီး ခဏအတွင်းမှာပင် ပြုတ်ရှင်းလိုက်ကြသည်။

''ဟုတ်ကဲ့ အင်းလျားဆောင်က မမများရဲ့စေတနာလက်ဖက်သုတ်ကို စားခွင့်ရတဲ့အတွက် ဟာမိုနီအဖွဲ့ကိုယ်စား ကျွန်တော် သော်ဒီ



www.burmeseclassic.com

www.burmeseclassic.com



က ကျေးဇူးအထူးတင်ရှိပါကြောင်း ပြန်ကြားအပ်ပြီးတဲ့နောက် ကျွန်တော်တို့ရဲ့အင်္ဂလိပ်သီချင်းနဲ့ဖျော်ဖြေမှုအစီအစဉ်ကို စတင်တော့မှာပဲ ဖြစ်ပါတယ်၊ ခံစားနားသောတ ဆင်ကြပါခင်ဗျာ''

သော်ဒီ၏အကြီးကျယ်ဆုံး မိတ်ဆက်စကားအပြီးမှာ စောင်းသံနှင့်ထီးဆစ်ပိတ်အသံက ဆောင့်ဆောင့်အောင့်အောင့် ထွက်ပေါ်လာသည်။ ထို့နောက်မှာတော့ အများက အထင်တကြီးနှင့်မျှော်လင့်စောင့်စားနေကြသော အင်္ဂလိပ်ဘာသာနှင့်သီချင်းသံကို ဝီသကြည်မြစွာ ကြားလိုက်ကြရသည်။

''ဘလက်(ခ်)အိုင် စူးဖန် ဘလက်(ခ်)အိုင်စူးဖန် xx ဟောင်းအာယူ xx ဟောင်း အာယူ''

''ဘယ်ရီဝယ် အိုင် သိုင်းယူ xx ဘယ်ရီဝယ် အိုင် သိုင်းယူ ဟောင်းအာယူ ဟောင်းအာယူ''

စောင့်မျှော်နားသောတ ဆင်နေကြသူများမှာ ရယ်ရအခက် ငိုရအခက် ဖြစ်ကုန်ကြ၏။ အင်းလျားသူ မမများလည်း ဒေါပွသူများ သြချသူချ ဖြစ်သွားခဲ့ကြသည်။

''တောက် ကျွန်ဖြတ် လက်ဖက်သုပ်ဖိုးတောင် မကာမိဘူး''

''ကြည့်စမ်း သေနာတွေ တစ်ပုဒ်လုံး အင်္ဂလိပ်လိုဆိုမယ်ဆိုပြီး အဆင်ကြီးပြီး မအီပ်ဘဲ နားထောင်နေတာ သေပြီဆရာပဲ''





အမရာ လွတ်လပ် မဒီနှင့် မာရီယာတို့တတွေ မျက်ရည်ထွက်ခတတ် ရယ်နေမိကြတော့၏။

''အင်္ဂလိပ်သီချင်းတဲ့ အံ့ရော မာရီယာရယ်''

''အေးလေ မဟုတ်လို့လား လွတ်လပ်ရဲ့''

''ဆိုးတော့ မဆိုးဘူးနော်၊ ဒီကောင်တွေအုပ်စုမှာ ဟာသဓာတ်ခံတော့ ရှိတယ်၊ အတန်းထဲဝင် နာမည်ခေါ်၊ ပေါက်ကရတွေမေးပြီး လက်ကိုညာကိုင်သွားတာကအစ လှတယ်ဟ''

''လှရင် ညည်းပဲ သွားပြီး ဆုချလိုက်တော့ မဒီရေ''

''အဟင်း ဒါတော့ ဆောရီးပဲ၊ ငါ အိပ်ချင်နေပြီ''

ထိုစဉ်အခိုက် သီချင်းပြီးဆုံးသွားပြီမို့ ဟာမိုနီ အဖွဲ့သားများက နှုတ်ဆက်နေကြ၏။ လွတ်လပ်ငြိမ်းတို့အုပ်စုလည်း လင်းရောင်တို့လောင်စိန်အုပ်စုအား ပြန်လှန်နှုတ်ဆက်လိုက်ကြသည်။

မည်သို့ပင်ဖြစ်စေ လူငယ်ဘဝ၏ နုပျိုလတ်ဆတ်သော ညများက အားလုံး၏ရင်ထဲမှာ အမှတ်တရ ဖူးပွင့်သွားကြပြီ ဖြစ်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## မာယာခွဲတမ်း

ဇာသင်ဆောင်ရှိရာအရပ်နှင့် နဂါးလှည့်မသင့်ကြသော လင်းရောင်တို့အုပ်စု ကင်တင်းတွင် ကျောက်ချရင်း နောက်ဘဝထိ ရေစက်ဆုံမည့် ဇနီးလောင်းကို ရွေးချယ်နေကြ၏။

ပိုင်စိုးက မဒီကို နှစ်သက်သဘောကျနေပြီး မိုးမြင့်က နွေးနွေးကို အသေအလဲ ကြိုက်သွားသလို၊ သော်ဒီကတော့ အမရာကို သရဖူဆောင်းပေးလိုက်ပြီဟု ခွဲတမ်းချနေကြသည်။

လင်းရောင်မှလွဲပြီး ကျန်သူငယ်ချင်းများ ကျေနပ်စွာ ဝေစုတည့်သွားကြ၏။ လင်းရောင်အတွက် ရည်ရွယ်ချည်နှောသူ ပက်ပင်းမဆုံရသေးသော်လည်း မပေါက်သွားသူများအတွက် မုဒိတာ ပွားလို့ရပါသေးသည်။

သူ့အတွက် မပါသော်လည်း ဆိုင်သူများနောက်သို့ သူငယ်ချင်း





အုပ်စုလိုက်လျှင် သူလည်း ချန်မနေခဲ့။ အောက်ဆီဂျင်လို မီးလောင်ရာလေပင့်ပေးခဲ့သည်။ တစ်ရက်နေ့ခင်း အတန်းအပြီး အဆောင်ပြန်ရန်ခပ်သုတ်သုတ် ထွက်လာသည့် နွေးနွေးတို့ အမရာတို့အုပ်စုကို သော်ဒီတို့စောင့်နေကြ၏။

အမရာတို့လာတာ မြင်သည်နှင့် သော်ဒီ ပိုင်စိုးတို့က အမဲရိုးသစ်ချောင်းစီကိုင်၍ ရှေ့မှ ခေါ်သည်။

"အို့ အို့ အို့"

"ရှိ ရှိ ရှိ လာ လာ"

ခွေးနှင့်အနှိုင်းခံရသောကြောင့် အမရာတို့ ဒေါ်ပွကုန်ကြသည်။

"ဟော့ အဲဒါ ဘာလုပ်တာလဲ"

"ကျွေးမလို့လေ"

"ဘာ သေနာတွေ မိုက်ရိုင်းလှချည်လား၊ နင့်အစ်မ သွားကျွေးလိုက်ပါလား"

"အစ်မက သွားမှကောင်းလို့ အဟီး"

"အဲဒါဆို ပြုတ်ပြီး စွပ်ပြုတ်လုပ်တိုက်လိုက်ပေါ့"

"ဟာ ဟုတ်သားပဲ၊ သိပ်ဉာဏ်ကောင်းတာပဲနော်"

"နာမည်ကိုက အမရာတဲ့"

"ဒါဆို ကိုယ်လည်း မဟော်သဓာ ဖြစ်ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ဟင်း ဒါက ရည်းစားစကားပြောနည်း အသစ်လား"

"ဟုတ်ပါတယ် တို့ကို တုန့်ပြန်မေတ္တာ နှင်းအပ်ပါလားကွာ"

"ကန်တော့ပါသေးရဲ့"

"ခွိ ခွိ ခွိ အဟိ ခိ ခိ ခိ ဟား ဟား ဟား"

ပွဲအစက အသာရခဲ့သလိုဖြစ်သော်လည်း ပွဲအဆုံးသတ်မှာတော့ သရေကျသွားခဲ့၏။ ဒါကို မကျေနပ်သဖြင့် အမရာတို့နောက်သို့ ပိုင်စိုး တို့ လိုက်ကြသည်။ ကင်တင်းတွင် ခရီးဆုံး၏။ ဆိုင်ထဲတွင် လူများသဖြင့် ကပ်လျက်စားပွဲတွင် နေရာမရဘဲ စားပွဲနှစ်လုံးကျော်တွင်သာထိုင်ပြီး မမြင်မကန်းနှင့် ရှုစားကြရသည်။

ကောင်မလေးများ တက်သုတ်ရိုက်ကာ စားနေကြသဖြင့် ပိုင်စိုး တို့လည်း လက်ဖက်ရည်ကို ဂေါ်ရင်ဂျီအရက်မော့သလို မော့လိုက်ကြ၏။

အမရာတို့စားပွဲထိုးကို လှမ်းခေါ်နေပြီမို့ သူတို့တွေလည်း ပိုက်ဆံ ကို အဆင်သင့် ထုတ်ထားလိုက်သည်။ အမရာတို့ထံမှ စားပွဲထိုး ပြန် လှည့်လာသဖြင့် ပိုင်စိုးက သွက်သွက်လှမ်းခေါ်၏။ စားပွဲထိုးက သူတို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသည်။

"ရှင်းမယ် ဘယ်လောက်ကျသလဲ"

စားပွဲထိုးက အသေအချာ တွက်ချက်ပြီး ပြော၏။

"ထောင့်နှစ်ရာ အစ်ကိုလေး"





"ဘာ လက်ဖက်ရည်လေးခွက် ထောင့်နှစ်ရာ ဟုတ်လား"

"ဆီချက် သုံးပွဲပါသေးတယ်"

"ဟ ငါတို့မှ မစားတာ"

"ဟို ဝိုင်းက အစ်မလေးတွေက အစ်ကိုတို့ပေါင်းပြီး ရှင်းလိမ့် မယ်တဲ့"

စားပွဲထိုး ညွှန်ပြရာသို့ လှမ်းအကြည့်တွင် အမရာတို့အုပ်စု ဆက်ပြန့်တတ်ဆက် ထွက်ခွာသွားတာကိုသာ မြင်ရသည်။

"ဟိုက် သွားပါပြီကွာ တို့တွေ လက်စင်(နိ)မိသွားပြီ"

အမရာတို့အုပ်စု ပညာပြန်ပိစက်သွားသဖြင့် သူတို့အားလုံး ရှုံ့မဲ့စုပေါင်းကာ စိုက်ရှင်းလိုက်ကြရသည်။

တက္ကသိုလ်ကျောင်းသားကျောင်းသူတို့ဘဝက ထိုကဲ့သို့ပင် ပျော် ရာကောင်းလှ၏။ တစ်ဦးနှင့်တစ်ဦး နောက်ကြပြောင်ကြ ကျီစယ်ကြနှင့် ကြာတော့လည်း ရင်းနှီးမှုတွေ အရောင်ရင့်လာတတ်သည်မှာ သဘာဝ ပင်ဖြစ်လေသည်။

■ ■ ■

ပန်းတို့ဝေလိုက် ကြွေလိုက် ပြန်ပွင့်လိုက်နှင့် ရာသီစက်ဝန်းက မှုကိုစီး၍ ခရီးသွားနေ၏။ အချိန်တို့ပြောင်းလဲလာသည်နှင့်အမျှ ပိုင်စိုး တို့ရင်ထဲက အချစ်ညှောင့်လေးများလည်း လူလားမြောက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကာလမှာ တက္ကသိုလ် မွှာရုံပြုပြင်ဖို့ကိစ္စ ပေါ်လာ၏။ မွှာရုံ ရန်ပုံငွေကာလပွဲအတွက် လင်းရောင်တို့ အင်းဝဆောင်မှ ကျောင်းသားတစ်စု အစီအစဉ်တစ်ခုဖြင့် ပါဝင်ဖျော်ဖြေရန် တာဝန်ကျခဲ့၏။

အင်းဝဆောင် ကျောင်းသားတို့ ခေါင်းစားသွားကြသည်။ အမျိုးမျိုးတွေးတော အကြံထုတ်ပြီးနောက် လင်းရောင်တို့အဖွဲ့က အမျိုးသမီးများလို ဝတ်ဆင်ပြီး ယိမ်းအက ကပြရန် ဆုံးဖြတ်ခဲ့ကြသည်။

တာဝန်ပေးခဲ့သော ဗုဒ္ဓဘာသာ အသင်းကလည်း ငွေပင်ငွေရင်း မထုတ်နိုင်သဖြင့် အမျိုးသမီး အဝတ်အစားရဖို့ အခက်အခဲတွေ့ကြသည်။ ဆရာများအား ခွင့်တောင်းသောအခါတွင်လည်း ခွင့်ပြုသဖြင့် လင်းရောင်တို့အုပ်စု အမျိုးသမီးလိုဝတ်ပြီး ကပြမည့်သတင်းက တက္ကသိုလ်နယ်မြေတွင် ဟိုးလေးတကျော် ဖြစ်နေ၏။

သို့သော် ဆရာများလည်း အဝတ်အစားကိစ္စကိုတော့ တာဝန်မယူနိုင်ကြ။ ပိုင်စိုးနှင့်မိုးမြင့်မှာ ထိုကိစ္စအတွက် မအိပ်နိုင် မစားနိုင် ဖြစ်နေကြသည်။

"ကဲ ငါပြောမယ် အမျိုးသမီး အဝတ်အစားတွေ ရဖို့က ကောင်မလေးတွေဆီက ငှားဖို့ပဲရှိတယ်"

"ဒါတော့ မင်းပြောမှလား၊ သူတို့ငှား မငှားဆိုတာက ရှိသေးတယ်ကွ"





"ဘာဖြစ်လို့ မငှားရမှာလဲ၊ ဒါ မွှာရုံ ရန်ပုံငွေပွဲအတွက်ပဲ သဘောပေါက်အောင်ပြောပြီး အကူအညီတောင်းရမှာပေါ့ကွ ပိုင်စိုးရ"

"အေး ဟုတ်တယ် အင်္ကျီ ဘော်လီ ထဘီ အားလုံး အပြည့်အစုံငှားရမှာ၊ ဒါပေမဲ့ မင်းတို့သိထားဖို့က အသစ်တော့ ဘယ်သူမှ ငှားမှာမဟုတ်ဘူး။ ဝတ်ပြီးသားပဲရမှာ မင်းတို့ဝတ်ချင်လို့လား"

လင်းရောင်၏အတွေးနက်နက်နှင့်အမေးကို သော်ဒီက ရဲရဲတွံ့တွံ့နှင့်ဖြေ၏။

"အဟ သိပ်ကောင်း အရမ်းကောင်းတာပေါ့ကွာ၊ သူတို့ရဲ့ ကိုယ်သင်းနံ့လေးတွေတောင် အဆစ်ရဦးမှာ ဝတ်မယ်ကွာ ငှားသာငှား"

"ငှားတာက ဟုတ်ပါပြီ၊ ဘယ်သူ့ဆီက ငှားရမှာလဲ"

အဓိကအကျဆုံး မေးခွန်းကြောင့် အားလုံး ပါးစပ်ပိတ်သွားကြ၏။ အမျိုးသမီး အဝတ်အစားငှားဖို့အရေး တိုင်းပြုပြည်ပြုကိစ္စဆွေးနွေးသလို အရေးကြီးနေသည်။

"တို့မှာ မိန်းကလေးအသိအကျွမ်းက သိပ်များများစားစားမရှိတာ ဖြစ်နိုင်ချေကိုပဲ စဉ်းစားပေါ့"

"ဘာလဲ မိုးမြင့် အမရာတို့အုပ်စုဆီက ငှားမယ်ပေါ့ ဟုတ်လား"

"ဒီကိစ္စက မသိတဲ့သူဆီက ငှားလို့မှမရတာ သော်ဒီရာ"

သို့နှင့် အမရာတို့အုပ်စုအား ကင်တင်းသို့ တလေးတစား



www.burmeseclassic.com

www.burmeseclassic.com



ဖိတ်ခေါ်တာ ညှော်ခံရင်း ဆွေးနွေးရသည်။

"ဟဲ ပြောစရာရှိတယ် တိုင်ပင်စရာရှိတယ်ဆိုပြီး ဘယ်သူမှ လည်း ဘာစကားမှ မပြောကြဘူး။ ကျွန်မတို့အတန်းတက်ရဦးမှာနော်"

အမရာ၏လောဆော်စကားကြောင့် ပိုင်စိုးတို့အချင်းချင်း ကြည့် ရင်း မျက်စပစ်ကုန်ကြသည်။ ထိုကိစ္စအား မျက်နှာအပြောင်ဆုံး သော်ဒီ ကပင် ရှင်းလင်းပြောကြား၏။

"အဟင်း ဒီလိုပါ တိုင်ပင်စရာဆိုတာထက် အကူအညီတောင်း စရာဆိုရင် ပိုပြီးမှန်ပါလိမ့်မယ်"

"ရှင် အကူအညီ ဟုတ်လား၊ ပိုက်ဆံတော့ မချေးနဲ့နော်၊ လက်ကုန်ခါနီးဆိုတော့ အခြေအနေက သိပ်မကောင်းဘူး"

"အဲလို မဟုတ်ရပါဘူးဗျာ၊ ဒီလိုပါ ကျွန်တော်တို့အုပ်စု ရန်ပုံငွေ ပွဲမှာ အမျိုးသမီးလိုဝတ်ပြီး ယိမ်းကကြမလို့ စီစဉ်ထားတယ်လေ"

"ဩော် အဲဒါလား ကြားတယ် ကြားတယ် လာအားပေးဖို့ ဖိတ်တာပေါ့ စိတ်ချ လာဖြစ်အောင်ကို လာမှာ"

"ရှင်တို့အုပ်စုက ကျောင်းမှာမျက်နှာအပြောင်ဆုံးပဲဥစ္စာ ရယ် ရမှာ သေချာတယ်"

"ဒါပေမဲ့ ရုပ်တွေက တစ်ယောက်မှ မိန်းမနဲ့မတူဘူး အဟီး"

အမရာတို့တစ်ယောက်တစ်ပေါက် ငိုင်းပြောနေကြသဖြင့် လိုရင်း





မရောက် ဖြစ်နေတော့၏။ ပွဲမပြတ်ဘဲ ပေရှည်နေသဖြင့် ပိုင်စိုးက

"အဟင်း ကျွန်တော်တို့က ကပြမယ့်ကိစ္စ အောင်မြင်ဖို့အတွက် ဒီက အင်းလျားသူမမတွေ ကူညီမှဖြစ်မှာမို့ပါ"

"ရှင် ကူညီရမယ် ကျွန်မတို့ ဆိုင်းတီးပေးရမှာလား"

"အဲလောက်ထိ မလိုပါဘူး မဇီရယ်"

"ဒါဆို"

"ကျွန်တော်တို့ဝတ်ဖို့ အမျိုးသမီးဝတ်စုံအပြည့် လေးစုံလောက် ငှားပါလို့"

"ရှင် ဟာ ဒါတော့ ဘယ်ဖြစ်မလဲ"

"ဘယ်လိုလုပ် တော်မှာလဲ"

"အသစ်ရှိတာမဟုတ်ဘူး ရှင်တို့ ဘုန်းနိမ့်ကုန်မှာပေါ့"

"ရပါတယ်ဗျာ ကျွန်တော်တို့ ဒါတွေ အယူမရှိပါဘူး။ မိန်း ကလေးအသိအကျွမ်းဆိုလို့ မဒီတို့ပဲရှိတာမဟုတ်လား အားကိုးပါရစေဗျာ"

"ဟုတ်ပါတယ်ဗျာ ဖြစ်တဲ့နည်းနဲ့ မဖြစ်ဖြစ်အောင် ကူညီပေး ပါဗျာ"

"အို ရှက်စရာကြီးရယ်"

"မရှက်ပါနဲ့ ဆွေးနွေးရယ်၊ မွှောရုံကြီး ပြုပြင်နိုင်ဖို့ ဒါနပြုတယ် လို့ပဲ သဘောထားလိုက်ပါ၊ ကုသိုလ်ရပါတယ် ကျွန်တော်တို့က ဖာတ်တိုက်

www.burmeseclassic.com



ဦးဘာရှိပါ

လင်းရောင်တို့အတင်းအကျပ် ပိုင်းပြောကြသဖြင့် အမရာတို့ ဖြည်းဖြည်းပြောကြ၏။ အချိန်ကလည်း သိပ်မရှိတော့တာမို့ နွေးနွေးက ဆုံးဖြတ်ချက် ချလိုက်ဟန်နှင့်

"ကောင်းပြီလေ မနက်ဖြန် မနက်ပိုင်း အဆောင်ကို လာခဲ့ ကျွန်မတို့ရှာထားလိုက်မယ်"

"ဟာ ကျေးဇူးတင်လိုက်တာဗျာ ဟဲ ဟဲ ဟိုလေ အတွင်းပစ္စည်း လေးပါ ပါပါစေနော်"

"လက်ဝတ်လက်စားတော့ မရှိဘူးရှင့်"

"လက်ဝတ်လက်စားကို ပြောတာမဟုတ်ပါဘူး ဟို ဟို ဘော် ဘော်လီတို့ ဘရာစီယာတို့ကို ပြောတာပါ"

"အော် ဒါလား စိတ်ချ ကျွန်မတို့နဲ့ မတော်တာတွေ ထည့်ပေး လိုက်မယ်"

"အဟီး ကျေးဇူး ကျေးဇူး"

■ ■ ■

အင်းလျားသူ မမတို့ ကူညီကာ ပိုင်း၍ မိုင်းမတော်မှုကြသဖြင့် အဝတ်အစားကိစ္စ အဆင်ပြေသွား၏၊ အဝတ်အစားများယူကာ အဆောင်သို့ ပြန်ရောက်လျှင် ရောက်ချင်း အထုပ်ကိုဖွကာ လှန်လှောဆွဲယူကြသည်။





"ကြည့်စမ်း ဘော်ဒီ ဒီဖာဘော်လီက မဒ့်ဟာ ဖြစ်နိုင်တယ်"

"မင်းက ဘယ်လိုလုပ်သိလဲ"

"သိတာပေါ့ မင်းနမ်းကြည့်ပါလား။ သူ သုံးနေကျ ဖွိုင်ဖင်ရေမွှေး နံ့က တထောင်းထောင်းထနေတာပဲဟာ"

ပိုင်စိုးနှင့်ဘော်ဒီက နာခေါင်းနှင့်အလုပ်ပေး တရားနာပြီး ခွဲခြမ်း စိတ်ဖြာနေကြ၏။ အမြင်အကြားအနံ့တို့ကို မှတ်မိသ၍ အသုံးချပြီး စိတ် ကူးနှင့်ပိုင်ရှင်ကို ဆန်းစစ်နေသည်။

"ဟား ဒါလေးက နွေးနွေးရဲ့အင်္ကျီပဲ ဖြစ်ရမယ်၊ အရွယ်အစား နဲ့ဆိုဒ်က သူ့ဘော်ဒီနဲ့တစ်ချိုးထဲပဲ"

မိုးမြင့်ကလည်း မွှေးရာပါ နှာခေါင်းကို တတ်အားသရွေ့ အသုံး ချရင်း၊

"အေး မင်းတို့သာ အားပါးတရ နမ်းနေ ဟောဒီ ထဘီရဲ့အနံ့ ကတော့ တညင်းသီး ဆားရည်စိမ်နံ့ ထွက်နေတယ်ဟ"

"ရာသီစာလေကွာ ပေါ်ဦးပေါ်ဖျားလေးဆိုတော့ သည်းခံပြီး သာ ဝတ်ပါ မိုးမြင့်ရာ ခဏတဖြုတ်ပဲဟာ"

လင်းရောင်လည်း သူဝတ်ဖို့ ဘရာစီယာတစ်ထည် ဆွဲယူပြီး ဘတောသန လုပ်ကြည့်မိ၏။

"ကြည့်စမ်း ဒီအတွင်းခံလေးကျတော့ အမွှေးနံ့သက်သက်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးကွ၊ ပင်ကိုယ်အနံ့လေးပါ ရောနေတာ ဘယ်သူ့ဟာလဲ မသိဘူး''

''မှန်းစမ်း''

ပိုင်စိုးက ကူညီခံစားပြီး ဆုံးဖြတ်ပေး၏။

''အဟဲ ငါသိတယ် ဒီအနံ့က မြွေနှစ်ကောင် ပွေးဆေးနံ့ ပိုင်ရှင်က ဝဲကျော်မ''

''ဟား ဟား ဟား''

သင်းပျံ့သည့်ရနံ့ လက်ဆတ်သည့်ရနံ့တို့ကို လူတိုင်းကြိုက်နှ သက်တတ်ပါသည်။ ဘဝကြောင်ဖော်ရွှေးရာ၌လည်း ရနံ့သည် အရေးကြီး သောအခန်းမှ ပါဝင်သည်။ လူတိုင်းတွင် ကိုယ်ပိုင်ပင်ကိုယ်ရနံ့ ရှိ၏။

ကလေးတွင် ကလေးနံ့၊ လူကြီးတွင် လူကြီးနံ့၊ အပျိုတွင် အပျိုနံ့၊ အအိုတွင် အအိုနံ့ရှိသည်ဟု ဒေါက်တာအုန်းမောင်၏စိတ်ပညာ စာအုပ်အချို့တွင် ဖတ်ခဲ့ဖူး၏။ ယခု သူ ရှူရှိုက်မိသော လတ်ဆတ်နေ သည့် ကိုယ်နံ့သည် လင်းရောင်ဆိုသောကောင်အား တခဏအတွင်း မင်သက်သွားအောင်ပင် ဆွဲဆောင်နိုင်မှုရှိ၏။

သိမ်မွေ့သော ဂီတသံစဉ်အား ဒလကြမ်းဆောင်ယူလာသည့် လေပြည်က ယူကလစ်ရွက်အချို့နှင့် ပွတ်တိုက်ရာမှ ဖြစ်ပေါ်လာသော မျိုးနှင့်လည်း ဆင်သည်။





လင်းရောင် စိတ်ထဲနိုင်မာယုံကြည်မိသည်က ယခု အတွင်းခံ အင်္ကျီလေး၏ ကိုယ်သင်းနံ့မှလွဲ၍ ဤကမ္ဘာလောကတွင် အသင်းပျံ့ဆုံး သောရနံ့မှာ လရောင်ခြည်ပင် ဖြစ်ပေလိမ့်မည်။

တကယ်တမ်း ဇာတ်တိုက်ရန် အမျိုးသမီး အသုံးအဆောင်များ ကို ဝတ်ကြည့်ကြသောအခါ ဘယ်သူနှင့်မှမတော်။ ကြပ်ထုပ်နေ၍ မနည်း ခွဲရုံချွပ်ကြရသည်။

''ဟိုက် သောက်ကျိုးနည်း ပြဲပြီဟ''

ဝဝဖိုင့်ဖိုင့် သော်ဒီ ကောက်စွပ်လိုက်သည်နှင့် အင်္ကျီက ပြဲသွား ၏။ ပိန်ကပ်ကပ် ပိုင်စိုးကျတော့လည်း ချောင်နေလိုက်တာမှ ချာလပတ် ရိုရမ်းလို့။

''ဟော့ကောင် ဘရာစီယာထဲ အဝတ်ခုဝတ်မှ ရမှာပေါ့''

''သော်ဒီ ငါ့ကို နောက်ကနေ ဇစ်တပ်ပေးဦး''

မဖြစ်နိုင်တာကို ဖြစ်အောင်လုပ်တတ်တာ ဗမာပဲမဟုတ်လား။ ဆောက်တာကို တော်အောင်ပြုပြင်ဖာထေးကာ ကြည့်ကောင်းအောင် ချုပ်ခဲ့ကြရသည်။

ကပေါက်တိ ကပေါက်ချာနှင့် ကိုယ့်ဟိုကားယား ဖြစ်နေသော တစ်ယောက်ကိုတစ်ယောက် ကြည့်ရင်း ရယ်မိကြ၏။

ကပွဲနေ့ တင်ဆက်ဖျော်ဖြေသောအခါတွင်လည်း လင်းရောင်တို့



www.burmeseclassic.com

www.burmeseclassic.com



အုပ်စု၏ယိမ်းအကကို သဘောအကျဆုံး ဖြစ်ခဲ့ကြသောကြောင့် အရက်မဲ့စွာ အပင်ပန်းခံရကျိုး နပ်ခဲ့သည်။

ပြဿနာက အဝတ်အစား ပြန်အပ်သောအခါမှ စ၏။ နံနက်စောစောတွင်ပင် အင်းလျားဆောင်၌ အသံတွေ ဆူညံ ဆူညံ ဖြစ်ကုန်သည်၊ မိန်းကလေးများက စုတ်ပြတ်သတ်နေသော သူတို့၏အဝတ်အစားများကိုကြည့်ကာ ပွစိပွစိ လုပ်၏။

"ကြည့်စမ်းပါဦး အရမ်းပျက်စီးကုန်ပြီ၊ ဒီလိုမှန်းသိရင် ဘယ်ငှားမလဲ"

"တောင်းပန်ပါတယ် အမရာရယ်"

"အေးလေ လွန်ကို လွန်လွန်းတယ်"

"မဒီ စိတ်ဆိုးမယ်ဆိုတာသိလို့ ကြိုပြီးဝယ်လာပြီးသား၊ ဒီမှာ ဝမ်းဆက်"

သော်ဒီက တောင်းပန်ပြီး ပိုင်စိုးက လက်ဆောင်ပေးကာ နှစ်သိမ့်နေကြ၏။

"ဟုတ်ပ၊ ငါ့ဖာဘော်လီဆိုရင် စင်ကာပူက ငါ့အစ်ကို တကူးတက ပို့လိုက်တာ၊ ဒီမှာရှာဖွက်တယ် ပြီးတော့ သိပ်နိုင်တာ ဂရန်ဒီကောကွာလတီကော အပြည့်ပဲ"

"ဘာမှမပူနဲ့ ဒီထက်နိုင်အောင် အနှမ်းမှတ်ချက်ကို ကြိုးချည်ပေး





ယ် ဝတ်မလားဟင်"

နွေးနွေး၏နှမြောတသစိတ်ကို ဖြေလျော့ပေးသော မိုးမြင့်စကားကြောင့် နွေးနွေးက ဘာရာစီယာပုံပျက်ပန်းပျက်နှင့် ပစ်ပေါက်၏။

"နင့်နှမကိုဝတ်ခိုင်း အနှမ်းမှတ်ချက်ဘာရာစီယာ"

ဘယ်လိုပဲဖြစ်ဖြစ် ခင်မင်ရင်းစွဲရှိနေကြပြီမို့ ဘယ်လောက်ပဲ ...ဆိုးဆိုး လက်ဆောင်နှင့်တောင်းပန်စကားရတော့လည်း ကျေနပ်သွားကြသည်သာ၊ ထိုအထဲမှာ လင်းရောင်မပါ။ လင်းရောင်ကို အပြစ်တင် ...နိုင်ရှင်က မရှိ။ အားလုံးတောင်းပန်ကြ လက်ဆောင်ပေးကြ၊ ကျေ...ကြသည့်အုပ်စုထဲမှာ သူလည်းပါချင်သည်။

မရမက အတင်းမေးမှ လင်းရောင်ရင်ဘတ်ထဲက ပြတိုက်၏ ...ည်မှာ လွှတ်လပ်ငြိမ်း ဟု သိခဲ့ရသည်။ ဤသို့နှင့် ခင်မင်ရင်းနှီးမှု ...ပုချိန်များ မြင့်မားလာခဲ့ကြ၏။

တက္ကသိုလ်၏ ကောင်းကင်တွင် ကျောရိုးမဲ့ ခြေချင်းလိမ်နေ... ပန်းနုရောင်တိမ်တိုက်တစ်ခု ကဲ့ကော်တောအုပ်စုမှ ရုတ်တရက် ...သို့ပြုတ်ကျချိန်ကို စောင့်ရသလို လင်းရောင်တို့အုပ်စု ရင်မော...သည်။

သော်ဒီက အမရာ၏ခြေဖမိုးလေးကို လွမ်းတေးဖွဲ့သီကာ ...သာဖြစ်ချင်နေ၏။ ပိုင်စိုးက မဒီလက်မောင်းလုလုလေးအား



www.burmeseclassic.com

www.burmeseclassic.com



ထိုရှခံစားရင်း တော်လေး၀ ဝင်မည့်သူကို ဖနီးမယားရာထူးပေးအပ်ချင်နေသည်။

မိုးမြင့်ကတော့ နွေးနွေး၏လျှာကလေးကို တမ်းတရင်း ကမ္ဘာ့အလှဆုံးလျှာအဖြစ် အမွှန်းတင်ကာ ဂင်းနစ်စံချိန်စာရင်းသို့ သွတ်သွင်းဖို့ ပြင်ဆင်၏။

အထူးဆန်းဆုံးနှင့်အံ့သြစရာအကောင်းဆုံး အဖြစ်မှာ လင်းရောင်က သူလုံး၀ မမြင်ဘူးသည့် လွတ်လပ်ငြိမ်းအား ရက်စက်စွာရှူးတိမ်းညွှတ်နေမိခြင်းပင် ဖြစ်သည်။

သူငယ်ချင်းများက သူတို့စွဲလန်းရသူများ၏ထူးခြားချက်ကို ပြန်ပြောင်းပြောပြကြသည့်အခါ လင်းရောင်မှာ ဝင်ရောက်ပြောပြစရာ စကားလုံးမဲ့နေ၏။

"မင်းတို့စဉ်းစားကြည့် အမရာရဲ့ခြေဖမိုးလေးက ဘယ်လောက်အထိ နူးညံ့ဖောင်းအိနေသလဲဆိုရင် ဟို ဘယ်လိုပြောမလဲ ငါးပူတင်းအရှင်တစ်ကောင်ကို တုတ်နဲ့ထိုးပြီး ကိုင်ကြည့်ရသလိုမျိုးနေမှာ"

"ဟွန်း သော်ဒီ မင်း ဒီထက်ဖောင်းတဲ့နေရာတွေ့ရင် ဘာနဲ့ ဘယ်လိုများ နှိုင်းဦးမလဲ မသိဘူး"

"အဲဒီနေရာကျတော့ ဖားကုံညင်းပေါ့ကွ"

ဟု မိုးမြင့်က ဝင်ထောက်သည်။





"ဟော့ကောင် သိဂီရ ရသ ညှစ်နွမ်းအောင် ရာဂကို ဖောင်းပေးနဲ့၊ တို့က သန့်သန့်လေး"

"ငါက ဘာပြောလို့လဲ မုန့်ပေါင်းလို ဖောင်းတာတွေ့ရင် ဘယ်လိုတင်စားမလဲလို့မေးတာ၊ ကိုယ့်ကိုလေသာနဲ့ကိုယ် အုံပွင့်ပြီး မလုံမလဲဖြစ်နေတဲ့ကောင်ကများ"

ဒီတော့ လင်းရောင် ကြားဝင်ပြီး ဖျန်ဖြေ စပ်စုပေးလိုက်သည်။

"ပိုင်စိုး လုပ်စမ်းပါဦး မင်းကကော မဒီရဲ့ဘယ်အလှကို အငြိခံလဲ"

"အဟဲ မဒီရဲ့လက်မောင်းကွ လက်မောင်း၊ သူ့လက်မောင်းလေးက မင်းတုန်းမင်းဆောင်းတဲ့ ရွှေရောင်အဆင်းရှိတဲ့ထီးကို ပြန်ထားသလိုမျိုး ငုံငုံဖူးဖူးလေး"

"တော်ပါသေးရဲ့ မင်းတုန်းမင်းရဲ့ထီးမို့လိုပဲ ဟဲ ဟဲ"

"သွားစမ်းပါကွာ မင်းတို့ရဲ့အမရာ ကိန္နရီ မဒီ သမ္မုလတို့ ဘယ်ဆိုတာ အလကား နွေးနွေးရဲ့လျှာဖျားကိုတောင် မမီဘူး"

"ဟား ညွှန်းလှချီလား"

"ဒီမယ် နွေးနွေးရဲ့လျှာကလေးက မျက်ရစ်မပါတဲ့ ခရုတင်ကောင်ရဲ့မျက်လုံးလို အတံရှည်ရှည်နဲ့ အဖျားသွယ်ပြီး သန္တာရောင်လို ဖြစ်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"သောက်ရှူး ခရုပါဆိုနေမှ မျက်ရစ်ပါပို့မလား"

"အေးလေ ငါလည်းမပါလို့ မပါဘူးပြောတာပဲဟာ"

"တော်ပါတော့ကွာ မင်းတို့က ဆိုင်ရာဆိုင်ရာ အလုပ်တွေ ပြောလေ ဘာမှပြောစရာမရှိတဲ့ ငါ့အဖြစ်က ပိုထင်ရှားလေဆိုတော့ ဗိုးငုပ်တယ်ကွာ။ မဖြစ်တော့ဘူး ငါလည်း လွတ်လပ်မြိမ်းကို လှုနှုနာမည် တွဲပြီး ဒီနေ့သိရမှုဖြစ်တော့မယ်၊ ပြောနေကြတာတယ် အဲခုပဲ အဆောင်မှ သွား ရှာကြည့်လိုက်မယ်ကွာ"

လင်းရောင်၏အဖြစ်ကို အားလုံးက စာနာသွားမိကြသည်။

"အေး ငါတို့လည်း လိုက်ခဲ့ပေးမယ်"

"နေဦးလေ ထမင်းစားချိန်ရောက်မှ အဆောင်ကို သူတို့ပြန် လာမှာပေါ့ ခုသွားလည်း အပိုပဲ"

"ဒါဆို ကျောင်းထဲ ပတ်ရှာကြည့်မယ်ကွာ"

သို့နှင့် လင်းရောင်၏ကိုယ်တွင်းနာအတွက် ဆေးအရှာထွက် ခဲ့ကြသည်။ တက္ကသိုလ် ပရဝုဏ်ကတော့ အမြဲလိုလို ပန်းတွေနှင့်ဝေဆာ သည်။ အနီအဝါ အပြာ အစိမ်းဝတ် ကျောင်းသူအချို့သည် ဖျော့တော့ ပါးလျော့သော ရယ်မောသံများနှင့် ပန်းပွင့်ယောင်ဆောင်နေကြသည်။

အချို့က သိုးနေအောင် အိပ်မောကျနေသော ရေမွှေးနံ့ကို အဖော်ပြု၍ နတ်သမီးခြေလှမ်း လှမ်း၏။





ပထမဆုံး လင်းရောင်တို့အုပ်စု ကင်တင်းဘက်သို့ ရှာပုံတော် ခဲ့သည်။ လက်ဖက်ရည်ဆိုင်တွင်းရှိ ကျောင်းသားတစ်စု အသံကြောင် နေသော စန္ဒယားတစ်လုံးအား လက်ကွက်စမ်း၍ ထွက်လာသည့် မြည် သံလို ဆူညံနေ၏။

လင်းရောင်တို့ဆိုင်ထဲ အဝင်မှာပင် အခြားကျောင်းသားတစ် ယောက်က ကပ်ရက်စားပွဲမှ ကျောင်းသူအချို့ကို ရည်ရွယ်ပြီး

"ဟေး ဒီမှာ စီးကရက်တွေရမယ်၊ အပျိုသိုးတွေလို မှိုင်စော်မနံ ငံ ဝယ်သောက်ထားကြ"

ထိုစကားကို ခံစားနိုင်စွမ်းရှိဟန်မတူသော အပျိုကြီးတစ် ယောက်က ကြက်ခေါင်းဆိတ်မခံ ပြန်ရန်တွေ့၏။

"အမယ် သေနာ ငါတို့က မှိုတက်တယ်ထား၊ နင်တို့ကျမှ ညှော်ပါတက်တာ"

ဒါကို မလယ်မဝယ် ကျောင်းသူတစ်ယောက်က ဝင်ထောက် ထက်သဖြင့် ပွဲဆူသွားခဲ့သည်။

"ဟဲ့ မနိုင် ဘာတွေလျှောက်ပြောနေတာလဲ၊ သူတို့ ဌတ်တက် ဘာ မနိုင် ဘယ်လိုလုပ်သိခဲ့တာတုံး"

"ဝါး ဟား ဟား ဟား"

ထိုစကားတစ်လုံးထဲနှင့် ကျောင်းသူများ အရှက်ကွဲကာ ဆိုင်ထဲ

www.burmeseclassic.com

www.burmeseclassic.com



မှာလည်း ရယ်သံကြီး ဆူညံသွားခဲ့သည်။ နေ့ခင်းကြောင်တောင် လွှင့်
လပ်ငြိမ်းကို ရှာမတွေ့သည့်အပြင် ဆိုင်ထဲမှာလည်း သရဲဖမ်းသလို ပွဲကြ
နေသဖြင့် အသာလှည့်ထွက်လာခဲ့ကြသည်။

"ဂူး တွေ့ချင်ရင် ကြဲဖန် လွဲတတ်တယ်ဆိုတာ မှန်သားဟ"

"အေးလေကွာ ဘယ်ချောင်မှာ သွားခွေနေကြလဲ မသိဘူ"

လေးယောက်ပေါင်းပြီး ခေါ်တော့ တစ်ခေါ်ပဏီ ဝပ်အားဖြ
လှည့်လည်ရှာဖွေကြသော်လည်း လူမပြောနှင့် ကိုယ်သင်းနံ့ဓါ်ခြေ
ကိုတောင် ရှာမတွေ့။ စာသင်ဆောင်တစ်ဆောင်ချင်း ညှော်စာရင်းစစ်သ
ရှာဖွေသော်လည်း လွှတ်လပ်ငြိမ်းက ဂျက်စီကိုမ်းနှင့် ခွေမျိုးတော်နေသ
သည်။

ဖခန်းတော်တော်များများ စုံသွားသော်လည်း သူတို့အုပ်စု
မတွေ့။ နောက်ဆုံး ယုဒသန် စကြံရှည်မှ ဖြတ်လျက် တောင်ငူဆော
ဘက် ရောက်သည့်အထိ မထူးခြားသေး။ ကြာတော့ လင်းရောင်တို့အုပ်
ခြေကုန်လက်ပန်းကျချင်လာသည်။

"မောပြီကွာ ငါတို့ ခဏနားရအောင်၊ ကန့်ဘောင်က ဘူ
ကြော်ဆိုင်သွားကြမယ်"

"အေး ကောင်းတယ် ငါလည်း ဆာနေပြီ"

သော်ဒီနှင့် ပိုင်စိုးက စိတ်လျှော့စကား ဆိုသည်။ ရင်ဘတ်





ဆောင် နှာခေါင်းမီးတောက်ပြီး မျက်စိတွေပါ ပြာဝေနေသော လင်းရောင်
က

"ဟာ ထမင်းစားနားချိန် အဆောင်ကို သွားမယ်ဆို"

"အဲဒါက မသေချာပါဘူးကွာ၊ ညနေ အတန်းဆင်းချိန်ကျမှ
အဆောင်ကိုသွားရင် ရေမိုးချိုးပြီးသား လတ်လတ်ဆတ်ဆတ်လေးတွေ
တွေ့ရမှာ"

"အင်း ဒါလည်း ဟုတ်တာပဲ"

သို့နှင့် အားလုံး သဘောတူညီချက်အရ အင်းလျားကန်စပ်ရှိ
ဘူးသီးကြော်ဆိုင်တန်းဆီသို့ အုပ်စုလိုက် ချီတက်လာကြ၏။ စားပွဲတစ်လုံး
တွင် ဝိုင်းထိုင်လိုက်ကြရင်း ကန်ရေကို ဖြတ်သန်းလာသည့် လတ်လတ်
ဆန်းလန်းလေကို ရှူမည်မကြံသေး။

"ဘာ သုံးဆိုင်မလဲ အစ်ကိုတို့"

"အကြော်စုံ နှစ်ပွဲကွာ၊ အချဉ်ရည်တစ်ပုလင်းနဲ့ ဆလတ်ရွက်
တစ်ခင်းယူခဲ့"

"ဟုတ်ကဲ့ အကြော်ဖိုးမယူဘူး ဆလတ်ရွက်ဖိုးပဲပေးပါ အစ်ကို"

"ဝါး ဟား ဟား ဟား"

"ဟော့ ချာတိတ် ငါးသုံးလုံး တစ်ပွဲပါယူခဲ့နော်"

ပိုင်စိုးက စားပွဲထိုးကို လှမ်းအော်မှာလိုက်သဖြင့် သော်ဒီက



www.burmeseclassic.com

www.burmeseclassic.com



တားတ၏။

“ဟော့ကောင် ဖွတ်မှာမနေနဲ့နော်၊ ဘယ်သူ့ရှင်းမှာမို့လဲ”

“တို့ထဲက ဒီနေ့ ဖွတ်တဲ့ကောင်ရှင်းပေါ့”

“ဘယ်သူမှ မဖွဲ့ရင်ကော”

“အားလုံး စုပေါင်းဒွလ္လဘ ရဟန်းခံ ရှင်ပြုပေါ့ကွာ ဟဲ ဟဲ”

ထိုအခိုက် ခပ်နွမ်းနွမ်း အဝတ်အစားနှင့် လူတစ်ယောက် လင်းရောင်တို့အုပ်စုကို တရင်းတနှီး နှုတ်ဆက်ပြီး အတင်းဝင်ထိုင်လေ၏။

“ဟား ပွကြီးတို့အုပ်စုပါလား အတော်ပဲ”

စာသင်နှစ်လေးနှစ်တက်ရတာကြာလို့ သူ့ဟာသူ ကျောင်းပြီး လိုက်သော နေမင်း အမူအရာက ဝမ်းသာအဲလယ် ရှိလွန်းနေသည်။

“ဟာ နေမင်း မတွေ့ရတာကြာပြီကွာ၊ မင်းလည်း မိန်းမရ ပြီးကတည်းက ပျောက်သွားလိုက်တာ”

“ဒီလိုပေါ့ကွာ အိမ်ထောင်သည်ဘဝဆိုတာ တိုက်ပွဲတွေများ တယ်ကွ အဟင်း မင်းတို့အုပ်စုထဲမှာ ပိုင်စိုးတောင် တော်တော်ပိန်သွား ပါလားကွ ဂျွတ် ဂျွတ် ဂျွတ်”

နေမင်းက အလ္လာပ သလ္လာပပြောရင်း အကြော်များကိုတစ်ခု ပြီးတစ်ခု ကောက်ဝါး၏။ ညှောင်းညှောင်းဆာဆာနှင့်စားဖို့ အားခဲလာ သော လင်းရောင်တို့အုပ်စုမှာ အဆင်ပြေပုံမရသော သူငယ်ချင်းကိုလည်း





တောအရောက်သဖြင့် တဲတွေးကိုသာ အဆာပြေ မျိုချနေရသည်။

“အေးကွာ ပိန်ဆို အိပ်ရေးပျက်လို့လားမသိဘူး ညည အကြော တွေတက်ပြီး မျက်စိကြောင်နေတယ် အိပ်လို့မပျော်ဘူး”

“ဟေ ဟုတ်လား အရင်တုန်းက ငါလည်းမင်းလို ဖြစ်ဖူးတယ်၊ ခတော့ ငါ အဲလိုအကြောတက်ပြီး အိပ်မရရင် မိန်းမက အိပ်ခါနီး ဆွေရာပေါ်မှာ သချာနင်းနှိပ်ပြီး တီတီတာတာပြောတာလေးတွေ နား ထောင်ရင်း ရောဂါပျောက်ပြီး အိပ်ပျော်သွားရော”

“ဟင် တကယ်လား ဒါဆို အခု မင်းမိန်းမ အိမ်မှာရှိလား”

“အေး ရှိတယ်”

“အရင်လိပ်စာပဲ ဟုတ်လား၊ ငါလည်း အနင်းခံရင်း အိပ်ချင် လို့”

“ဟမ်”

“ဝါး ဟား ဟား ဟား ဟား”

“နေမင်း နေမင်း မင်းကတော့လေ မိန်းမလိမ္မာတာ ကြွားချင် လို့ ခံရတော့မယ် ဟား ဟား ဟား”

သော်ဇင်က မျက်ရည်ပေါက်ကြီးငယ်ကျအောင် ဖင်ဆောင့်ရယ် ရင်း သောက်လက်စ စီးကရက်တိုကို တောက်ထုတ်လိုက်သည်။

တစ်ဆက်တည်းလိုပင် တစ်ဖက်ဝိုင်းမှ မိန်းကလေးတစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



အထိတ်တလန့် ထအော်သံကို ကြားရ၏။

"အား ပူတယ် ပူတယ်"

"မြတ်စွာဘုရား ဘာ ဘာဖြစ်တာလဲ အမရာ"

"ဟဲ့ လုပ် လုပ်ကြပါဦး နွေးနွေးရဲ့ အား"

"ဘာဖြစ်တာလဲဆိုတာ ပြောဦးလေ အမရာရဲ့၊ နင်ကလည်း အလန့်တကြား"

"ငါ့အင်္ကျီလည်ပင်းပေါက်ထဲ စီးကရက်မီးဝင်သွားလို့ဟ အား လား လား"

"ဟင် ဒါဆို မြန်မြန်ပွတ်ချေလိုက်လေ ဒုက္ခပါပဲ"

"တောက် အရမ်းပူတယ်ဟာ ဘယ်က အုတ်ကြားတီညပ်က ပစ်ထည့်လိုက်သလဲ မသိဘူး"

လင်းရောင်တို့အုပ်စု ချက်ချင်းသဘောပေါက်လိုက်သည်။ ပြီးသနားက သော်ဒီတောက်ထုတ်လိုက်သည့် စီးကရက်မှ မီးခဲတခြား အစီခံတခြား လွင့်စင်သွားပုံရသည်။

"ဟာ သော်ဒီ အဲဒါ အမရာတို့အုပ်စုကွ သွား သွား မြန်မြန် သွားတောင်းပန်လိုက်"

ပိုင်စိုး အပြောကြောင့် သော်ဒီမျက်နှာ ရှုပ်ပျက်ဆင်းမှုန် ပြီးကျသွားသည်။





"ဟင် ဘုရား ဘုရား"

"ဟေ့ ဟိုဘက်ဝိုင်းက ဝရမ်းပြေးနဲ့ပိုင်းတာမရဲ့ ဂျန်နရေးရှင်းတွေ စီးကရက်မီးကို စည်းပျက်ကမ်းပျက် တောက်ထုတ်ရသလား"

အမရာဘော်ဒါများဖြစ်သော မဒီတို့ နွေးနွေးတို့က ရန်စွယ်ငေါငေါ မာန်အပြည့်နှင့် ရန်တွေ့သည်။ သော်ဒီတို့အုပ်စုမှာတော့ ပေါင်ရန်မေ့နေသော ခွေးလေခွေးလွင့်များလို အမြီးကလေး ကုပ်ပြီး သွားဖြဲဖြဲရုံသာရှိ၏။ အခြေအနေမဟန်တာ သိလိုက်သော နေမင်းလည်း လက်ကျန်ဘူးသီးကြော် နှစ်ချောင်းကောက်ဝါးပြီး နူတ်မဆက်ဘဲ ရုတ်တရက် ခွဲသွားသည်။

သော်ဒီမှာတော့ တရုတ်တုံကျောင်းမှ ဆင်းတုတော်ရှေ့ရောက်သလို ဒူးထောက်နေရပြီ ဖြစ်သည်။

"ကျွန် ကျွန်တော် တောင်းပန်ပါတယ်ဗျာ၊ ဟို မတော်တဆော် အဲ မတော်တဆ"

တောင်းပန်လာသော သော်ဒီကိုမြင်တော့

"ဪ ရှင်တို့အုပ်စုပဲကိုး၊ ရှင်တို့ရဲ့မတော်တဆကလည်း အင်္ကျီရင်ဘတ်ပေါက်တည့်တည့်ကိုမှ ဝင်လာရသလား၊ ဘယ်လောက်ခံရခက်ယဲဆိုတာ စဉ်းစားကြည့်"

"ကျွန်တော် ဘာ ဘာများလုပ်ပေးရမလဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်က ဘာလုပ်ပေးချင်သေးလို့လဲ"

အမရာ နွေးနွေးနှင့် မာရီယာတို့တစ်ယောက်တစ်ပေါက် ရန်တွေ့နေကြသဖြင့် လင်းရောင်တို့လည်း ဖြေသာအောင် ပိုင်းဝန်းဖေးမ ဝင်ပြောကြ၏။

"ဟုတ်သားပဲ သော်ဒီရာ ဆေးလေးဘာလေး လိမ်းပေးလိုက်ပေါ့"

"ဘာ ဘာပြောတယ် ရှင်တို့မှာ အစ်မတွေ နှမတွေ မရှိဘူးလား"

နွေးနွေး၏အမေးကို မိုးမြင့်က အမှန်အတိုင်း ဖြေလိုက်သည်။

"ရှိပေမယ့် မနှစ်ကပဲ လင်နောက်လိုက်သွားကြပါပြီဗျာ"

"တောက် ဘယ်လိုဟာတွေလဲ မသိဘူး"

အခြေအနေက တစ်စထက်တစ်စ ဆိုးရွားပြင်းထန်လာ၏။ အမရာ အပါအဝင် အားလုံး၏မျက်ဝန်းတို့တွင် စိန်ပန်းများ ရဲရဲတောက်ပွင့်ကြသည်။

"ကဲပါဗျာ ကျွန်တော် ကြားထဲက တောင်းပန်ပါတယ်၊ ဉာဏ်ပညာထက်မြက်သူတွေဟာ အမျက်ဒေါသကို ထိန်းနိုင်ကြတယ်တဲ့"

ပညာရှိဖြစ်ချင်၍လားမသိ အားလုံး ပါးစပ်ပိတ်သွားကြ၏။ အမရာဆိုလျှင် သိက္ခာရ သီလရှင်ဆရာကြီးတစ်ပါးလို မျက်လွှာချသွား





သေးသည်။

"ဟုတ်ပါတယ်ဗျာ ရင်ပူရမယ့်ကိစ္စတွေ ငြိမ်းသွားအောင် ကျွန်တော်တို့ အဒေးတိုက်ပါရစေ ဆိုင်ပြောင်းပြီး သောက်ကြရအောင် လိုက်ခဲ့ပါနော်"

"ကဲ အားလုံး ကျေအေးပြီး မိတ်ဖြစ်ဆွေဖြစ် ဆက်ဆံရေးသစ်ကို ထူထောင်လိုက်ကြရအောင်ဗျာ"

"ဟုတ်ပါတယ်ဗျာ ဟုတ်ပါတယ် ကဲ လိုက်ခဲ့ကြပါနော်"

"ကဲ လာကြ လာကြ"

"အိုး ရှင် ကျွန်မကို ဘာလို့လာဖက်ရတာလဲ"

"ဟိုက် ဆောရီး ဆောရီးဗျာ ကျွန်တော့်သူငယ်ချင်းမှတ်လို့"

ကျေအေးခါနီးမှ ပူညံပူညံကိစ္စက ထပ်ပေါ်လာ၏။ ပိုင်စိုးက ဒီ့ကို လူမှားပြီး ပခုံးဖက်လိုက်ရာမှ စခြင်းဖြစ်သည်။

ထိုကိစ္စကြောင့် မဒီ မျက်မှောင်ကလေး ကျုံ့ရင်း ခေါင်းငုံ့သွား ကျန်လူများက တစ်ဦးကိုတစ်ဦး မေးဆတ်ပြရင်း ကြိတ်ကာ ရယ်ကြသည်။

မည်သို့ပင်ဖြစ်စေ မဒီတို့အုပ်စု လိုက်လာကြသဖြင့် သော်ဒီ အားလုံး မာန်တက်နေကြသည်။

သိပ္ပံကင်တင်းရောက်သောအခါ လူအုပ်နှင့်စားပွဲက မဆန့်။



www.burmeseclassic.com

www.burmeseclassic.com



အခြားစားပွဲနှင့်ဆက်၍ ထိုင်ခုံများဆွဲသူက ဆွဲသည်။ ပိုင်စိုးက မဒီ့ကို နေရာပေးတ၏။

မိုးမြင့်က နွေးနွေးကို မျက်နှာလုပ်ပြီး သူ့အနားတွင် ထိုင်စေရန် တစ်ဖက်မှ ခုံကို လှည့်မကြည့်ဘဲ လှမ်းဆွဲသည်။

မဒီအထိုင်နှင့် မိုးမြင့်ခုံကို လှမ်းအဆွဲ တစ်ပြိုင်တည်းကျ၍ မဒီ ဘိုင်းခနဲ ဖင်ထိုင်လျက် လဲ၏။ မဒီ ပုံပျက်ပန်းပျက် ပြုတ်ကျသွားပြီး လွင့်ထွက်သွားသော ဒေါက်ဖိနပ်က မိုးမြင့်ခေါင်းပေါ် ကွက်တိရောက်လာခဲ့သည်။

"ဟိုက် သွားပြန်ပြီဟ အကုသိုလ်က ပက်လက်ကြီးဝင်လာတော့တာကိုး"

အာမေဍိတ်သံ အမျိုးမျိုး ထွက်လာသည်။ ရှက်ရွံ့နာကျင်မှုဒေါသနှင့် မဒီ လဲနေရာမှ ထဖို့ကြိုးစား၏။ ပိုင်စိုးက ကြေကွဲမှုများဖွေးဖွေးလှုပ်နေသော မျက်နှာနှင့် မဒီ့ကိုဆွဲထူကာ ဖုံခါပေးသည်။

မဒီက ပိုင်စိုးကို အားပြုထရပ်ပြီး လန်တက်နေသော ထ[illegible] အနားစကိုဆွဲချရင်း ရန်တွေ့ဖို့ ဟန်ပြင်သည်။

"မဒီ မဒီ ရ ရဲ့လား ဘာဖြစ်သွားသေးလဲ"

ပိုင်စိုး၏ စိုးရိမ်ပူပန်မှုကို မဒီက ဒေါသနှင့်တုန့်ပြန်သည်။

"ဖယ်ပါ ကိုယ့်ဖာသာကိုယ် ခါမယ်"





ဒေါသနှင့်လှည့်ထွက်သွားသည့် မဒီ၏နောက်ပိုင်းကို သတိပြုမိုက်မိသော ပိုင်စိုးမှာ စိုးရိမ်တကြီး လေသံနှင့်

"ဟင် မဒီ နောက်မှာ ဟို ဟို"

ပိုင်စိုး၏ပုံမှန်မဟုတ်သော အမူအရာကြောင့် အားလုံး အလန့်တကြားနှင့် မဒီ့ နောက်ကျောသို့ ဝိုင်းကြည့်ကြ၏။

"ဟယ် မဒီ ကြည့်စမ်း အဗွာ အဗွာ"

"ဟာ ဟုတ်ပါရဲ့"

အမရာတို့သာမက ယောကျ်ားလေးအုပ်စုပါ မဒီ့နောက်ကျော[illegible]ဝိုင်းကြည့်နေကြသဖြင့် မဒီ မလုံမလဲ ဖြစ်သွားသည်။ အခြေအနေကို [illegible]မိသော အမရာက

"အို ရှင်တို့က ဘာကိစ္စ ဝိုင်းကြည့်နေရတာလဲ လာ လာ [illegible]တို့တွေ လက်ဆေးရိန်ကို သွားကြမယ်"

အမရာက မဒီ့အား ရေကြီးသုတ်ပျာ ပုံစံနှင့်ဆွဲခေါ်သွား၏။ [illegible]က မဒီချော်လဲသောနေရာကို ဖိနပ်နှင့်တဖျန်းဖျန်း ရိုက်သည်။

"ဟာ ဒါ ဘာမှမဟုတ်ပါဘူး၊ ကွမ်းတံတွေးတွေပါ"

ပိုင်စိုးစကားကြောင့် အားလုံး နှုတ်ခမ်းများမဲ့နေရာမှ အတွေး[illegible]ပြီး စိတ်ပေါ့ပို့သွားဟန်နှင့် ရယ်ဖြစ်ကြသည်။ ထိုနေ့က ပြောင်ဆန်[illegible] တောင်းပန်ခြင်း ဝေဖန်၍လှောင်ခြင်းများ အပြင်းအထန်ပြုလုပ်



www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် လင်းရောင်တို့အုပ်စုနှင့် အမရာတို့အဖွဲ့ မိတ်ဆွေများ ဖြစ်ခဲ့ကြလေသည်။

## ကျွန်တော်နှင့် ထီးထီးမမှိုင်သောကောင်မလေး

သစ်ပုတ်ပင်ကြီးသည် သူ၏ဖြစ်တည်မှုကို မာန်ဝင့်လျက်ရှိပြီး သိမ်မကမ်း ဓားလွယ်ခုတ်အရပ်ရှိ ဘွဲ့နှင်းသဘင်ခန်းမအား ငုံ့ကြည့် မတုမတန်သလို ဂိုက်ဖမ်းနေ၏။

ကိုလိုနီခေတ်လက်ကျန် အဆောက်အဦများနှင့် ခေတ်ပေါ် ဆောက်အဦတို့ရောယှက်နေသော တက္ကသိုလ်မြင်ကွင်းသည် ဘိုးဘွား သာတွင် လူငယ်များ ပျော်မြူးနေသည့် မြင်ကွင်းနှင့်တူလှ၏။

ထိုအထဲတွင် ပညာရင်နို့ သောက်စို့ပြီး အပတ်တကုတ် လေ့ သည်းပူးနေသူများရှိသလို အပျော်ကျူးနေသူများလည်း ရှိသည်။ ပညာကော ကြင်ယာပါရှာလျက် ပူဇော်ချွဲချန်ပီယံဆုဆွတ်ခူးလိုသူ



www.burmeseclassic.com

www.burmeseclassic.com



များလည်း ရှိကြသည်။

တတိယအမျိုးအစားကတော့ အင်အားအများဆုံး ဖြစ်ဖွယ်ရှိလေသည်။ တတိယအုပ်စုဝင်များဖြစ်ကြသော ပိုင်စိုး၊ သော်ဒီနှင့်မိုးမြင့်တို့မှာ လသာတုန်း ပိုင်းငင်ပြီး မိုးရွာတုန်း ရေခံတတ်ကြသူများဖြစ်၍ ရည်ရွယ်ချက်မျှော်မှန်းထားသူများနှင့် အဆင်ပြေစွာ လက်တွဲကာ ချစ်ပွဲဝင်နေကြပြီ ဖြစ်သည်။

လင်းရောင်တစ်ယောက်သာ သင်းကွဲမျောက် ဖြစ်နေသည်။ သော်ဒီတို့က မျောက်လွှဲကျော်များဆိုလျှင် လင်းရောင်က ချင်ပန်ဇီဖြစ်သူ အမြီးမပေါက်သေးချေ။

သို့သော် အမြဲတစေ မှုးပြီး တလွဲတချော်သာ ပစ်ခတ်နေတတ်သော မြားနတ်မောင် မောနင်းပက် မပက်ရသေးခင်တစ်ရက်တွင် လင်းရောင်နှင့်ပက်ပင်းဆုံ၏။ ဒီတစ်ခါတော့ မြားနတ်မောင်သည် ဆရာဖြစ်သူ ပျူစောထီး၏သမားဂုဏ်ကို မြှင့်တင်ပေးနိုင်ခဲ့သည်။

လင်းရောင်နှင့်လွှတ်လပ်ငြိမ်း တွေ့ဆုံမှုသည် တကယ်တော့ သိပ်ထူးခြားဆန်းပြားလှသည့်ကိစ္စမဟုတ်။ စာအုပ်ငှားဖို့သွားသည့် လင်းရောင်နှင့် သူမတို့တက္ကသိုလ်စာကြည့်တိုက်တွင် စတင်ဆုံတွေ့ခဲ့ခြင်းဖြစ်ရပ် မှာ ဘာများဆန်းကြယ်လှပါသနည်း။

သို့သော် ထင်လင်း မြန်မာပြန်သော အဲဘာတ်ကမူး၏ အောင်





ဆိုဒ်ဒါ (စည်းအပြင်ကလူ) ဝတ္ထုကက်တလောက်ကို ရှာရန် အံဆွဲကို သူမ်းဖွင့်ချိန်တွင် သူမကလည်း အံဆွဲကိုလှမ်းအဆွဲနှင့် တစ်ချိန်တည်းဆုံ၍ သူမ လက်ကလေးကို လင်းရောင်လက်နှင့် ဆုပ်ကိုင်မိသလို ဖြစ်သွား၏။ အေးလိုက်တာ။

"သိုင်းကျူးနော်"

"ရှင် ဆောရီးလို့ ပြောရမှာ မဟုတ်ဘူးလား"

"မသိဘူး ကျွန်တော်က အလိုလိုနေရင်း ကျေးဇူးတင်နေချင်တဲ့ကောင်"

"ဒါဆိုရင်လည်း ကိုယ့်လက်ကိုလွှတ်တော့လေ"

သူမပြောမှ အသိဝင်လာပြီး ကမန်းကတန်းနှင့် သူမ၏လက်ကလေးကို လွှတ်ပေးလိုက်ရသည်။ လက်သည်းဆိုးဆေး မပါသော ဖြူဖွယ်သွယ် ထိုလက်ချောင်းကလေးများသည် လောကနတ်ရုပ်ထုမှ ကော်ယူတပ်ဆင်ထားသလား ထင်ရ၏။

"အဟင်း ဒီတစ်ခါတော့ သိုင်းကျူးလို့ မပြောတော့ပါဘူး။ အမှန်တကယ် ဆောရီးပါပဲဗျာ၊ ဒါနဲ့ ဒီစာအုပ် ခင်ဗျားအရင်ယူရင်ရော နောက်တော့မှ ကျွန်တော် ဖတ်မယ်"

"ကိစ္စမရှိပါဘူး ကိုယ့်မှာဖတ်စရာ စာအုပ်ရှိပါသေးတယ်"

ထို့နောက်မှာတော့ သူမက အခြားစာအုပ်များကို ရှာဖွေရွေး



www.burmeseclassic.com

ချယ်နေသဖြင့် လင်းရောင်လည်း တစ်လှမ်းနှစ်လှမ်း ဆုတ်၍ အမှတ်ထင်ထင်ပင် အကဲခတ်နေလိုက်မိသည်။

မိန်းမသားတစ်ဦးဖြစ်လျက် မိန်းမတို့၏လိမ်းခြယ်ပြင်ဆင်မှု များမတွေ့ရသောအခါ လင်းရောင်အတွက် နည်းနည်းတော့ ဆန်းလာသည်။ ဘာကြောင့်မှန်းမသိ အိပ်ရေးမဝသည့် မျက်လုံးမျိုးနှင့်လည်း သူမက လိုက်ဖက်နေသည်။

လင်းရောင်ဘဝတွင် အိပ်မက်ထဲအထိပင် စွဲလန်းမြင်မက်ခဲ့ဖူးသော သင်ဇာဝင့်ကျော်၏မျက်ဝန်းမှလွဲလျှင် သူ့ရင်ကို ဒုတိယအကြိမ်အသိပေး ပုတ်နှိုးနိုင်စွမ်းသော မျက်လုံးမျိုးပင်ဖြစ်သည်။ ထိုမျှနှင့် မပြီးသေးပါ။

ရှပ်အင်္ကျီအပွအား ခါးတွင်ချည်နှောင်ထားသော သူမ၏ဖင်စတိုင်(လ်)သည့် ကမ္ဘာမြေပေါ်သို့ ချွေးသိပ်ရုံတမယ် တဖွဲဖွဲကြွေလွင့်နေသော မိုးစက်ပွင့်များလို ကပိုကရို လှ၏။

ထို့ထက် စွဲမက်စရာကောင်းသောအရာမှာ ဘာတစ်ခုမှ လိမ်းခြယ်ထားခြင်း မရှိဘဲ အဆီပြန်၍ ပြောင်တင်းနေသည့် သူမ၏မျက်နှာလုံးဝန်းဝန်းလေးပင် ဖြစ်သည်။

ထားပါ သည်လောက်နှင့်တော့ လင်းရောင်၏ချစ်သူအဖြစ်ယတိပြတ် စိတ်မဝင်စားနိုင်သေး။





ယတိပြတ် စိတ်မဝင်စားနိုင်သေး။

ယောကျ်ားတစ်ယောက်၏ ဣန္ဒြေဖြင့်ဆက်ပြီး မသိမသာ အကဲခတ်ကြည့်သည်။ နဖူးမှ တစ်ချက်တစ်ချက် ဝေ့ဝဲကျလာသည့် ဆံစများအား သူမ လက်ချောင်းလေးနှင့် သပ်တင်လိုက်သောအခါ အင်္ကျီလက်ညှပ်မှတစ်ဆင့် သူမ၏ဝင်းဝါစိုပြေပြီး ကြက်သီးဖုလေးများ ထနေသည့်ချိုင်းဖွေးဖွေးကို လင်းရောင် ရုတ်တရက် မြင်လိုက်ရသည်။

ပြောနိုင်ပါသည်၊ အရှေ့တောင်အာရှတွင် ထိုချိုင်းကလေးသည် အလှဆုံးနှင့် စွဲမက်စရာအကောင်းဆုံး ဖြစ်နိုင်လေသည်။

အဟား သည်လောက်နှင့်လည်း သူ့ချစ်သူအဖြစ် အလုံးစုံ ဆုံးမခုန်နိုင်သေးပါ။ ဘာတစ်ခုမှ ဖရဲဖရောရော မျှော်လင့်ခြင်းမရှိသော်လည်း အလကားရလျှင် ရသလို ယောကျ်ားစိတ်နှင့် သူ ထပ်ကြည့်မိပြန်သည်။

ဤနေရာတွင် ယောကျ်ားတို့၏သဘာဝကို အနည်းငယ် ရှင်းပြလိုပါသည်။ အချို့ယောကျ်ားများသည် မိမိရှေ့မှ လျှောက်လှမ်းနေသော အမျိုးသမီးတစ်ဦး၏ ကိုယ်ကာယလှပမှုကိုမြင်လျှင် ထိုအမျိုးသမီးအား ခြေလှမ်းကျဲနှင့် မီအောင်လိုက်၍ မျက်နှာအလှကိုပါ ကြည့်လိုက်ရမှ စိတ်အေးသွားသူမျိုး ရှိ၏။

တဖန် လှပချောမောသည့် အမျိုးသမီးတစ်ဦးကို တွေ့လိုက်

www.burmeseclassic.com



သွင်သည်။ ထိုအမျိုးသမီး၏ကိုယ်လုံး ကိုယ်ထည်ကို တစ်ပါတည်း အဆစ်ပြုတ်ကြည့်လိုက်ရပါမှ စိတ်ဆန္ဒပြည့်ဝသွားသူများလည်း ရှိသည်။

အဆိုးဆုံးမှာ အငမ်းမရ တောက်လောင်နေသည့် မိမိမျက်ဝန်းများအား လူမမြင်နိုင်စေရန် အစိမ်းရင့်ရောင် သို့မဟုတ် အနက်ရောင် မျက်မှန်များ တပ်ဆင်၍ကြည့်တတ်ကြသည့် ယောကျ်ားမျိုးပင်ဖြစ်၏။ (မှတ်ချက်–ထိုသို့ မျက်မှန်တပ်ထားသော ယောကျ်ားများကို အမျိုးသမီးတိုင်း အထူးသတိချပ်သင့်၏)

လင်းရောင်ကတော့ ထိုအမျိုးသားစုတွဲတွင် မပါဝင်။ လက်ချောင်း ခြေချောင်းလေးများ သန့်ရှင်းလှပမှုရှိမှ ထိုအမျိုးသမီးကို စိတ်ဝင်စားတတ်သည်။ သို့နှင့် သူမ၏ခြေချောင်းလေးများကို အကဲခတ်ရန် အကြည့်ကို အောက်သို့ တဖြည်းဖြည်း လျှောချ၏။

အလို လင်းခနဲ လက်ခနဲ ရင်ခုန်ရင်း လင်းရောင် ကြက်သီးတဖြန်းဖြန်း ထသွားသည်။ ဘယ်သူ ရှက်သင့်မှန်းမသိသော်လည်း ယောကျ်ားတစ်ယောက်၏ ရှက်သွေးဖြင့် သူ့မျက်နှာနီမြန်းသွားလိမ့်မည် ထင်သည်။

စက်ပ်ထဘီလား ထဘီစကပ်လား အမျိုးအမည် မခွဲခြားတတ်သော သူမ၏ခါးစည်းနံ့ဘေးမှ ဖဲစက အံခဲ့ချော်ပြီး ကွဲထွက်နေ၏။

မျက်လုံးရှက်ပြီး လင်းရောင် ချက်ချင်း မျက်နှာလွှဲလိုက်သည်





သို့သော် အမှန်ကို ဝန်ခံရမည်ဆိုလျှင် ဖော်စောက ရှိခဲ့သော ယောကျ်ားတစ်ယောက်၏ ဣန္ဒြေသည်လည်း တဖြည်းဖြည်း ရေစီးကမ်းပြိုလိုက်၍သွား၏။

အသိမပေးဘဲ ထားလိုက်လျှင် သူမ အပြန်တွင် ခေါ်တောဲသိန်းအားမျက်လုံးတို့၏ ပွန်းပဲ့တိုက်စားမှုကို ခံရနိုင်သည်။ ဘာပဲဖြစ်ဖြစ် သွေးပေါင်ကျစပြုနေသော စကားလုံးများနှင့် အရဲစွန့်ကာ ပြောကြည့်ရန် ကြိုးစားမိသည်။

"ဟို ဟိုလေ မင်းရဲ့လုံချည်ဂါဝန် ဖဲမကောင်းဘူးနဲ့တူတယ်"

သူမကို ကျောခိုင်းကာ မျက်နှာသေးစောင်းအနေအထားနှင့် ထိုးတိုးပြောလိုက်သည့် လင်းရောင်၏စကားကြောင့်

"ရှင်"

အထိတ်တလန့်အသံ ထွက်လာပြီး လှပသော မျက်ဝန်းများ မျှကျယ်ပိုင်းစက်သွားခဲ့သည်။ လင်းရောင်လည်း ပြောပြီးပြီးချင်း ရုတ်ခနဲ ပြန်လှည့်လိုက်ရသည်။ ခုန်လိုက်သည့်ရင်က တရစပ်။ ခပ်ဖွေ့ဖွေ့ သာ ကျန်တော့သော ဣန္ဒြေကို ခုန်ထွက်မသွားစေရန် ရင်ဖိနေရသည်။

"ရှင် တဆိတ်လောက် ကိုယ့်ကို ကွယ်ရပ်ပေးထားပါနော်"

"ဗျာ ကျွန်တော် သေသေချာချာ မကြည့်မိသေးပါဘူး"

"အို ဘယ်သူက ကြည့်ခိုင်းနေလို့လဲ ခဏလောက် ကွယ်ရပ်



www.burmeseclassic.com

www.burmeseclassic.com



ပေးထားဖို့ တောင်းပန်နေတာ၊ ယူ့ကိုယ်ကို မတိုးပြီး အနားကိုတိုးခဲ့လေ"

စန်းကျင်တွင် ကျောင်းသားကျောင်းသူများကလည်း ဥဒဟို ဖြတ်သန်းနေကြသည့်မို့ လင်းရောင်မှာ ခြေတစ်လှမ်းနောက်ပြန်ဆုတ်ရင်း သူမအနားသို့ တိုးကပ်ရပ်လိုက်သည်။

ဟာဒလေ အော်ဒီကလုံးနှံ့ဆွတ်သော သူမ၏ကိုယ်သင်းနံ့က လင်းရောင်၏အသက်ရှူပေါက်ဝသို့ ခပ်နင့်နင့်ဝင်ဆောင့်၏။ မွှေးလိုက် တာ။

"ရပြီနော် ကျေးဖူး"

သူမ၏ကျေးဖူးဆိုသော အသံသည် သူ့နားထဲသို့ ကြည်လင် ပြတ်သားစွာနှင့် တန်းတန်းကြီး ဝင်လာသည်။ ဒီကိစ္စနှင့်ပတ်သက်ပြီး သူမအသံသည် အနည်းဆုံး ကတုန်ကယင် ဖြစ်နေဖို့ကောင်းသည်။

ထူးခြားလွန်းသော အမူအကျင့်ကြောင့် သူမအား အနည်းငယ် သွေးတိုးစမ်းကြည့်ချင်စိတ်ပေါ်လာသည်။

"မင်းပေးတဲ့ကျေးဖူးတွေက ပြုတ်စားလို့မှမရတာ"

"အလဲ့ ယူက အလာကြီးပါလား။ ဒါဆို ဘာစားချင်လဲ ပြော"

"သံယောဇဉ်ဆိုတဲ့ အမျှင်တန်းတွေကို ချဉ်ငံနှစ်သုတ်စား တယ်"

"အဲဒီတစ်ခုကတော့ ကိုယ့်မှာကျွေးဖို့ ဆန္ဒမရှိသေးလို့"





"ရတယ်လေ ကျွန်တော်ကလည်း ကိုယ်ဆန္ဒမရှိတဲ့အရာဆို ဘယ်လောက်ကျွေးကျွေး စားဖို့စိတ်မပါဘူး"

"ဒါဆိုရင် ကိုယ့်ကိုပြန်ခွင့်ပြုနော်၊ ယူ့ဆန္ဒပြည့်ဝဖို့ ကိုယ် ဆုတောင်းပေးပါတယ်"

"ကောင်းပြီလေ ကျွန်တော်တို့ သောကြာနေ့ကျရင် ထပ်ပြီး တွေ့ကြရအောင်"

"ဘယ်သူက တွေ့မယ်ပြောလို့လဲ"

"အဲဒါ ကျွန်တော် စိတ်မဝင်စားဘူး ဒါပေမဲ့ ကျွန်တော့်ဘဝမှာ ဘယ်မိန်းကလေးကိုမှ မပေးခဲ့ဘူးတဲ့အခွင့်အရေးတစ်ခု မင်းကိုပေးချင် လို့"

သူမပါးစပ်အဟောင်းသားနှင့် လင်းရောင်ကို မော့ကြည့်ပြီး ကျက်လုံးကလေး ပြူးပြ၏။

"အား ပါး ပါး ယူ့စကားတွေက ကိုယ့်ကိုယ်ကို အထင်ကြီးမှု တွေနဲ့ သိပ်ပြီး ဘဝင်မြင့်ရာရောက်မနေဘူးလား၊ အဲဒါ မိန်းကလေး ကကပေးရမယ့်အခွင့်အရေး မဟုတ်ဘူးလား"

"အဲဒါလည်း ကျွန်တော်မသိဘူး။ တစ်ခုတော့ရှိတယ်၊ ယောကျ်ား တစ်ယောက်အတွက်လည်း သူမြတ်နိုးတွယ်တာမိတဲ့အပေါ်မှာ ဘယ်ကို ပြီးသေးလို့ စွန့်စားရတာမျိုးပဲလို့ ကျွန်တော် ယုံကြည်တယ်၊ အဲဒီစွန့်စားမှု



www.burmeseclassic.com

www.burmeseclassic.com



အတွက် မင်းနဲ့ကိုယ် ထပ်တွေ့ဖို့ လိုလိမ့်မယ်''

''မဆိုးပါဘူး ကိုယ်တွေ့ဖူးသမျှ ယောက်ျားတွေထဲမှာတော့ ယူ့စကားလုံးတွေက ကိုယ့်ကိုအပျင်းပြေစေဆုံးပဲ၊ ကောင်းပြီ တွေ့မယ် လေ အင်းလျားဆောင်ကို လာခဲ့''

သူ့ကိုယ်သင်းနံ့ကို တစ်စွန်းတစ်စမျှ မကျန်အောင် သိမ်းဆည်း၍ လှပစွာထွက်ခွာသွားသော သူမကိုငေးကြည့်ရင်း နှလုံးသား ဖရိုဖရဲ နှင့်ကျန်ခဲ့၏။

သူမသည် သူ့အသည်းနှလုံးပလ္လင်နန်းထက်၌ စံမြန်းကိန်းဝပ် မည့် သခင်မအစစ်ဖြစ်ကြောင်း ချက်ချင်းဆိုသလိုပင် သေချာသွားလေ တော့သည်။

■ ■ ■

မိုးစင်စင်လင်းမှ နံနက်ခင်းကိုတွေ့ရမည်ဖြစ်သော်လည်း ညက တည်းက လရောင်ထဲတွင် နံနက်ခင်းကို အထပ်ထပ်ရှာဖွေနေမိသည်။ ထိုအလင်းမဲ့နံနက်ခင်း၏နှင်းတောထဲတွင် နိုးနားနေသည့် ငှက်အဖြူ တစ်ကောင်လိုချစ်သူရှိနေသည်။

နှင်းဆီဥယျာဉ်တစ်ရာကို ချစ်သူအား လက်ဆောင်ပေးရန် ရဲလို့ ပေ့ဂျစ်စာအုပ်များ၊ သိမ်ငယ်မှုနှင့်ညှိုးနွမ်းနေကြမည်လား မသိ။

ဥဩနှင့်ကျိုးကန်းကို မှားယွင်းစွာ လောက်လေးနှင့်ရမ်းသမ်း





ပ်ခဲ့ဖူးသော လင်းရောင်အတွက် အချစ်ဆိုသည်ကို ပိုင်းခြားသတ်မှတ် တတ်ပြီလား မပြောတတ်။

တစ်ကိုယ်လုံး စေးထန်စွာ စိုထွက်နေသည့် ချွေးသီးချွေးပေါက် များအား လေပူတို့ဝေ့ဝဲတိုက်ခတ်လာသောအခါ လင်းရောင် ရင်ထဲ အေးမြလန်းဆန်းသွား၏။ ချစ်သူရှင်လန်းချမ်းမြေ့ပါစေ။

စိတ်အားထက်သန်စွာ ဝီရိယကောင်းလွန်းနေသော လင်းရောင် ထွက်လာချိန်တွင် တက္ကသိုလ်သည် လူသူကင်းရှင်းလျက်ပင် ရှိနေသေး သည်။

ကံ့ကော်တောဖြတ်လမ်းလေးသည် အရွယ်စုံ သစ်ရွက်ကြွေများ နှင့် ဖွာတ်ဖွာတ်လူး ပြည့်နှက်နေသည်။ အင်းလျားဆောင်သို့ရောက်ရောက် ခြင်း စည့်တွေ့ခန်းထိုင်ခုံတွင် မရဲတရဲ ဝင်ထိုင်လိုက်၏။

ဘယ်သူ့ကိုခေါ်နိုင်းရင်ကောင်းမလဲဟု စဉ်းစားနေခိုက် အခိုက် အတန့် နံနက်ခင်းမှာပင် လွှတ်လပ်ငြိမ်း ရောက်လာသည်။ ဘလောက်(စ်) အင်္ကျီပွင့်ရိုက်လေးနှင့် လွှတ်လပ်ငြိမ်း၏လုံးဝန်းသွယ်မွတ်သော လက် မောင်းကလေးကို လင်းရောင် အတိုင်းသားမြင်လိုက်ရသည်။

အင်္ကျီလက်ပြတ်များထဲမှ တွဲလောင်းကျနေသည့် အမျိုးသမီး အတော်များများ၏ဖြူသော ညိုသော သွယ်သော တုတ်သော လက် မောင်းများကို လင်းရောင်ရိုးအီနေအောင် မြင်ခဲ့ဖူးသည်။

www.burmeseclassic.com



သို့သော် ယခုမြင်နေရသော လွှတ်လပ်ငြိမ်း၏လက်မောင်းကလေးများကတော့ လင်းရောင်အတွက် နှိုင်းယှဉ်စရာ အလက်ာမဲ့လောက်အောင် စွဲဆောင်မှုရှိနေသည်။ အကြည့်ကို ဖောင်းပေးနေမှ အချိန်ကြာမြင့်သွားသဖြင့်

"မင်္ဂလာပါ ယူ၊ ကိုယ့်ကိုကြည့်ရှုံ့သက်သက်ပဲလား"

ဟိုက် တော်တော်လည်တဲ့ မိန်းမပါလား။ နည်းနည်းလောက်များ လျှော့ပေးလိုက်လို့ကတော့ သူ၏ဖောက်ထွင်းမြင်နိုင်စွမ်းသော အကြည့်အောက်တွင် လင်းရောင် ဘုန်းခနဲ လဲသေသွားနိုင်သည်။

"အင်း ဆွဲဆောင်မှုရှိတဲ့အရာတွေဆို ကျွန်တော် ဒီလိုပဲ ကြည့်တတ်ပါတယ်"

"ကျေးဇူးတင်ပါတယ် ယူ အခုလာတာ မိတ်ဖွဲ့ရုံသက်သက်ပဲလား"

"ဟော့ အော ဒီ့ထက်ပိုတယ် မိန်းမတစ်ယောက်ကို ယူဖို့ ကျွန်တော် လာတာ"

"အလို နေစမ်းပါဦး ယူ့ဘက်က ဘာဖြစ်လို့ ဒီလောက် သေချာနေရတာလဲ"

"သေချာဆို ကျွန်တော် နှစ်သက်စွဲလန်းတဲ့မိန်းမအမျိုးအစားထဲမှာ လွှတ်လပ်ငြိမ်းက ထိပ်ဆုံးက ပါနေလို့ပေါ့"





လွှတ်လပ်ငြိမ်းက နှာခေါင်းချွန်ချွန်လေး ရှုံ့ကာ အသံထွက်အောင် ရယ်လေသည်။ တော်သေး၏။ ဝီရိယ လွန်ကဲမှုကြောင့် အင်းလျားဆောင်၏ညှော်ခန်းကို လင်းရောင်နှင့် လွှတ်လပ်ငြိမ်းကသာ ပိုင်စိုးထားသည်။ သည်လိုအရေး ဆွေးနွေးသောအခါ စပ်စုတတ်သောလူ များများစားစားရှိမနေတာ အကောင်းဆုံး မဟုတ်လား။

"ထားပါတော့ အဲဒီမိန်းမတစ်ယောက်ရဲ့အကြောင်းကို ယူဘယ်လောက် သိထားလဲ"

"လွှတ်လပ်ငြိမ်းရဲ့စရိုက်က လွှတ်လပ်တယ်၊ ရဲရင့်တယ်၊ ပွင့်လင်းတယ် အဲဒီလို လွှတ်လပ်ပွင့်လင်းရဲရင့်တဲ့အပြုအမူမျိုးကို ကျွန်တော် နှစ်သက်တယ် ဒါပဲ"

"ဒီထက်ပိုသိထားဖို့ရော လိုမယ်မထင်ဘူးလား"

"မထင်ဘူး ဒါပေမဲ့ လွှတ်လပ်ကိုယ်တိုင် ပြောပြချင်တဲ့ဆန္ဒရှိနေရင်တော့ ကျွန်တော် နားထောင်ပေးဖို့ ဝန်မလေးပါဘူး"

စကားဝိုင်းက ပိုမိုလေးနက်သည့်အသွင် ဆောင်သွား၏။ အပေါ်ယံစကားထက် ပိုပြီး အဓိကကျသော ဘဝအရေး ဆွေးနွေးလိုသည့်အသွင်နှင့် လွှတ်လပ် မျက်နှာတည်ငြိမ်ပြီး ဣန္ဒြေပိုရှိသွားသည်။

"ပြောချင်တဲ့ဆန္ဒရှိလို့တော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ ယူ ကိုယ့်အကြောင်းတွေ နားထောင်းခံဖို့ တစ်ခုခုရှိနေတယ်ဆိုရင်တော့ ပြောပြဖို့ လိုအပ်တယ်



www.burmeseclassic.com

www.burmeseclassic.com



နားထောင်မလား''

အမိန့်ပေးနေခြင်းမဟုတ်သော်လည်း လင်းရောင် အလိုအလျောက်ခေါင်းညိတ်ပြီးသား ဖြစ်သွားသည်။

လွတ်လပ်ငြိမ်း ဆိုသော သူမတွင် ငယ်ရွယ်သည့်ချစ်သူတစ်ယောက်ရှိသည်ဟု ပြောသောအခါ လင်းရောင် မျက်နှာမထားတတ်တော့။ သောက်လက်စ တစ်ဝက်သာသာ ကျန်နေသည့် စီးကရက်ကို လွတ်လပ်မြင်သာစေရန် ချိန်ဆလျက် ကိုယ့်လက်ဖျံပေါ်သို့ ထိုးချေပစ်လိုက်သည်။

လွတ်လပ် မည်သို့မှ စိတ်လှုပ်ရှားဟန်မပြဘဲ စကားဆက်၏။

''ဒါပေမဲ့ ခုတော့ သူက ကိုယ့်ကိုစွန့်ခွာသွားပါပြီ''

သေစမ်း။ ဒါများ စောစောကတည်းက ပြောရောပေါ့။ အားယားပူလိုက်တာ ခုတော့ အပူဒဏ်ကြောင့် လင်းရောင်၏လက်ဖျံတွင် ဒဏ်ရာတစ်ခု အဖတ်တင်သွားခဲ့ပြီ။ ထားပါ၊ လွတ်လပ်နှင့်ပတ်သက်ပြီး ရခဲ့သည့် မီးလောင်ဒဏ်ရာ အစည်းကြည့်မှုကိုပင် သူက တန်ဖိုးထားချင်နေသည်။

''အဲဒါ ဘာဖြစ်လို့လဲ သိလား ယူ''

''ဘာကြောင့်ပဲ ဖြစ်ဖြစ် လွတ်လပ်မှာ ချစ်သူမရှိတော့ဘူးဆိုရင် ကိုယ့်အတွက် လုံလောက်ပါတယ်''

''ဆန္ဒမစောပါနဲ့ ယူရယ်၊ ကိုယ့်မှာချစ်သူမရှိပေမယ့် ကိုယ်ဟာ





အပျိုစင်တစ်ယောက်လည်း မဟုတ်ဘူး''

အင်းလျားဆောင်နံရံများ ရုတ်တရက်ပြိုကျသွားသော် ကောင်းလေစွဟုသာ တောင့်တမိသည်။ ချစ်သူ၏ဝန်ခံစကားကို သူ့နားများနှင့် ားမထောင်ချင်သလို အင်းလျားဆောင်နံရံများ ကြားသွားမှာလည်း ိုးရိမ်နေမိသည်။

''ဗျာ လွတ်လပ် မင်းချစ်သူနဲ့မင်း''

''မဟုတ်ဘူး ယူ၊ အဲဒီကိစ္စက ကိုယ့်ပထွေးကြောင့်ဖြစ်ရတာ''

ဗီလိန်ပြောင်းသွားသဖြင့် ဇာတ်လမ်းက ထောင်းလမောင်းကြေ ာ၏။ မရိုးတင်ကဲလေသံနှင့် လင်းရောင် ထိထိနိုက်နိုက် ပြောလိုက်မိ ည်။

''နေစမ်းပါဦး လွတ်လပ် မင်း အဲဒီ ပထွေးယုတ်ကို တစ်ခါ ည်း သတ်မပစ်ခဲ့ဘူးလား''

ထိုစကားကြောင့် လွတ်လပ်ငြိမ်းမှာ အရှက်ရသွားသူတစ် ာက်၏နှာကျင်မှုမျိုးနှင့် မျက်လုံးတို့ မသတီစရာကောင်းလောက် င် နီမြန်းလာခဲ့သည်။

''အဲဒီကိစ္စကို မေမေ တာဝန်ယူလိုက်လို့ပေါ့၊ မေမေက အခု ထဲမှာ''

လင်းရောင် ရုတ်တရက် ဘာပြန်ပြောရမှန်းမသိတော့။ လွတ်



www.burmeseclassic.com

www.burmeseclassic.com



လပ် ထံမှ နာကျင်မှုသည် လင်းရောင်၏ကိုယ်တွင်းသို့ တခဏခြင်းမှာပင် လောင်းကျွမ်းစီးဝင်သွား၏။

"ကိုယ့်ချစ်သူလည်း အဲဒီကိစ္စကြောင့်ပဲ ကိုယ့်ကို စွန့်ပစ်သွားတယ် ဆိုပါတော့"

"ဆောရီးပါပဲ လွတ်လပ်ရယ် ကျွန်တော့်အတွက်ကြောင့် လွတ်လပ် စိတ်အနှောင့်အယှက် ဖြစ်ခဲ့ရတယ်ဆိုရင် ကျွန်တော် တောင်းပန်ပါတယ်ဗျာ"

"ကိစ္စမရှိပါဘူး။ ဖြစ်ပြီးခဲ့တဲ့ကိစ္စတွေကို ကိုယ် နောင်တမရချင်တော့ဘူး။ လတ်တလော ကိုယ့်ဘဝကိုယ် အကောင်းဆုံးဖြစ်အောင် ဘာလုပ်သင့်သလဲဆိုတာပဲ ကိုယ် စဉ်းစားတယ်"

"အဲဒါ အကောင်းဆုံးပဲပေါ့ လွတ်လပ်၊ အဲဒီစိတ်မာတာကို နိုက်တယ်"

"ထားပါတော့လေ ကဲ ယူ ကိုယ့်ဆီက တောင်းခံစရာမရှိတော့ဘူးမဟုတ်လား ယူ ပြန်နိုင်ပါပြီ"

လွတ်လပ်၏နွမ်းလျလျစကားက သူ့နှလုံးသားကို ထက်ထက်ရှရှ လှီးဖြတ်လိုက်သလို ခံစားလိုက်ရသဖြင့် ဆံတစ်ပင်တင်းသွား၏

"လွတ်လပ် ကျွန်တော့်ကို ဒီလောက်ထိ အထင်မသေးသင့်ဘူးလို့ထင်တယ်၊ ဒါ ဘာဆန်းသလဲ ကိုယ်ကျင့်တရားမကောင်းတဲ့ ပမာ





ရဲ့အရိပ်အောက်မှာ မယားပါသမီးတစ်ယောက်ဟာ အချိန်ပြည့်စော်ကားခံရဖို့ လွယ်နေတတ်တာမျိုးပဲ"

ကျွန်တော့်စကားကြောင့် လွတ်လပ် အံ့သြသလို ကိုယ်ကလေးဆတ်ခနဲ တုန်သွားသည်။ ပြီးမှ အိပ်မက်မှလန့်နိုးလာသူတစ်ဦးလို လင်းရောင်မျက်နှာကို အထိတ်တလန့် မော့ကြည့်ရင်း ခေါင်းတွင်တွင်ရမ်းသည်။

"ယူ ဒီလောက်အထိ မစွန့်စားသင့်ဘူး"

"ကျွန်တော် ဆုံးဖြတ်လို့ရတယ် လွတ်လပ်၊ တကယ်လို့ လွတ်လပ်ဘဝမှာ ခင်ပွန်းတစ်ယောက်ဖြည့်ဆည်းဖို့ လိုအပ်နေပြီဆိုရင် အဲဒီယောကျ်ားဟာ ကျွန်တော်ကလွဲပြီး ဘယ်သူမှမဖြစ်စေရဘူး"

ချက်ချင်းဆိုသလို လွတ်လပ် မျက်နှာတွင် မျက်ရည်များ ရစ်ဝဲလာသည်။ လင်းရောင်က ဘာမှမပြောတော့ဘဲ လွတ်လပ်၏ လက်ကလေးကို ဆွဲယူနှုတ်ဆက်လိုက်သည့်အခါ စောစောက မျက်ရည်များ တပေါက်ပေါက် ကြွေကျ၏။

"ကျေးဇူးတင်ပါတယ် မောင်ရယ်"

■ ■ ■

ကံ့ကော်တောက တစပြင်ကဲ့သို့ တိတ်ဆိတ်ငြိမ်သက်နေသည်။ ကြွတိုင် လမ်းမလျှောက်ကြ။ လေပွေတစ်ပွေ့ ဝဲကာတော့ တိုက်



www.burmeseclassic.com

www.burmeseclassic.com



ခတ်လာသဖြင့် ဖုန်မှုန့်များ လေဟုန်စီးခွင့်ရသွားသည်။ ကင်တင်းလည်း အိပ်ငိုက်နေသည်ထင့်။

လင်းရောင်ပြောပြသော လွတ်လပ်ငြိမ်း ပုံပြင်ကို နားထောင်ပြီး သော်ဒီ ပိုင်စိုး မိုးမြင့်တို့ မရှုနိုင်မကယ်နိုင်နှင့် ငိုင်တွေသွားကြ ပြီးတော့ လင်းရောင်၏မျက်နှာကို ဝိုင်းဝန်းဖတ်ရှုကြသည်။

"အင်း မင်းအဖြစ်ကလည်း ရင်ဘတ်ကြီးနဲ့တယုတယ စိုက်ပျိုးလာခဲ့ပြီးမှ ပိုးကိုက်တဲ့ပန်းတွေ ပွင့်လာသလိုပါပဲလားကွာ"

"ကဲ မင်းဘာဆက်လုပ်မလဲ၊ သူ့ကိုကြည်ဖြူနိုင်လို့လား"

"တော် တော်သနားစရာကောင်းတဲ့ လွတ်လပ်လေးပါလားကွာ"

တစ်ယောက်တစ်ပေါက် မေးခွန်းများအောက်မှာ လင်းရောင် ပြားပြားဝပ်နေ၏။ သူ၏သဘောထားကို ထုတ်ပြန်ကြေညာမှဖြစ်တော့ မည်မှန်း သိလိုက်သည်။

"ပိုးကိုက်တဲ့ပန်းကိုပဲ လန်းလန်းဆန်းဆန်း ဖြစ်အောင် ယုယုယယနဲ့ ပြုစုပျိုးထောင်တော့မယ်ကွာ"

သူငယ်ချင်းများ တတိယကမ္ဘာစစ်ဖြစ်မည်ကို စိုးရိမ်သလိုမျိုး မျက်နှာနှင့် အံ့ဩသွားကြ၏။

"မင်း တကယ် စိတ်သန့်တယ်နော်"





"သန်တာပေါ့ကွ ဒါ သူ့ လော်လည်ဖောက်ပြားလို့ ဖြစ်ရတာမှ ဟုတ်တာ"

"အင်း ငါတော့ လွတ်လပ်အမေကို လေးစားတယ်၊ ကြိုးတင် ကာကွယ်ဖို့ အချိန်မမီခဲ့ပေမယ့် အစရှိ နောက်နောင် မဖြစ်အောင် ပြတ်ရှင်းပစ်ရဲတာကို ချီးကျူးတယ်"

"ဟုတ်တယ် သော်ဒီ ဒီလိုဆုံးဖြတ်ရဲဖို့ဆိုတာ လွယ်မှမလွယ် ဘာ"

ဝိုင်းဝန်းဆွေးနွေးကာ စာနာထောက်ထားမှုပြုနေကြသော ဘားဝိုင်းက တကယ့်ကို လှုသားဆန်လွန်းနေ၏။

"မင်း ပြတ်သားတယ်ဆိုရင် နောင်တ မရဖို့တော့ လိုမယ်နော် ရောင်"

"မုလေးပန်းတစ်ပွင့်စာ ကိုယ်အလေးချိန်တိုးရုံနဲ့ မေတ္တာကို ညှိသိမ်းရမှာလား ပိုင်စိုးရာ"

"စိတ်ခတ်နဲ့ပြောတဲ့ စကားနှစ်မျိုးစလုံးကို လေးစားတယ်ကွာ"

"သိသိကြီးနဲ့ မဏိစန္ဒာကို ချစ်မြတ်နိုးခဲ့တဲ့ အနော်ရထာလို သဘောထားကြီးမှာပါ"

လင်းရောင်၏ဆန္ဒအမှန်ကို သူငယ်ချင်းများက တလေးတစား ဝိုင်းဝန်းအသိအမှတ်ပြုပေးလိုက်ကြသည်။ လင်းရောင် ရင်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



လည်း စွဲမြဲသော သန္နိဋ္ဌာန်နှင့် နိုင်မာသည့်အချစ်က ပန်းလိုဝေဝေဆာဆာ ပွင့်နေပြီ။

နိုင်မာသော ဆုံးဖြတ်ချက်ချပြီးသည့်နောက် လင်းရောင်မှာ လွှတ်လပ်၏အရိပ်ဖြစ်ခဲ့သည်။ ကိုယ်စိတ်နှလုံး သုံးပါးစလုံးဖြင့် ချစ်သူ စောင့်ရှောက်၏။ ချစ်သူဆန္ဒမှန်သမျှ မငြိုမငြင် ဖြည့်စွမ်းသည်။

စာသင်ချိန်နှင့်အိပ်ချိန်မှလွဲပြီး အမြဲလို ဆုံဖြစ်နေကြသည် နှစ်ဦးသား ပွင့်လင်းမှု မရှိကြသေးသော်လည်း အဓိပတိလမ်း သစ်ပုတ် ကွန်ပိုကေးရှင်းနှင့်ဂျပ်ဆင်တို့က သူတို့နှစ်ယောက်အား ကောင်းချီးပေး လျက် ရှိနေခဲ့ပြီ။ ကန်ဘောင်တွင်လည်း ခြေရာစုံတွဲက နေရာမယ ထပ်ခဲ့ပြီ။

"လွှတ်လပ်"

"ရှင်"

"ဘဝအတွက် ခင်ပွန်းကောင်းတစ်ယောက် လိုအပ်ပြီလား ဟင်"

"အဟင်း ယူကလည်းကွာ ဒါပဲပြောနေတော့တာပဲ"

"ပြောရမှာပေါ့ လွှတ်လပ်၊ ကိုယ်က ကိုယ့်အချစ်နဲ့ လွှတ်လပ် ဘဝကို အရာရာမှာ အကောင်းအတိုင်း ဖြစ်ဖို့ပေးဆပ်ချင်နေတဲ့သူ"

"အဲဒီအတွက် အကြိမ်ကြိမ် ကျေးဇူးတင်မိပါတယ် ယူ





ကိုယ်လည်း ကိုယ့်စိတ်ကို သေချာအောင် မေးနေရလို့ပါ၊ ဒီလိုလုပ် တစ်ပါတ်ဆယ်ရက်တော့ အချိန်ပေး အရေးတကြီး လုပ်စရာလေးတစ်ခု ရှိလို့"

"အဲဒီ အရေးတကြီးလုပ်စရာဆိုတာ ဘာလဲ ကိုယ် မသိရဘူး လား"

လွှတ်လပ်မှာ စဉ်းစားတွေးတောနေဟန်နှင့် ခေတ္တမျှ ငိုင်တွေ သွား၏။ ချက်ချင်းလက်ငင်း ဖွင့်မပြောနိုင်အောင် ဖြစ်ရသည့်အကြောင်း အရာက ဘာများလဲဟုတွေးရင်း လင်းရောင် ရင်ထိတ်သွားသည်။

"ရပါတယ် ဆန္ဒမရှိရင်လည်း မပြောပါနဲ့တော့"

"ယူ့ကို ထိမ်ချန်ထားစရာအကြောင်းမရှိပါဘူး၊ ဝမ်းသာစရာ မှမဟုတ်လို့ပါ"

"လွှတ်လပ်ကလည်းကွာ ကိုယ်တို့နှစ်ယောက်ကြားမှာ ဝမ်းသာ တာတွေကိုပဲ ဝေမျှကြမယ်လို့ စာချုပ်ချုပ်ထားတာမှမဟုတ်တာ၊ အေး အတူခံမှုအမျှ ဆိုတဲ့စကားကို လွှတ်လပ် မကြားဘူးလို့လား"

"ဟုတ်ပါပြီ ဟုတ်ပါပြီ ပြောပါ့မယ် ယူရယ်၊ ကလေးဆိုးကြီး ကျနေတာပဲ တကတည်း နှုတ်ခမ်းကလည်းစူလို့၊ ကဲပါ ကြည်ကြည် လင်လင်လေး ပြုံးလိုက် ကိုယ် ပြောပြမယ်"

ချစ်ရသူက ချော့မော့ပြောလာတော့လည်း လင်းရောင် တင်း



www.burmeseclassic.com

www.burmeseclassic.com



မထားနိုင်။ ဟန်မလုပ်နိုင်တော့ ချက်ချင်းဆိုသလို ပြုံးဖြီးဖြီးဖြစ်သွား သည်။ ဒါကို လွတ်လပ်က ကျေနပ်စွာ စောင့်ကြည့်ရင်း ပီတိဖြစ်နေသည်

"ကဲ ဒီအပြုံးလောက်ဆိုရပြီ မဟုတ်လား ပြောတော့"

"အင်းပါ ဒီလို ယူ့ရဲ့ လာမယ့်သောကြာနေ့ကျရင် မေမေ့ ထောင်ဝင်စာ သွားတွေ့မလို့"

ဘယ်လိုမှ ထင်မှတ်မထားသော အကြောင်းအရာကြောင့် လင်း ရောင် မင်သက်မိသွား၏။ ချက်ချင်းတုန့်ပြန်စရာစကားရှာမတွေ့

"ကိုယ့်ဘဝထဲမှာ အဲဒါမျိုးတွေရှိတယ် ယူ့ရဲ့ ယူ လုံးဝ ထင် မတွေးထားဘူးမို့လား"

အကောင်းဆုံးမဟုတ်သော်လည်း အသင့်တော်ဆုံးစကား ချက်ချင်းတုန့်ပြန်ရသည်။

"ဟုတ်တယ် လွတ်လပ်၊ တွေးမထားမိဘူးဆိုပေမယ့် ထုံ မှေ့နေတာတော့မဟုတ်ပါဘူး။ လွတ်လပ်မှာ ဂုဏ်သင်မေမေ ကရုဏာ ကောင်းကင်မေမေ တစ်ယောက်ရှိတယ်ဆိုတာ ကိုယ် သိပါတယ်"

လင်းရောင်စကားကြောင့် လွတ်လပ် ကျေနပ်သွားပုံရသည် ထိုအခါမှ လင်းရောင်လည်း သက်ပြင်းချမိ၏။ ထိုနေ့က ကုံကော်ရွက် ကို ရေတွက်ရင်း လွတ်လပ်အား အဆောင်သို့ ပြန်ပို့ပေးခဲ့သည်။

■ ■ ■





ကြက်ဖတွန်သံ မကြားရပါဘဲနှင့် မိုးလင်းလာခဲ့၏။ ငှက်ကလေး များ နိုးထလာသည်မှာ နာရီနှိုးစက်မြည်သံကြောင့် မဟုတ်ပါ။ သူ့တစ် ကိုယ်လုံး မီးလျှံများဖြင့် တန်ဆာဆင်ထားသော နေမင်းကြီးနှင့် ဤမျှ ထက်ဝေးကွာနေသော ကမ္ဘာမှနေထိုင်ခွင့်ရတာ ကျေးဇူးတင်စရာ ကောင်းပါသည်။

မနေ့က ကြာသပတေးဖြစ်ခဲ့၍ ယနေ့သည် သောကြာနေ့ဖြစ် ပေသည်။ ထို သောကြာနေ့ကို လင်းရောင် စောင့်မျှော်နေခြင်းဖြစ်သည်။ မနေ့က အင်းလျားဆောင်သို့ အစောဆုံးရောက်ရှိလာသူမှာ လင်းရောင် ပင်ဖြစ်သည်။

အဆောင်ရှေ့အုတ်ခုံတွင် ကျကျနနထိုင်ရင်း စိတ်ရှည်ရှည်နှင့် စောင့်နေသည်။ မြန်မာစံတော်ချိန် ရှစ်နာရီခွဲဆယ့်ငါးမိနစ်တွင်မှ ချစ်သူ ကိုယ်သင်းနံ့ကိုရ၏။ စောစောစီးစီး အဆောင်ရှေ့တွင် ငုပ်တုပ်ထိုင်နေ သော လင်းရောင်ကိုတွေ့လိုက်ရသဖြင့် လွတ်လပ် အံ့ဩသွားသည်။

"ဟော့ ယူ စောစောစီးစီး ငွတ်မောနင်းလို့ နှုတ်ဆက်ရအောင် လာတာတော့ မဟုတ်ပါဘူးနော်။ ကြည့်ပါဦး လက်ထဲမှာလည်း ဆွဲအိတ် ကြီး ဘာတွေနဲ့"

"အဟင်း လွတ်လပ်မေမေ့ဆီသွားတွေ့မလို့မဟုတ်လား။ ကိုယ် လည်း လိုက်ခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်မျက်နှာပေါ် ဖြတ်သန်းသွားသော အံ့သြမှု ကြည်နူး ဝမ်းမြောက်မှုတို့ တစ်ဆင့်ခြင်း အရောင်ပြောင်းသွားပုံကို စောင့်ကြည့် ရတာ စိတ်ကျေနပ်ဖွယ်ရာ ကောင်းလွန်းလှသည်။

"ဟယ် ယူ့ ဒီနေ့ကို မှတ်မိနေတယ် ဟုတ်လား"

"ဒီနေ့မှ မဟုတ်ပါဘူး လွတ်လပ်နဲ့ပတ်သက်သမျှ အားလုံး ပေါ့"

ပီတိများနှင့် လိမ်းကျံခြယ်သထားသော လွတ်လပ်မျက်နှာသည် ကမ္ဘာပေါ်တွင် အလှဆုံးမျက်နှာတစ်ခု ဖြစ်သွားသည်။

လင်းရောင်က သူယူလာသော လက်ဆွဲအိတ်ထဲမှ ဖန်ပုလင်း များကိုလှစ်တပြလိုက်ရင်း

"ဒီမှာ ငပိကြော် ငါးခြောက်ထောင်းကြော်နဲ့ သရက်သီးသန ပုလင်းတွေ"

"ဟယ် ယူကလည်း အားနာစရာ၊ ဘာလို့ ဒါတွေလုပ်လာ တာလဲ၊ ကိုယ်လည်း ပြင်ဆင်ထားတဲ့ဥစ္စာ ဒီမှာလေ"

လွတ်လပ်က လက်ထဲမှ ဆွဲခြင်းကို ညွှန်ပြရင်း ပြော၏

"ဘာဖြစ်လဲ ဟိုမှာက ဒါမျိုး များများရတဲ့သူမှ မျက်နှာပွင့် နေသာထိုင်သာရှိတာ၊ ပြီးတော့ တာရှည်အထားခံတဲ့ဟာတွေပဲ ပြဿနာမရှိပါဘူး"





"ဟုတ်ပါပြီရှင် ဟုတ်ပါပြီ ကဲ သွားကြရအောင်"

ကျောင်းဝင်းထဲမှထွက်ပြီး လှည်းတန်းဘက်သို့လျှောက်ရင်း အင်းစိန်ကားကို စောင့်ကြ၏။ လွတ်လပ်က လင်းရောင်အား မော့ကြည့် ရင်း

"ယူ့အကြောင်းနည်းနည်းပါးပါး ပြောပြပါလား"

"ကိုယ့်အကြောင်း ဟုတ်လား အဟင်း ကြွားစရာတော့ သိပ် မရှိပါဘူး၊ ကိုယ်တို့က မော်လမြိုင်က မိဘတွေက မရှိမရှား ကုန်သည် ပွဲစားတွေဆိုပါတော့၊ မွေးချင်းနှစ်ယောက် အစ်မက အိမ်ထောင်သည်"

"ဩော် ယူက မော်လမြိုင်ကကိုး၊ မဒီလည်း မော်လမြိုင်ကပဲ လေ မသိကြဘူးလား"

"ဟင့်အင်း မော်လမြိုင်ကလည်း အကျယ်ကြီးပဲလေ လွတ်လပ် ရဲ့ ဟား ဟား ကားလာပြီ လွတ်လပ် ရအောင်တက်နော်"

ဒီနောက်ပိုင်း ခရီးစဉ်ကိုတော့ လွတ်လပ်ကပဲ ဦးဆောင်သည်။ လင်းရောင်က အင်းစိန်ကို မရောက်ဘူးသေးဘဲကိုး။ ဟိုကိုရောက်တော့ လည်း ကြိုတင်စာရင်းပေးထားသည့် လွတ်လပ် တစ်ယောက်သာ ဝင် တွေ့ခွင့်ရမည်ဟု သိရ၏။

"လွတ်လပ် အန်တီ့ကို ကိုယ့်အကြောင်း နည်းနည်းတော့ မိတ်ဆက်ပေးခဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ် ဒါက ဘာသဘောလဲ၊ ကြော်ငြာဝင်တာလား"

"ဟဲ ဟဲ လွတ်လပ်ကလည်းကွာ သူငယ်ချင်းအဖြစ်နဲ့ မိတ်ဆက် ပြီး နာမည်လေးလောက်ပဲ ပြောခဲ့ဖို့ပါ ဖြစ်တယ်မဟုတ်လား"

"အင်းပေါ့လေ ငပိကြော်မျက်နှာထောက်ပြီး ဒီလောက်တော့ လုပ်ပေးရမှာပေါ့"

လွတ်လပ် သူ့အမေနှင့်တွေ့ခွင့်ရဖို့ အချိန်တော်တော်ကြာ စောင့်ခဲ့ရသည်။ သူ့လို ထောင်ဝင်စာလာတွေ့သူတွေက အများကြီး မဟုတ်လား။ လွတ်လပ်မှာ လင်းရောင်ပါလာ၍သာ အဆင်ပြေခဲ့၏။

လင်းရောင် အတွက်လည်း အတွေ့အကြုံသစ်များကို တစ်ပုံတစ်ခေါင်းကြီး ရရှိစေခဲ့သော နေ့တစ်နေ့လည်း ဖြစ်သည်။

လွတ်လပ်အလှည့်ရောက်၍ အကျဉ်းစံအမေကို ဝင်တွေ့နေချိန်မှာ သောကအဆောက်အဦနှင့် အပူလောင်မိသားစုများအား တစေ့တစောင်း လေ့လာခွင့်ရခဲ့သည်။ ဥပဒေကိုချိုးဖောက်မိ၍ အပြစ်ကြွေးကို ချေးနှင့်ဆပ်နေရသူတွေအတွက် အပြင်မှာကျန်ခဲ့သော မိသားစု၏အခက်အခဲကို မျက်မြင်မြင်တွေ့ခွင့်ရခဲ့၏။

အပြန်ခရီးတွင် မျက်လုံးများမှိုအစ်အောင် ငိုလာခဲ့သော လွတ်လပ်အား လင်းရောင် ချော့မော့နှစ်သိမ့်ပေးသည်။

"လွတ်လပ် မငိုပါနဲ့ကွာ၊ လွတ်လပ်ငိုရင် ကိုယ် မနေတတ်ဘူး"





"မေမေ့ကို သနားလွန်းလို့ပါ ယူရယ်"

■ ■ ■

တစ်ကျောင်းထဲတက်ပြီး နေ့စဉ် ဆုံတွေ့ခွင့်ရခဲ့သော်လည်း အားရတင်းတိမ်ခြင်းမရှိတဲ့ ကန်ဘောင်တွင် ခိုလှုံသည်။ ဂျပ်ဆင်ရိပ်တွင် နားသည်။ ကွန်ဗုတ်တွင် တူတူပုန်းတမ်း ကစားသည်။ သူငယ်ချင်းတွေ မြင်ပြင်းကပ်သည်အထိ သည်းသည်းလှုပ် ချစ်ပွဲဝင်ခဲ့ကြ၏။

လင်းရောင်သည် လွတ်လပ်အတွက် မဟာတံတိုင်းဖြစ်ခဲ့သလို လွတ်လပ်က လင်းရောင်အတွက် နှစ်တစ်ထောင် ဂျင်ဆင်းအားဆေး ဖြစ်ခဲ့သည်။

ဘာပဲဖြစ်ဖြစ် လင်းရောင်၏ချစ်သူမှာ ကောင်မလေးတစ်ယောက်ပင်ဖြစ်ပါသည်။ ကောင်မလေးဟု ဆိုခြင်းမှာ ကောင်မကြီးမဟုတ်သောကြောင့် ဖြစ်ပါသည်။

အကယ်၍ ချစ်သူကို လင်းရောင် တစ်ဦးတည်းပိုင်ဆိုင်ကြောင်း သက်သေပြရန် လိုအပ်ခဲ့သည်ဆိုလျှင် သူ့အတွက်ပြောပြစရာ အရာများ စွာရှိပါသည်။

အသက် ၂၁ နှစ် အရပ် ၅ ပေ ၅ လက်မခန့်ရှိသော ချစ်သူ၏ခြေဖမိုးမို့မို့လေးကို လရောင်နှင့် လူး၍ လင်းရောင်မော်ဖူးခဲ့ဖူးသည်။

မိုးသည်းထန်စွာရွာသွန်းသောနေ့များတွင် ရေစိုနေသည့်ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com



ထ်လိုချည်အနားစများကို အသေအချာ ရှေသွစ်ချခဲ့ဖူးပါသည်။

လမ်းလျှောက်များသောအခါများတွင် တစ်ခါတစ်ရံ ကြွက်တက်တတ်သော ချစ်သူ၏ခြေသလုံးသားမှ ပြတ်တွက်နေသည့် အဖြူရောင်သွေးကြောမျှင်တန်း ခြောက်ကြောင်းကို မမေ့စတမ်း အလွတ်ရနေခဲ့သည်။

ဆံပင်တိုထား၍ ပန်းမပန်တတ်သော ချစ်သူ၏ပါးပြင်တွင် OIL of UlAY Lotiton နံ့တွဲခိုနေတတ်ကြောင်း သူ သေချာတတ်အပ်ပြောဆိုနိုင်ပါသည်။

ဖိနပ်မပါ ဗလာကျင်းသော ခြေအစုံနှင့် အင်းလျားကန်စပ်တွင် ဝတ်မှုန်ကူးခဲ့ဖူးသည်။ စာကလေးနှစ်ကောင် ရန်ဖြစ်သည်ကိုကြည့်ရင်း ချစ်သူနှင့်အတူ ပျော်ရွှင်စွာ ညြဘာပေးခဲ့ဖူးသည်။

တစ်ခါတစ်ရံ လေကို ပုံတူကူးဆွဲရန် စိတ်ကူးယဉ်တတ်သော ချစ်သူကို ပန်းပွင့်အမှတ်နှင့် ရှိသမျှ ပွင့်ချပ်များအား ဖွင့်လှစ်ခဲ့ဖူးလေသည်။

■ ■ ■



## ရေဘေးဒုက္ခသည်များ

အင်းလျားဆောင်တစ်ခုလုံး ညည်းသံ အော်ဟစ်သံများနှင့် ဆူညံနေသည်။ ရေဘေးဒုက္ခက အင်းလျားသူများအား အကြီးအကျယ် ခြိမ်းခြောက်လျက်ရှိ၏။ အင်းလျားကန်ကျိုးပေါက်ပြီး အဆောင်ကို ရေလွှမ်းသွားခြင်းတော့ မဟုတ်။

တစ်ခါတစ်ရံ အဆောင်တွင် ရေပြတ်ကာ နံနက်စောဦးပိုင်းမှာ ဆိုနိုင်းဆန်းနုပျိုချင်သော ကျောင်းသူတို့ ရေဘေးဒုက္ခနှင့် ရင်ဆိုင်နေကြခြင်း ဖြစ်၏။

"ဒုက္ခမဲ့ ညကတည်းက ရေခံမထားမိတာ မှားပြီ"

"ဟဲ့ ဝါးဖော ညက နင်ခံထားသေးလား"

"အေး ငါ နည်းနည်းတော့ ခံထားတယ်၊ ဒါပေမဲ့ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တမျက်နှာသစ်ရှိလောက်ပဲ ရမှာ''

''ဒုက္ခပါပဲဟယ် ငါ့ရည်းစားနဲ့ချိန်းထားတာ ရေမိုးချိုးသွားမှ ဖြစ်မှာပေါ့''

''ရေမချိုးဘဲ ရေမွှေးသာဆွတ်သွားပါတော့ မိမိုးရယ်''

ဒါက ရေသည်ယောကျ်ားကိုသာ လင်လုပ်ချင်စိတ်ပေါက်နေကြသော အင်းလျားသူတို့၏ရင်တွင်းဖြစ်စကားအစစ်သာ ဖြစ်၏။ ထို့ပြင် အဆောင်သူဦးရေနှင့် အချိုးအစား မညီမျှသော ရေအိမ်မလုံလောက်မှု ပြဿနာက ပိုမိုပြင်းထန်သည်။

ရေမလာ၍ ရေအိမ်သန့်ရှင်းရေးကို မဆောင်ရွက်နိုင်ကြသဖြင့် အကြီးအကျယ် ဒုက္ခရောက်နေကြသည်။

ရေအိမ်ရှေ့တွင် လူအုပ်က တောင်လိုပုံနေသည်။ စွန့်ပစ်ပစ္စည်း သွန်ထုတ်ခွင့်ရဖို့အရေး ဖင်ချင်းလိမ်ပြီး စောင့်ဆိုင်းနေကြရသည်။

''ဒုန်း ဒုန်း ဒုန်း''

''ဟဲ့ အထဲက အတာမ မပြီးသေးဘူးလား၊ ဒီမှာ ထွက်ကျတော့မယ်''

''ဟေ့ နိုင်ရတနာလတ် မြန်မြန်လုပ် နင်ကလည်း ချေးအရစ် ဖော်နေပြန်ပြီ''

''ချေးအရစ်ဖော်တာ မဟုတ်ဘူးဟေ့၊ အကြောင်းမညီညွတ်





သောင်းဘီမချွတ်ခင် ထွက်သွားတာနဲ့''

သွင်းကုန် ထုတ်ကုန် အဝင်အထွက် မညီမျှသည့်ပြဿနာအပြင် ရေမလုံလောက်သောကြောင့် အနံ့အသက်ပါ မကောင်းဘဲ ဖြစ်နေသည်။

စာမေးပွဲကာလဖြစ်သည့် ဖေဖော်ဝါရီနှင့်ဖေဖော်ဝါရီကဲ့သို့ အအေးလများသို့ရောက်မှ ရေပြဿနာဘေးက ကင်းလွတ်ခွင့်ရ၏။ သို့သော် ...ပြဿနာနှင့် ရင်ဆိုင်ကြရပြန်သည်။

အဆောင်သူများ ညဥ့်နက်သည်အထိ စာကျက်ပြီး နံနက်သုံး...လောက်မှ စိတ်ပန်းလူပန်းနှင့် အိပ်မောကျသွားကြ၏။ အချို့မှာ ...နံ့ပေါက်ပိတ်ဖို့မေ့ပြီး ဟင်းလင်းဖွင့်လျက် အိပ်ပျော်သွားတတ်ကြသည်။

ထိုအဖြစ်များက သူခိုးကို လက်ယပ်ခေါ်နေသယောင် ရှိသည်။ ...အဆောင်၌ တစ်ခန်းလုံး တက်တက်ပြောင်အောင် အခိုးခံရသည်ဟု ...ပျှင် အင်းလျားဆောင်တွင်လည်း အလိုလိုနေရင်း လန့်လာတတ် ...

ထိုကိစ္စကို ကောင်မလေးများက ဆိုင်ရာဆိုင်ရာ ရည်းစားများ ...သံတော်ဦးတင်ကြသည်။ အခုလည်း ကင်တင်းတွင် လင်းရောင်တို့ ...နှင့် အမရာတို့အုပ်စု ဆုံစဉ်



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့စဉ်းစားကြည့်လေ မာလာဆောင်က မခွေရဲ့အခန်းဆို ရင် တစ်ခန်းလုံးကိုပြောင်ရော၊ အဝတ်အစားတစ်စုံတောင် မကျန်တဲ့ အပြင် မျက်ခုံးမွေးရိတ်တဲ့ဘလိတ်ဓားကအစ အခိုးခံရတာလေ၊ မလွန် လွန်းဘူးလား"

"တော်သေးတာပေါ့ လူကို အတာပြုမသွားတာ ကံကောင်း"

မိုးမြင့် ဝင်ထောက်၍ အမရာက မိုးမြင့်ကိုမျက်စောင်းထိုးသည်။

"ငါတော့ သူခိုးဆို သိပ်ကြောက်တာ"

"ဟုတ်ပ နွေးနွေး သူခိုးကြောက်တာကတော့ လွန်တယ်"

မဒီက ဖော်ကောင်လုပ်တော့ နွေးနွေးက ဟန့်တား၏။

"ဟဲ့ မဒီ ဘာမှမပြောနဲ့နော်"

ဒီတော့ သက်ဆိုင်သူ မိုးမြင့် တအားသိချင်သွားသည်။

"ပြော မဒီ ပြော ဒါမှ ဘယ်လိုကူညီနိုင်မလဲဆိုတာ စဉ်းစား လို့ရမှာ"

"မပြောနဲ့"

"ပြောမှာပဲ ငါအိပ်ရေးပျက်ပေါင်း များပြီ"

"ဘာဖြစ်လို့လဲဟ"

"ဘာဖြစ်ရမှာလဲ အကြောက်လွန်ပြီး တချွတ်ချွတ်မြည်သံကြား တာနဲ့ ငါ့ကိုနှိုးရောဟဲ့ မိုးမြင့်ရဲ့"





"ဟာ မဒီကလည်း သူခိုးဆိုတာ အသံမမြည်အောင် တိတ်တိတ် လေးခိုးတာလေ၊ အသံကြားရင် ကြွက်ပဲဖြစ်မှာပေါ့၊ အဲဒီကို နင်က ...လည်အောင်ရှင်းပြလေ"

"အေး ရှင်းမပြဘဲ နေမလား မိုးမြင့်ရဲ့၊ အဲလို ရှင်းပြမှ နင့် ...မကာ ပိုဆိုးသွားတာ"

"ဟေ ဘာကြောင့်လဲ"

"ဘာကြောင့်ရမှာလဲ ညဆို တိတ်ဆိတ်သွားတာနဲ့ ငါ့ကိုနှိုးရော၊ ...သံမှ မကြားရဘူး၊ နင်ပြောသလို သူခိုးတိတ်တိတ်လေး ဝင်နေပြီ ...တယ်ဟာတဲ့ ကဲ"

"ကောင်မ မပြောပါနဲ့ဆို"

"ဟား ဟား ဟား ဟား"

နွေးနွေးက ရှက်ပြီး မဒီအားဆွဲဆိတ်၏။ သော်ဒီတို့ရယ်သံက ...ညံသွားသည်။ ပိုင်စိုးက ဝင်ဖွ၏။

"မိုးမြင့်ရေ မင်းတော့ မလွယ်ဘူး၊ နွေးနွေးနဲ့ရရင် အသံကြား ...တစ်ခုခု လုပ်နေမှ ရမယ်ထင်တယ်ဟေ့"

"လုပ်ဆိုလည်း လုပ်နေရတော့မှာပေါ့ကွာ၊ တစ်ခုမဟုတ် တစ်ခု

"ဝါး ဟား ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



"သေနာကောင်တွေ"

ထိုရယ်ပွဲတွင် လိုင်စင်မရသလို ပါးစပ်ပိတ်နေတာက လင်း
ရောင်သာဖြစ်သည်။ မဒီတို့အချင်းချင်း လက်တို့လိုက်ကြရင်း

"ဟဲ့ လင်းရောင် ဝေါင်တိဝေါင်တောင်နဲ့ တစ်ချိန်လုံး ဘာဖြစ်
နေတာလဲ"

"မဟုတ်မှလွဲရော လွှတ်လပ် မလာလို့မဟုတ်လား"

"အေး ဟုတ်တယ်ဟ သူ ငါ့ကိုစိတ်ကောက်သွားတယ်နဲ့တူ
တယ်"

"ဘယ်လိုဖြစ်ရပြန်တာလဲကွာ၊ နားလည်မှုအပြည့်နဲ့ ဒီလောက်
သည်းသည်းလှုပ်နေတဲ့ စုံတွဲက"

မှိုင်တွေနေသော လင်းရောင်အား တစ်ယောက်တစ်ပေါက်
ဝိုင်း မေးကြ၏။ အမရာ့မေးခွန်းက တုတ်ထိုးအိုးပေါက်

"ဟဲ့ နင် ဘာသွားလုပ်လိုက်လို့လဲ"

"ဟာ နင့်စကားကြီးကလည်း ငါက ဘာသွားလုပ်ရမှာလဲ
အမရာရဲ့"

"သိဘူးလေ အများတစ်ခုခု မလုပ်ဘဲနဲ့ သူက စိတ်ကောက်
ပါ့မလားဟ"

"တစ်ခုတော့ ရှိတယ်၊ နွေရာသီတုန်းက နင်တို့ရေဘေးရှု





ကြခဲ့သလို ငါ့အဖြစ်ကလည်း ရေနဲ့ပတ်သက်နေမယ်ထင်တယ်"

လင်းရောင်အပြောကြောင့် အားလုံး တွေဝေစဉ်းစားသွားကြ
သည်။

လင်းရောင်က ရေကြောင့် ဒုက္ခတွေပြီး လွှတ်လပ်စိတ်ကောက်
သွားရပုံအား မချွင်းမချန် ရယ်ဖီရှင်ပြန်ပြလိုက်၏။

ထိုနေ့က အဒေါ်များအိမ်တွင် ညသွားအိပ်သော လွှတ်လပ်ကို
ဖုန်းဆက်လှမ်းခေါ်ပြီး လျှောက်လည်ကြရန် ချိန်းဆိုထား၏။ လွှတ်လပ်
နေပေးထားသော ဖုန်းနံပါတ်ကဒ်ပြားလေးကိုလည်း လင်းရောင်က
အကျႌအိတ်ကပ်ထဲလက်နှင့် မကြာခဏ စမ်းမိသည်။

လွှတ်လပ်ကို ဖုန်းဆက်ခေါ်ပြီး ရုပ်ရှင်ကြည့်မည်၊ ပြီးတော့
အရိပ်ကောင်းသည့်သစ်ရိပ်အောက်တွင် လတ်ဆတ်နုပျိုသော လွှတ်လပ်၏
ကိုယ်သင်းနံ့ကို သူ တဝကြီးရှူရှိုက်မည်။

အမွှေးအတောင် ‌တောက်ပလျက် မျက်လုံးမျက်ဖန်ရဲရဲနီသော
ကြက်ဖစ်ငှက်၏ဂုတ်ကိုခွကာ သူတို့နှစ်ဦး ကမ္ဘာကို စီးနင်းလှည့်ပတ်ရင်း
လိုက်ရှုတ်ချင်သည်။ သူ တွေးနေရင်းမှ ရင်တွေခုန်လာသည်။

ထို့ကြောင့် လင်းရောင်သည် သမ္မတရုံသို့ ကြိုတင်လက်မှတ်
ဝယ်ရန် တက်တက်ကြွကြွ လျှောက်လှမ်းသွား၏။ ထိုအခိုက် အန္တရာယ်
ပေးသိပေးအနံ့အသက်တချို့နှင့်အတူ အောဇာ်ဖက်ရှိ စအိုမှ ကြို့ထိုး

www.burmeseclassic.com



အချက်ပြုသည်။

အနံ့အသက်နှင့်အခြေအနေ မကောင်းတာ ချက်ချင်းသတိပြုမိ၏။ အနီးအနားတွင် ရေအိမ်ရှိလို့ရှိငြား မျက်စိကစားမိသည်။

ထိုခံစားရမှုက စာမေးခန်းထဲဝင်ကာနီးလူတစ်ယောက် စိတ်ထဲမှ မရိုးမရွ ဖြစ်တတ်သော ခံစားမှုမျိုးနှင့်ဆင်၏။ ဝမ်းအတွင်းမှ ရစ်၍နာလာသည်။

သမ္မတရုပ်ရှင်ရုံမှ တစ်ဖက်ကားလမ်းသို့ရောက်တော့ မခံစားနိုင်တော့ချေ။ မျက်စိတစ်ကမ်းအကွာအဝေးအတွင်း ရေအိမ်လုံးဝမရှိ တစ်ကိုယ်လုံး ချွေးစေးများပြွတ်တွဲ စိုညည်းလာသည်။ ညဦးပိုင်းက စားခဲ့သော ငရုတ်သီးထောင်းအစွမ်းပြပြီး ဝမ်းခေါင်းကို ထိုးနက်တိုက်ခိုက်နေလေပြီ။

ဣန္ဒြေမဆည်နိုင်အောင် ဖြစ်နေသော လင်းရောင်အား လမ်းသွားလမ်းလာများက မသက်သာသလို ဝိုင်းကြည့်ကြ၏။

"ဒုက္ခပဲ အိမ်သာလည်း မတွေ့ဘူး အင်း ဟင်း"

ခပ်လှမ်းလှမ်း ဘူတာရုံဘက်တွင် စားသောက်ဆိုင်တစ်ဆိုင်ကိုတွေ့သည့်အခါ ကမ္ဘာဦးလူသား မီးကိုတွေ့သလို ပျော်သွား၏။

"ဟား ဘုရား ဘုရားမတာပဲ"

ကိုက်နှစ်ဆယ်ခန့် အကွာအဝေးမျှသာရှိသော ထိုဆိုင်ဆီသို့





လင်းရောင် တင်ပါးနှစ်ခြမ်းကို အားတင်းရှုံ့လျက် ခြေလှမ်းတိုင်းအား ခပ်ခြင်းစိပြီး လျှောက်လာရသည်။ ကီမိုနိုဝတ်ထားသော ဂျပန်အမျိုးသမီးတစ်ယောက်၏ခြေလှမ်းမျိုးနှင့် တူနေမည်ထင်သည်။

ဆိုင်အနီးအရောက်တွင်ပင် အောင့်အည်းမထားနိုင်တော့သော ဝေဒနာကို ခံစားရသည်။ ဆိုင်တွင်းရောက်ရောက်ခြင်း မယောင်မလည်နှင့် အိမ်သာသို့ တန်းဝင်ပြီး ကသောကမျော ထိုင်ချလိုက်သည်။

"ဘွမ်း ဖြလစ် ဖြစ်"

"အား ခုမှပဲ သက်သာသွားတော့တယ် ဟူး"

မိုးသက်လေ မြောက်ပြန်လေ တန်ခူးလေ အားလုံး အရပ်ရှစ်မျက်နှာမှ တစ်ပြိုက်နက် တိုက်ခတ်သွားသလို လင်းရောင်တစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းသွားသည်။ ဒီလိုဒုက္ခနှင့်ပေါ့ပါးလန်းဆန်းမှုမျိုး လူတိုင်း ကြုံကြလိမ့်မည် ထင်၏။

ဒါကြောင့်လည်း အမတ်ကြီး ဦးပေါ်ဦးက ဒီလိုကိစ္စကို အရသာအရှိဆုံး ဖိမ်အတွေ့ဆုံးဟု ပြောသွားတာပဲဖြစ်မည်။ ချွေးသီးချွေးပေါက်များ ပြိုက်ပြိုက်ကျနေသော်လည်း စိတ်သက်သာရာရသွားသည်။

ကိစ္စပြီးသွား၍ အပြီးသတ် သုတ်သင်ရန် ရေဘုံဘိုင်ခေါင်းကို ဖွင့်လိုက်သည့်အခါကျမှ နောက်ပြဿနာတစ်ခု စလာပြန်သည်။ ရေက တစ်စက်မှ မကျ။ ဒီပြဿနာ ဘယ်လိုများ ဖြေရှင်းရပါ့မယ်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်သာအတွင်း ရှေ့နောက်ဝဲယာ ရှာဖွေရှုစမ်းကြည့်လိုက်သည်။ သုတ်သင်ရန်သင့်တော်သော အထောက်အကူပြုပစ္စည်း လုံးဝမရှိ။ ဘယ်လိုဖြေရှင်းရမှန်းမသိသဖြင့် သက်သာရာ ရခါစ စိတ်နှလုံးကြိမ်မီးအုံးသလို လောင်အိုက်လာရပြန်သည်။

နောက်ဆုံးတော့ အိတ်ကပ်ထဲကိုသာ အလျှင်အမြန် နှိုက်ကြည့်လိုက်ရ၏။ ထွက်လာသမျှမှာ ပိုက်ဆံ နှစ်ရာတန်တစ်ရွက်နှင့် ဖုန်းနံပါတ်ရေးထားသော စာရွက်တစ်ရွက်သာဖြစ်၏။ နှစ်ရာတန်ကို သုံးလို့မဖြစ်မှန်းသိတော့ စာရွက်သာ မဲကျတော့သည်။ သို့နှင့် စာရွက်ပေါ်မှ နံပါတ်ကိုအလွတ်ကျက်ရလေတော့သည်။

"တူး ဖိုက် အိတ် ဖစ် ဖိုးရိုး ..."

သေချာပေါက် အလွတ်ရပြီဆိုတော့မှ ထိုစာရွက်အား လေးမှိုင်အညီပိုင်းကာ မြိုးမြိုးမြိမြိနှင့်ကိစ္စ တုံး စီရင်ရသည်။ အရေးအကြီးဆုံးက လွတ်လပ်ထဲ ဖုန်းဆက်ဖို့ပဲ မဟုတ်လား။

ဖုန်းနံပါတ်ကို နှုတ်တက်ဖွဖွ ရွတ်ဆိုရင်း အိမ်သာထဲမှ ထွက်ခဲ့၏။ ဘာမှမစားမသောက်တော့ဘဲ ခပ်တည်တည်နှင့် သုတ်ခြေတင်သည်။ နံပါတ်မမေ့ခင် အများသုံးဖုန်းတွေ့မှ ဖြစ်မည်။

မျက်စိကိုအလုပ်ပေးရင်း ဖုန်းရှာပြီး သွက်သွက်လျှောက်လာစဉ် မျက်နှာချင်းဆိုင်မှ လျှောက်လာသော လူတစ်ယောက်က ထော





ချောင်ကို ဖမ်းဆွဲကာ ဝမ်းသာအားရ နှုတ်ဆက်တော့သည်။

"ဟာ ဟော့ကောင် လင်းရောင် မင်း ဘယ်ကလာတာလဲ"

"တူး ဖိုက် အိတ် အစ် အဲ ဟင် အောင်စိုး"

"ဝမ်းသာတယ်ကွာ မတွေ့တာ ကြာပြီနော်၊ ငါလေ မင်းကိုတွေ့တော့ ဟိုကောင် ကျော်ဝင်းကြီးကို သတိရတယ်ကွာ"

"ဟမ် ဘာဆိုင်လို့လဲဟ ငါနဲ့ကျော်ဝင်း ရုပ်ချင်းမှမတူတာ"

"မဟုတ်ဘူးလေ ကျော်ဝင်းကော မင်းကော ငါ့ဆီက ငွေနှစ်ရာချေးဖူးတယ်လေ၊ ကြုံတုန်း ပြန်ဆပ်ပါကွာ၊ ဒီငွေလေးပြန်ရဖို့ ငါ မင်းတို့ကို ဘယ်လောက်ထိတောင်းပန်ခယနေရဦးမှာလဲ"

"အဲဒါ တူသောအကျိုးပေးတာပေါ့ကွာ၊ ငါ ချေးတုန်းကလည်း မင်းကို ဘယ်လောက်ထိ တောင်းပန်မှ မင်းထုတ်ပေးခဲ့သလဲဆိုတာ ပြန်စဉ်းစားပေါ့"

"ဟမ်"

"သွားမယ်ကွာ အရေးကြီးကိစ္စလေးရှိသေးလို့"

ကသုတ်ကယက် နှုတ်ဆက်ပြေးထွက်လာတော့ အောင်စိုးသောင်တောင်ပေါ်ပေါင်တောင်နှင့် ကျန်ခဲ့၏။ သူ ဖြစ်ချင်တာဖြစ်၊ စိတ်မဝင်စားအား အရေးအကြီးဆုံးဖြစ်သော ဖုန်းနံပါတ်အား တခုတ်တရ ပြန်လည်ရွတ်ဆိုကြည့်သည်။

www.burmeseclassic.com



"တူး အိတ် ဖိနပ်ရိုး ဆစ် ဆစ် ဟိုက် သွားပြီ၊ နံပါတ်မမှတ်မိတော့ဘူး။ သောက်ကျိုးတော့နည်းပါပြီဗျာ"

လင်းရောင်၏ဖတ်လမ်းပမှာ နားဆင်စရာကို ပြန်ကြားလိုက်ရသော သူငယ်ချင်းတစ်စု ရယ်သံက အုံးအုံးကျွက်ကျွက် တစ်ခဲနက် ထွက်ပေါ်လာတော့၏။

"ဟား ဟား ဟား ဟား"

"ဟီး ဟီး ဟီး ခစ် ခစ် ခစ်"

"လင်းရောင်တို့ကတော့လေ ဖြစ်လိုက်ရင် ဟာသချည်းပဲ"

"ဒါကြောင့် လွတ်လပ် စိတ်ကောက်သွားတယ်ပေါ့ ဟုတ်လား လင်းရောင်"

မဒီက စာနာစွာမေး၏။ ကြက်နာလည်လိမ်ထားသလို ဖြစ်နေသော လင်းရောင်က

"အေးကွာ အဲဒါနဲ့ ဖုန်းနံပါတ် မေ့သွားလို့ လွတ်လပ်နဲ့ မတွေ့ဖြစ်တာ"

"ဒါများ ခက်တာလိုက်လို့ နင် လွတ်လပ်ဆီသွားပြီး တောင်းပန်လိုက်ပေါ့"

"အေးလေ ဒါလေးများ"

■ ■ ■





အားလုံး အထင်နှင့်လွဲမှားစွာ လွတ်လပ် စိတ်ကောက်မနေပါ။ စိတ်ဆိုတာ ဘယ်လိုကောက်ရသလဲဟုပင် ပြန်မေးသေး၏။ ထို့အတွက် လင်းရောင်ထံတွင် အဖြေရှိမနေပါ။ လူအချို့၏ဦးခေါင်းတွင် လေဟာနယ်ရှိသလားဟု လွတ်လပ် ထပ်မေးသောအခါ၌လည်း လင်းရောင် နားမလည်။ လတ်တလော နားလည်ခံစားမိသလို လွတ်လပ်ကို သိပ်ချစ်တယ်ဟု ပြောပြသောအခါ ပေါ်ပါးလန်းဆန်းစွာ လွတ်လပ် ရယ်လေသည်။

"မရယ်နဲ့ကွာ မောင် တကယ်ပြောနေတာ၊ ခု စာမေးပွဲနီးပြီ၊ စာမေးပွဲပြီးတာနဲ့ မောင် လွတ်လပ်ကိုလက်ထပ်မယ်"

"မောင်ရယ် လူပျိုတစ်ယောက်ရဲ့လွတ်လပ်မှုတွေကို မောင်ကိုယ်တိုင် အဆုံးသတ်ချင်နေပြီလား"

ဘယ်အချိန်က ပြောင်းသွားမှန်းမသိသော အခေါ်အဝေါ်များသာ အရသာရှိရှိ အသားသေနေပြီဖြစ်သည်။ ထို့အတွက် ရင်းနှီးကျွမ်းဝင်မှုက အရောင်ရင့်ရင့် နက်နက်ရှိုင်းရှိုင်း။

"ခုရော ဘာများထူးလို့လဲ လွတ်လပ် ချုပ်ချယ်ထားတဲ့အိမ်မက်ထဲမှာ မောင်ဟာ အကျဉ်းသားဘဝပဲ"

"ကဲလေ မောင့်သဘောပါ၊ စာမေးပွဲသာ အဓိကထားပြီး အောင်အောင်ဖြေလိုက်တော့"

"စိတ်ချ မောင် စာမေးပွဲအတွက် အာရုံစိုက်ရင်းကို သတိရနေ



www.burmeseclassic.com

www.burmeseclassic.com



မှာပါ''

''အဟင်း သိပ် သိပ်ပိုတဲ့ လူကြီးပဲ''

''မောင်က လိုနေတယ်လို့တောင် ထင်နေတာ''

ခွင့်ပြုချက်ရပြီးသည့်နောက် ဆုံးဖြတ်ချက် နိုင်မာစွာ ချလိုက်နိုင်ကြသည်။ အနာဂတ်အတွက် အားအင်သစ်တွေ ကိုယ်စီနှင့် . . . ။

■ ■ ■

လူ့ဘဝ၏တစ်စိတ်တစ်ပိုင်းအား တန်ဖိုးမြှင့်တင်ပေးနိုင်မည် ထင်သည့် စာမေးပွဲရက်ဖြစ်၍ အဆောင်များတွင် ညဥ့်နက်သည့်အထိ မီးများထိန်ညီးနေတာ မြင်ရတွေ့ရသည်။

မတိုးမကျယ်စာအံသံများ၊ လိုသည်ထက်ပိုကာ ဟန်လုပ်ရင်း ကျယ်လောင်စွာ အော်ဟစ်သော အသံများက အဆောင်အသီးသီးမှ တိုးဝေ့ထွက်ပေါ်လာ၏။

ထုံးစံအတိုင်း ပျော်ပျော်ပါးပါး နေလာကြပြီး စာမေးပွဲနီးကာမှ ဖုတ်ပူမီးတိုက် စာကျက်ကြသော ကျောင်းသားထုက အများစုမဟုတ်လား။ တစ်ယောက်တစ်ပေါက် စာကျက်သံများကြောင့် လင်းရောင် အိပ်မရ ဖြစ်နေသည်။ ထိုအသံများမကြားရစေရန် နားနှစ်ဖက်ကို ဖွ(?)ပိတ်ထားသော်လည်း ကြားမြဲကြားနေရသည်။

''တောက် အိပ်လို့ကို မရဘူးကွာ''





''အေး ငါလည်း မဒ္ဒီအကြောင်းတွေးရင်းနဲ့ စာကျက်လို့ကို မရဘူး''

ပိုင်စိုးနှင့် လင်းရောင် တစ်လှည့်စီ အိပ်ပြီး တစ်လှည့်စီ စာကျက်ရန် တိုင်ပင်ထားကာမှ အိပ်မရ စာကျက်မရနှင့် နှစ်ယောက်စလုံး အကျိုးမရှိဖြစ်နေကြ၏။

ပိုင်စိုးက အခန်းပြင်သို့ မျှော်ကြည့်၏။ လင်းရောင်လည်း ခုတင်ထက်မှ ထလာရင်း

''ဟိုဘက်ခန်းက သော်ဒီတို့ကော အိပ်နေကြပြီလား''

''ဒီကောင့်အခန်း မီးဖွင့်ထားပေမယ့် တံခါးပိတ်ထားတယ်ကွ။ ကြတ်ပြီး စာကျက်နေတယ်နဲ့တူတယ်''

''လာကွာ ဒီကောင်တွေဆီသွားပြီး ဦးနှောက်ဆေးရအောင်''

လင်းရောင်နှင့်ပိုင်စိုးတို့ တစ်ဖက်ခန်းတံခါးဝသို့ ရောက်သောအခါ အပြင်သို့ လျှံထွက်လာသော စကားသံအချို့ကို အံ့သြစရာ ကြားလိုက်ရသည်။

''တောက် ဘူပဲကွာ စားလိုက်တော့''

ထိုအခါမှ မီးဖွင့်ပြီး တံခါးပိတ်ထားသော ရည်ရွယ်ချက်ကို သိကျကျ သိရသည်။

''ဟာ ဒီကောင်တွေ ကုလားကား ကြည့်နေတာကွ ပိုင်စိုးရ''

www.burmeseclassic.com



"အသာနေ လင်းရောင် အဆောင်မှူးလာစစ်သလိုလုပ်ပြီး ဒီကောင်တွေကို ပညာပေးရမယ်"

"အေး ကောင်းတယ်"

လင်းရောင်နှင့်ပိုင်စိုး ညှိညှိပြီးသကာလ အသံဖျက်၍

"ဟေ့ အခန်းတံခါးဖွင့်စမ်း အဆောင်မှူး လာတယ်"

ထိုအသံအဆုံး၌ အခန်းထဲတွင် ဝရုန်းသုန်းကားဖြစ်စဉ်များ ပေါ်ပေါက်သွားသည်။ ခဏမျှကြာမှ တံခါးဖွင့်လာ၏။ အခန်းထဲတွင် သော်ဒီတို့အပါအဝင် လူခြောက်ယောက်ခန့် ရှိနေသည်။ လင်းရောင်နှင့် ပိုင်စိုးကို တွေ့လိုက်ရတော့ သူတို့ထံမှ ဆဲသံပေါင်းစုံ ထွက်ပေါ်လာတော့သည်။

"ဟား ဟား ဟား စာမေးပွဲနီးတာတောင် မဟုတ်တာရုတ်တွေ လုပ်နေကြတုန်းပဲလားကွ"

"သေနာကျတွေ ဒီမှာ ဘယ်လောက်တောင် လန့်သွားရသလဲ"

"မလန့်ချင်ရင် မဟုတ်တာ မလုပ်နဲ့ပေါ့ကွာ"

"တော်စမ်းပါကွာ စာကျက်ရတာ မောလို့ ခဏခေါင်းဆေးတာပါ"

"ကဲ ဒါဆို စုပေါင်းပြီး စာကျက်လိုက်ကြရအောင်"

"ကောင်းသားပဲ"





တကယ်တမ်း စာကျက်ကြည့်ကြတော့မှ ကိုယ်မသိ နားမလည်သော သင်ခန်းစာတွေ အများကြီးရှိနေသေးတာ အထိတ်တလန့် သိရှိလိုက်လေသည်။

■ ■ ■

စာမေးပွဲဆိုသည့် ခေါင်းစီးအောက်တွင် လင်းရောင်တို့အုပ်စု ဖြစ်မနေ ရင်ဆိုင်ကြရသောအခါမှ ပုံစံခွက်ထဲ သွတ်သွင်းထားသော ဘာသာရပ်က ရုန်းထွက်မလာ။ ဘယ်ချောင်မှာ ပုန်းအောင်းခိုကပ်နေသည်မသိ။

မေးခွန်းကို တစ်စိမ်းတစ်ယောက်လို ကြည့်နေမိကြသည်။ တစ်ခါမှ မမြင်ဘူးခဲ့သလို စိမ်းလွန်းနေသော မေးခွန်းကြောင့် ရှုမတတ် သိပ်ဖိစီးမှုကို ခံစားရသည်။

လင်းရောင် ဖောခွေးများ စို့တက်လာရင်း စာမေးပွဲခန်းထဲ တစ်လုံးဝေ့ကြည့်တော့ စားပွဲပေါ် လက်ထောက်စဉ်းစားနေသူများ၊ ဘောပင်၏နောက်ဖင်ကို ပါးစပ်နှင့်ကိုက်ကာ ခံတွင်းပျက်နေသူများ၊ ခေါင်းငုံ့ပြီး အံကြိတ်ကာ မိမိရသမျှ အငမ်းမရ ဖြေနေသူများနှင့် ငြိမ်သက်စွာ အိပ်ရှားနေကြသည်။

ထိုသူများအကြားမှ ထူးထူးခြားခြား ဣန္ဒြေပျက်နေသော မာရီယာကို တွေ့ရသည်။ မာရီယာအား တိုးတိုးတိတ်တိတ် အလှူအညီ



www.burmeseclassic.com

www.burmeseclassic.com



တောင်းကြည့်မည်ဟု တွေးမိသော်လည်း မာရီယာ၏မျက်နှာမှ ပလူပုံ အောင် စို့ထွက်နေသည့် ချွေးများကြောင့် အခြေအနေမကောင်းမှန်း ရိပ်မိ၏။

ဆံပင်သပ်လိုက်၊ လက်ကုပ်လိုက်၊ ခြေသလုံးပွတ်လိုက်နှင့် ဂနာ မငြိမ်ဖြစ်နေသော မာရီယာ၏မျက်လုံးများကြောင့် အကူအညီတောင်း လျှင်လည်း ရနိုင်မည်မဟုတ်မှန်း သိသာနေ၏။ မာရီယာ ဘာဖြစ်နေ သနည်း။

ခဏကြာမှ မာရီယာ့လက်ချောင်းလေးတွေ လှုပ်လှုပ်ပြီး ခြေ သလုံးယား၍ ကုတ်သလိုလိုနှင့် ထဘီအောက်နားစကို တဖြည်းဖြည်း ဆွဲတင်ကာ ပေါင်သားပေါ်သည်အထိ လှန်လိုက်၏။

ဖြူအိဝင်းမွတ်သော မာရီယာ၏ပေါင်တွင် စာလုံးသေးသေး ဖြင့် ရေးထားသော စာများ ပွထနေသည်။ စာတွေနိုးဖတ်လိုက် ပြီး ဉာဏ်စဉ်တစ်ခုရသွားသလို မာရီယာ ခေါင်းငုံ့ရေးလိုက်နှင့် အရှိန်မသေ ရနေသည်။

တစ်ခါ မျက်လုံးတစ်ချက်ဝေ့ရင်း ပေါင်ရင်းအထိ ဆွဲလှန်ပြီး သည်။ နံနက်ခင်းသည် ပိုရှုမွေးပျံ့ဝင်းမှည့်သွား၏။ တစ်ချိန်တည်းတွင် မာရီလင်မွန်ရိုးကို လင်းရောင် သတိရမိ၏။ အင်ဒရူးဝိုင်းယက်၏ ပန်း ကားများကို ပြေးမြင်သည်။





ဖြူနီဝါပန်းခင်းများကြားမှ ဒေါင်လိုက်ဖြတ်သန်းနေသော လမ်း သွယ်လေးကို သူ လျှောက်လှမ်းနေရသလို ခံစားရ၏။

ထူထဲသော သစ်ရွက်စိမ်းများကြားမှ ဝင်းဝါပြီး ရက်သွေးဖြာ ဆွဲနေသော ရွက်ပုန်းသီးတစ်လုံးကို တမ်းတငေးမောရသလိုလည်း ရှိ သည်။

ရေးလိုက် လှန်လိုက်နှင့် မာရီယာ အလှ၏ဖမ်းစားမှုတွင် လင်း ရောင် အငိုက်မိနေ၏။

မာရီယာက ပတ်ဝန်းကျင်ကို တခဏမေ့လျော့နေဟန်နှင့် လတ် ဆလောရရှိလာသည့် စာများကို အချိန်လုပြီး ကမန်းကတန်း ရေးနေပုံ ရသည်။ တစ်ချက်တစ်ချက် ဝေ့ဝဲလာသော မာရီယာ၏အကြည့် ရောက်လာခဲ့လျှင်တော့ မလိုအပ်ပါဘဲ လင်းရောင် နေရာရွှေ့နေမိ၏။

"ဟား နံ့ကလည်း ဂျပိုးကိုက်လိုက်တာ"

ဤသို့ ဟန်ဆောင်နေရင်း ဝေကျွေးသော ပန်းသီးတစ်ကိုက် ကို ငုံထားရသလို လင်းရောင် ခန္ဓာကိုယ်အတွင်း အပြာရောင်လျှပ်စီးများ ဆင်းကာ ထွန့်ထွန့်လူးနေသည်။

"ကလင် ကလင် ကလင်"

အချိန်ပြည့်လျက် ခေါင်းလောင်းမြည်သောအခါမှ လင်းရောင် တစ်ယောက် စာမေးပွဲခန်းထဲရောက်နေမှန်း သတိရသွားသည်။

www.burmeseclassic.com



"ဟိုက် ငါ ဘာမှမရေးမိပါလား"

လင်းရောင်၏အဖြေလွှာကား လွတ်လပ်ခြင်းများနှင့် လောင်မြိုက်နေတော့၏။ နောင်တများ အင်နှင့်အားနှင့်ဖြစ်တည်လာချိန်တွင် အချိန်က လုံးဝမရှိတော့။

နောင်တစ်နစ်တော့ ကျိန်းသေပြီဟူသောအတွေးနှင့် လေးတွဲစွာ စာမေးခန်းတွင်းမှ ထွက်ခွာလာခဲ့သည်။ ကော်ရစ်ဒါတွင် ရစ်သီရစ်သီ လုပ်နေတုန်း အတန်းဖော် ကိုဦးနှင့်ဆုံသည်။ ကိုဦးက

"မင်းဖြေနိုင်လား လင်းရောင်"

"မဖြေနိုင်ပါဘူးကွာ မဖြေနိုင်ဆို တစ်လုံးမှကို မရေးလိုက်နိုင်ဘူးကွ မင်းကော"

"ဟာ ဒါဆိုရင် ငါတော့ ဒုက္ခပဲ"

"ငါတစ်လုံးမှ မဖြေခဲ့တာ မင်းနဲ့ဘာဆိုင်လို့လဲ"

"ငါလည်း ဘာမှမဖြေခဲ့ဘူးလေ၊ အဲဒီတော့ မင်းဆီက ငါ ခိုးချတယ်လို့ ဆရာတွေ ထင်မှာပေါ့ကွ"

"ဟမ် သေ သေလိုက်ပါလား"

မဖြေနိုင်၍ ဂေါက်သွားဟန်တူသော ကိုဦး အပြောကြောင့် လင်းရောင် အပြင်းစား စိတ်ညစ်သွားခဲ့သည်။ သို့နှင့် လွတ်လပ်ရှိရာ သို့သာ ပြေးသွားမိ၏။





သူငယ်ချင်း အားလုံးစုံတော့လည်း မဖြေနိုင်သော သောကက ေးလွင့်ပျောက်ပျယ်သွားသည်။ ကင်တင်းတွင် ထိုင်ကြရင်း နှစ်လ ုံးလလောက် ခွဲခွာရမည့်အရေးအတွက် လွမ်းတေးကို အပြိုင်သီဆို ကြ၏။

မိုးမြင့်နှင့် နွေးနွေးတို့က အကဲဆုံး အသည်းဆုံး။ တစ်ယောက် ာ်တစ်ယောက်ဆုပ်ကိုင်ရင်း မျက်ရည်လည်ရွဲနှင့် ရင်နာမဆုံး ဖြစ်နေ ကြသည်။ စာရေးဖို့ ဖုန်းဆက်ဖို့ သတိရဖို့ နေကောင်းအောင် ဂရုစိုက်ဖို့ ည်ဖြင့် မှာတမ်းက မဆုံးတော့။

ကြာတော့ စိတ်ညစ်လာသည်နှင့် လွတ်လပ် လက်ကိုဆွဲကာ ာလုံးနှင့်ခွဲပြီး ကန်တော်ဘောင်သို့ နှစ်ယောက်ထဲ ထွက်လာခဲ့၏။ ယောကျ်ား ်သော လွတ်လပ်ကတော့ လွမ်းစကား သိပ်မပြော။ လက်တွေ့ဆန် သည်။

"မောင် မော်လမြိုင်ပြန်မှာလား"

"အင်း မပြန်လို့တော့ မဖြစ်သေးဘူးလေ လွတ်လပ်ရဲ့ ဖေဖေ သမီးစရိတ်ပဲ လှမ်းပို့လိုက်တာလေ"

"အဟင်း တစ်ပတ်လောက်တော့ လွတ်လပ် ကျွေးထားနိုင် သေးနော်"

"လွတ်လပ် ကျွေးပေမယ့် မောင် မစားရက်ပါဘူးကွာ လွတ်



www.burmeseclassic.com

www.burmeseclassic.com



လပ်ကော မောင် ပြန်သွားရင် လွမ်းနေမှာလား"

"သတိရမှာသေချာပေမယ့် အစားအသောက်တော့ မပျက်လောက်ပါဘူး။ ဘာလဲ သေကောင်ပေါင်းလဲ ဖြစ်ပြရမှာလား မောင်"

"ဟာ မလိုပါဘူးကွာ မိုးမြင့်နဲ့ခွေးခွေးတို့ ဖြစ်ပျက်နေတာကြည့်ပြီး စိတ်ညစ်လို့ မောင်တို့ ဒီကိုထွက်လာကြတာမဟုတ်လား။ အဲလိုအပေါ်ယံကြောတွေ မောင် မယုံကြည်ပါဘူးကွာ လိုလည်းမလိုအပ်ပါဘူး"

"တော်သေးတာပေါ့ လွတ်လပ်လည်း အဲသလို အပိုတွေ မလုပ်ချင်လို့"

"ရပါတယ် လွတ်လပ်ရယ် အပေါ်ယံကိစ္စတွေထက် နှလုံးသားချင်း ရင်းနှီးနွေးထွေးဖို့က အရေးကြီးတာပါ"

"ဟုတ်တယ် မောင် မော်လမြိုင်ပြန်ရင်တောင် လိုက်ပို့ချင်တာမဟုတ်ဘူး၊ တစ်ယောက်ထဲကျန်ခဲ့ပြီး သိသိသာသာ အထီးကျန်မှာကိုတော့ လွတ်လပ် မခံစားနိုင်ဘူး မောင်"

"ဟာ သဘောထားတွေ တိုက်ဆိုင်လိုက်တာ လွတ်လပ်ရယ် မောင်လည်း အဲလိုပဲ တွေးနေမိတာ၊ မသိလိုက် မသိဘာသာနဲ့ ကိုယ့်ဟာကိုယ် ပြန်သွားတာကမှ စိတ်သက်သာရာ ရဦးမှာလို့လေ"

"မမေ့ဘူးဆိုရင် ပြီးပြီပေါ့ မောင်ရာ ဟုတ်ဘူးလား"

"သိပ် ဟုတ်"





သဘောထားချင်း တိုက်ဆိုင်ပြီး အတွေးအခေါ်ချင်းပါ တူမျှသဖြင့် လွတ်လပ်နှင့်ချစ်သူဖြစ်ခွင့်ရတာ ကောင်းလေစွဟုသာ ထင်မြင်ကြားမိလေသည်။

■ ■ ■

သို့သော်

တကယ်တမ်း ခွဲခွာကြရသောအခါ မော်လမြိုင်မြေသည် ယော တမျှ ပူလောင်ပြင်းပြခဲ့၏။ လုပ်စရာ မယ်မယ်ရရ မရှိ။ ပျင်းရိ ွဲကာလများကို ခြောက်ခြောက်သွေ့သွေ့ ရင်ဆိုင်ခဲ့ရသည်။

အဖေ့အရောင်းအဝယ်အလုပ်တွင် ဝင်လုပ်တော့လည်း ဈေး သိ အတွက်အချက်မကျွမ်းကျင်သဖြင့် အမှားအယွင်းများပြီး ကူညီ ရောက် ဖြစ်နေလေရာ အဖေက တောင်းတောင်းပန်ပန်နှင့် နားနိုင်း

သို့ဖြင့် မော်လမြိုင်တွင် ကွန်းခိုနေသော လင်းရောင်တစ်ယောက် ်လက်မှုံ့ဘဝနှင့် လည်ရာပြန်စားလေးကိစ္စကိုသာ အားသွန်ခွန်စိုက် ာင်နေရလေသည်။

လင်းရောင် အများဆုံး စတည်းချရာအရပ်က အစ်မလှ အိမ် ယောက်ဖက မြို့နယ်အုပ်ချုပ်ရေးဌာနမှ ဦးစီးအရာရှိဖြစ်ပြီး ာကောင်းသည်။ ထို့ပြင် ငါးနှစ်အရွယ်တူမလေးတစ်ယောက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



နှစ်နှစ်အရွယ် တူလေးတစ်ယောက်ပါရှိနေသဖြင့် အစ်မကို ကလေးကူထိန်းပေးရင်း အပျင်းဖြေနေရသည်။

အကြီးမကို ကျောင်းပို့ပြီး အငယ်ကောင်အား သိပ်ထားခဲ့ကာ အစ်မနှင့်ထမင်းစားရင်း စကားပြောဖြစ်ကြ၏။

"မောင်လေး နင် ဦးလေးသာရင့်ကို သိတယ်မဟုတ်လား"

"ရေးတေးတေးပဲ အစ်မရဲ့"

"အဖေနဲ့တော့ တအားရင်းနှီးတာနော်၊ သူ့သမီးလည်း ရန်ကုန်မှာ တက္ကသိုလ်တက်နေတာတဲ့"

"ဟင် ဟုတ်လား နာမည် ဘယ်သူတဲ့လဲ"

"အင်း နေပါဦး ဪ မဒီ ဆိုလား ဘာလားပဲ"

"ဟာ မဒီ ဟုတ်လား။ အဲဒါဆို ကျွန်တော်နဲ့သိတယ် အစ်မရဲ့ သူငယ်ချင်းပဲ"

"ဟုတ်လား သူတို့က ဒိုင်းဝန်းကွင်းမှာ နေတာလေ"

"ဒါဆို လည်စရာတစ်အိမ်တိုးပြီပေါ့၊ အတော်ပဲ ပျင်းနေတာနဲ့"

ကျောင်းပိတ်တာ တစ်လမပြည့်သေးသော်လည်း သူငယ်ချင်းများနှင့် လွတ်လပ်ကို အတူးတလည် သတိရနေမိပြီဖြစ်၏။ မဒီနှင့်တွေ့ပြီး ကျောင်းတုန်းကအဖြစ်အပျက်တွေ စားမြုံ့ပြန်ရလျှင် ဝေဒနာအလေးလွတ်ငြိမ်းချမ်းသာခွင့်ရမည်မဟုတ်လား။





"ဒါနဲ့ ငါ့မောင် ကျောင်းမှာ ရည်းစားတွေဘာတွေ ရနေပြီလား"

ပြောချင်ရက် လက်တို့ဖြစ်နေသော လင်းရောင်အတွက်တော့ အလွမ်းပြေသဘောနှင့် အစ်မ်အား ဖောက်သည်ချခွင့်ရခဲ့၏။ သူ ဆုံဖြတ်ထားသလို ပထွေး၏စော်ကားမှု ခံခဲ့ရခြင်း၊ အမေဖြစ်သူ ထောင်ကျနေခြင်းတို့တော့ မပါဝင်ခဲ့၊ အစ်မကတော့ ပညာတတ်ခြင်းပဲ မဆိုးပါဘူးဟု မှတ်ချက်ချခဲ့လေသည်။

အမေချက်ကျွေးသောထမင်းကိုစား၊ အဖေဆုံးမတာ နာခံ၊ အစ်မကလေးတွေ ထိန်းပေးနေရသော ဘဝမှာ ခဏတဖြုတ် ကင်းလွတ်ခွင့်ရခဲ့သည်။ သူ မဒီ့ထံ ရက်ခြားဆိုသလို အလည်အပတ် ရောက်ခဲ့၏။ ထမဆုံး စရောက်သည့်နေ့က

"ဟယ် လင်းရောင် ဘယ်ကဘယ်လို ရောက်လာတာလဲ အံ့ဩ"

"အစ်မဆီက သတင်းကြားပြီး အဖေ လိပ်စာပြောပြလို့ ရောက်အောင်လာခဲ့တာ"

"အဟင်း ငါတို့လည်း တစ်မြို့ထဲနေပြီး ရန်ကုန်ရောက်မှ ခင်ကြရတယ်လို့"

"အေးဟာ အံ့ဩစရာကြီးနော်၊ လွတ်လပ်ကတော့ မြောသားသာ မော်လမြိုင်မှာနေတာတဲ့၊ ဒါနဲ့တောင် ငါတို့ စကားမပြော်မိကြဘူး

www.burmeseclassic.com



နော်''

''အေးလေ ခုတော့ အတော်ပဲ ကျောင်းပြန်ဖွင့်ရင် ရန်ကုန်သွားဖို့ အဖော်ရပြီ''

''အဲဒါ ကောင်းတာပေါ့၊ ဒါနဲ့ နေစမ်းပါဦး ဟိုကောင် ပိုင်စိုးကြီး နှင့်ဆို မဆက်သွယ်ဘူးလား''

ရုတ်တရက် အမေးကြောင့် မဒီက ဟိုဒီလှည့်ပြီး အကဲခတ်လေ၏။ ထိုအခါမှ မဒီ့အိမ်ကလူတွေရှိနေတာ သတိရပြီး ထူပူသွားမိ၏။ မဒီက လေသံတိုးတိုးနှင့်

''စာတော့ ရေးတယ်ဟ''

''ဟုတ်လား ငါတော့ လွတ်လပ်ဆီတောင် အဆက်အသွယ် မလုပ်ဖြစ်ဘူး''

''လွတ်လပ်က သိပ်ယောက်ျားဆန်တာ''

''ဟုတ်တယ် အသည်းမာတဲ့သဘော၊ ငါကလည်း အဲဒါကို သဘောကျနေတာ၊ သူ့ကို ငါ သနားတယ်ဟ''

''လင်းရောင် အဲဒီစကား သူ့ကိုသွားမပြောမိစေနဲ့နော်၊ သူ့မှာ ဒဏ်ရာတွေ ဗလပွနဲ့မဟုတ်လား၊ မသိစိတ်က အားငယ်နေပေမယ့် သနားတာကို လုံးဝလက်ခံတာမဟုတ်ဘူး''

''ငါသဘောပေါက်ပါတယ်ဟာ''



မဒီနှင့် အဆက်အသွယ်ရခဲ့ပြီးမှ မော်လမြိုင်မှာ နေသာထိုင်သာရှိသွားသည်။ ကျောင်းပိတ်ရက်ကာလအတွင်း ပျင်းတိုင်း အလည်အပတ်ရောက်နေတတ်တော့ သူတို့၏ဆက်ဆံရေးကို နှစ်ဖက်အသိုင်းအဝိုင်းက သတိပြုမိသွားကြ၏။ ဒါကို သူတို့နှစ်ယောက်လုံး သတိမထားမိခဲ့ကြချေ။

သို့နှင့် ကျောင်းပြန်ဖွင့်ချိန်တွင် မဒီနှင့်လင်းရောင်တို့အား နှစ်ဖက်မိသားစုက ဖက်နှင့်ကူးပြီး မုတ္တမဘူတာအထိ လိုက်ပို့ပေးခဲ့ကြသည်။ (ထိုအချိန်က တံတား မထိုးရသေး)။ ဦးလေး ဦးသာရင်က မဒီ့အား အစစအရာရာ စောင့်ရှောက်ရန် အပ်သလို လင်းရောင်အဖေကလည်း ထိုကိစ္စအား ကျေနပ်နေပုံရ၏။

ရည်းစားကိုယ်စီနှင့်သူငယ်ချင်းများဖြစ်သော လင်းရောင်တို့က ဒါကိုလုံးဝ သတိမပြုမိခဲ့ကြချေ။ ပကတိရိုးသားစွာနှင့် တက္ကသိုလ်သို့ ပြန်လာခဲ့ကြ၏။

■ ■ ■

သစ်ပုတ်ပင်ခြေရင်းသို့ ပြန်လည်ခိုဝင်ခွင့်ရခဲ့သည့် နှစ်တွင် လင်းရောင်တို့အုပ်စု စာမေးပွဲကျ၏။ သော်ဒီ ပိုင်စိုး မိုးမြင့်တို့သည်း အတန်းဟောင်းမှာပဲ ပြန်တက်ကြရမည်ဖြစ်သည်။ ထိုအထဲတွင် မာရီယာ လည်းပါ၏။

www.burmeseclassic.com

www.burmeseclassic.com



လွှတ်လပ် အမရာ မဒီနှင့် နွေးနွေးတို့ကတော့ ကွင်းလုံးကျွတ်သွားကြသည်။ သော်ဒီနှင့်ပိုင်စိုးက အလုပ်လုပ်ရင်း စာပေးစာယူတက်မည်ဟု ဆိုကာ သစ်ပုတ်ပင်ကို ခြေစုံကန်သွားကြ၏။ လင်းရောင်နှင့်မိုးမြင့်သာ ကျောင်း၌ယောင်လည်လည် ကျန်ရစ်ခဲ့သည်။

အဖော်သစ်တစ်ယောက်တော့ တိုးလာ၏။ ထိုအဖော်မှာ မာရီယာပင်ဖြစ်သည်။

အနှန်းဖော်ဖြစ်လာသော မိုးမြင့်မှာ နှလုံးသားစစ်မြေပြင်တွင် ခြိုးခိုတိုက်ခိုက်ခံခဲ့ရ၍ ဒဏ်ရာများနှင့် အလူးအလဲ ဖြစ်နေလေသည်။ သည်းသည်းလှုပ်ချစ်ပြခဲ့သော နွေးနွေးမှာ မိဘစီမံရာကို နာခံပြီး အိမ်ထောင်ပြုသွားသဖြင့် ကိန္နရာချောင်းခြားဖာတ်ကို မိုးမြင့်တစ်ယောက်တည်း ကပြအံသုံးတော်ခံနေရရှာသည်။ သူတို့သုံးယောက် ခင်မင်မှုကာလျင်မြန်စွာ အရောင်ရင့်သွားကြသည်။

လင်းရောင်နှင့်မိုးမြင့်အတွက် မာရီယာက AO မျက်မှန်တစ်လက်စီ လက်ဆောင်ပေးသောအခါ နွေးနွေးကို လွမ်းသည့်စိတ်နှင့် မိုးမြင့်မျက်ရည်ကျ၏။ ရှိုက်သံသဲ့သဲ့နှင့် ကျေးဇူးစကားဆိုတော့ အားလုံးခံစားသွားရသည်။

"တကယ် ကျေးဇူးတင်တယ် မာရီယာ၊ အမြဲလို မျက်ရည်ဝဲနေတဲ့ ငါ့မျက်လုံးတွေ လူမမြင်အောင် ဖုံးကွယ်ထားလို့ရတာပေါ့"





"မိုးမြင့်ရယ် ဘာဆန်းလဲ၊ မာရီယာ ပြောမယ် နားထောင်နော်မိန်းမတစ်ယောက်အတွက် ခရီးဆုံးပန်းတိုင်က လက်ထပ်ခြင်းပဲမဟုတ်လား။ အဲဒီလက်ထပ်ခြင်းမှာ ကိုယ်နဲ့ပဲဖြစ်ရမယ်လို့ တစ်ထစ်ချ တွေးထားလို့ ဘယ်ရမလဲ၊ ကိုယ်ဖြစ်ချင်ဖြစ်နိုင်သလို တခြားတစ်ယောက်လည်း ဖြစ်သွားနိုင်တာပဲမဟုတ်လား"

မာရီယာ၏နှစ်သိမ့်စကားကို မိုးမြင့်က စောဒကတက်သည်။

"မဟုတ်ဘူး မာရီယာ၊ ငါ သူ့ကိုဘယ်လောက်ချစ်သလဲဆိုတာ သိရဲ့သားနဲ့ သူ့မိဘစီစဉ်တာကို ငြင်းပယ်လို့မရဘူးဆိုပြီး အဲဒီကမ္ဘာ့ဗိုင်ရှင်သူဌေးနဲ့ နွေး လက်ထပ်လိုက်တာ"

"ဟုတ်တယ် မာရီယာ ငါလည်း နွေးနွေးကို ဘယ်တော့မှ ခွင့်မလွှတ်ဘူး။ တကယ်ဆို သူ မိုးမြင့်ကို မြတ်မြတ်နိုးနိုး ရှိရိုးမှန်ရင် သူ့မိဘတွေ စီစဉ်တာကို ပြတ်ပြတ်သားသား ငြင်းသင့်တယ်"

"မဟုတ်သေးပါဘူး လင်းရောင်ရယ်၊ သူ့မှာလည်း အခက်အခဲရှိလို့ ဖြစ်မှာပါ"

"တော်ပြီဟာ နင် ရှေ့နေလိုက်မနေနဲ့၊ နွေးနွေးကို သူငယ်ချင်းအဖြစ်က ငါစွန့်လွှတ်လိုက်ပြီ"

ယောက်ျားသားနှစ်ယောက်၏ဒေါသနှင့် နာကျည်းမှုစကားများကို မာရီယာ တုဖက်၍ မပြောသာတော့။ မိုးမြင့်ကလည်း လွမ်းလက်စ



www.burmeseclassic.com

www.burmeseclassic.com



မကျန်သေးချေ။

"ငါလေ တစ်နေ့က ဗိုလ်ချုပ်ဈေးမှာ နွေးကို အမှတ်မထ

တွေ့လိုက်ရတယ်၊ ကိုယ်ပိုင်ကားပေါ်က ဆင်းလာတဲ့ နွေးကလေ အိ

ရဲ့လက်ကိုကိုင်ပြီး ပြုံးနေလိုက်တာ ငါ့ရင်ထဲမှာလေ"

စကားဆုံးအောင် မပြောနိုင်ဘဲ အသံဆို့နင့်ပျောက်ကွယ်သွ

သော မိုးမြင့်မှာ အဆုံးမဲ့နာကျင်မှုဖြင့် ခေါင်းငိုက်စိုက်ကျသွားသည

လင်းရောင်နှင့်မာရီယာက ဖြေသိမ့်ပေးသလို နွေးထွေးသော အကြည

မိုးမြင့်ကို ငေးကြည့်နေမိကြ၏။

မှာထားသော လက်ဖက်ရည်များ အေးစက်ပျစ်ခဲသွားသေ

လည်း ဘယ်သူမှ မသောက်ဖြစ်ကြ။

"ဖူးစာမပါဘူးလို့ပဲ တွေးပြီး ဖြေပါ မိုးမြင့်ရာ၊ အဲဒီကိစ္စအတွ

နဲ့ ဘဝပျက်လောက်အောင်တော့ မခံစားပါနဲ့ဟာ မတန်လို့ပါ"

"မာရီယာ ပြောတာမှန်တယ် မိုးမြင့်၊ မင်း လေလွင့်နေ

မဖြစ်ဘူး၊ ဒီနှစ် အောင်အောင်ကြိုးစားပြီး နောက်တစ်ယောက်ရှာ

ပစ်လိုက်ကွာ သူကြင်မှ ကိုယ်ကြင်ပေါ့"

"မိုးမြင့်ရယ် ပြန်ကြရအောင်ဟာ"

■ ■ ■

သူငယ်ချင်းများအားလုံး ,လုဝ်ငန်းကိုယ်စီ အသီးသီးဝင်ခဲ





သောကြောင့် တစ်ယောက်နှစ်ယောက်သာ ရံဖန်ရံခါ ဆုံတတ်ကြ၏။ ကင်းကွာနေသူများနှင့် ပတ်သက်၍ ဆုံတွေ့သူမှ တစ်ဆင့် အရေးအကြောင်း များကို ပုံဖော်ကြရသည်။

သော်ဒီက ဒန်အိုးစက်ရုံတစ်ခုတွင် အလုပ်လုပ်နေပြီဆိုသည့် အကြောင်း မိုးမြင့်က ဖောက်သည်ချ၏။

ပိုင်စိုးက သင်္ဘောလိုက်ရန် ကြိုးစားနေကြောင်းကိုတော့ အမရာ နှင့်ဆုံသဖြင့် သိခဲ့ကြသည်။ အမရာမှာလည်းဝါသနာကို ပြုစုပျိုးထောင် ရင်း ဝတ္ထု ကဗျာများရေးသားနေကာ တစ်ပုဒ်စ နှစ်ပုဒ်စ ဆိုသလို မဂ္ဂဇင်းများတွင် ပါနေပြီဆိုတာကလည်း သတင်းထူးတစ်ခုပင်ဖြစ်၏။

မဒီမှာလည်း အမေဆုံးပြီး မော်လမြိုင်ပြန်သွားခဲ့ရာမှ ကျောင်း သို့ပြန်ရောက်မလာတော့ချေ။ လင်းရောင်နှင့်လွတ်လပ်တို့၏ ပေါင်းခံထား သော စကားလုံးများက ဒိုင်ယာရီထဲတွင် တိုးပွားလာခဲ့သည်။

သဘာဝ၏စည်းမဲ့တရားပျက်မှုကြောင့် ဖန်နဝါရီလထဲတွင် မိုးရွာသည့်နေ့တစ်နေ့က လင်းရောင်နှင့်လွတ်လပ် ဆုံတွေ့ခဲ့ကြသည်။ ဘယ်တုန်းကမှ ထီးမကိုင်တတ်သော လင်းရောင်တစ်ယောက် ထိုနေ့က ထီးမပါ၍ ကိုယ့်ကိုကိုယ် ဒေါသဖြစ်မိသေး၏။

"လွတ်လပ်ကလည်းကွာ မောင်က ယောကျ်ားလေးမို့ ထီးမ ဆောင်းတတ်ဘူးပဲထား လွတ်လပ်ကတော့ ဆောင်သင့်တယ်"



www.burmeseclassic.com

www.burmeseclassic.com



မိုးရေထဲ သွက်သွက်လျှောက်လှမ်းရင်း လင်းရောင်က အပြစ်တင်သလိုပြောတော့ လွှတ်လပ် ချက်ချင်းတုန့်ပြန်သည်။

"ဘာလဲ မောင် မိန်းကလေးတိုင်း ထီးဆောင်ရမယ်လို့ သတ်မှတ်ချက်ရှိလို့လား"

"ဟာ သတ်မှတ်ချက်မရှိပေမယ့် နပဲကြည့်လေ မောင်ရော လွှတ်လပ်ရော တစ်ကိုယ်လုံး ရွှဲကုန်ပြီ"

"မိုးရွာလို့ မိုးစိုတာ ဆန်းသလား မောင်ရယ်"

"မဆန်းပေမယ့် ဖြတ်သွားဖြတ်လာ ယောကျ်ားတွေ လွှတ်လပ်ကိုကြည့်ကြည့်သွားတဲ့ အကြည့်တွေကို မောင် မကြိုက်ဘူး။ သကြိန်စာများမှတ်နေကြလားမသိဘူး"

"ဘာလဲ မောင်ရဲ့ သကြိန်စာဆိုတာ"

"သကြိန်မှာပဲ စားရသောက်ရ အဲလေ သကြိန်မှာပဲတွေ့ရမြင်ရတဲ့ ပုံစံမျိုး လွှတ်လပ် ဖြစ်နေတာလေ၊ ပါးပါးလှပ်လှပ်နဲ့ အသားကိုကပ်လို့ အားလုံးအထင်းသားပဲ"

"ခစ် ခစ် ခစ် ဒါတော့ ဘယ်တတ်နိုင်ပါ့မလဲ မောင်ရယ် ဒါယောကျ်ားတွေရဲ့သဘာဝအရ မိန်းကလေးတွေရဲ့ Body Language ကို လေ့လာချင်ကြမှာပါလေ"

"ကျွတ် ဟာကွာ"





လင်းရောင် စိတ်ဆိုသွားသည်။ မိုးစက်များနှင့် ရေရောခဲ့လိုက်မှ ပိုမိုလတ်ဆတ်လာသော လွှတ်လပ်၏အရေပြားအလှကို ထိုခဏ၌ ချွန်ရှာမှန်းမိ၏။ တစ်ခါတစ်ရံ၌ သဝန်တိုမှုများတွင် နေရောင်ခြည်သည် အရေးကြီးကြောင်း သူ ကောင်းကောင်းသိခဲ့ရလေပြီ။

"လာကွာ လွှတ်လပ် မောင်တို့ အိမ်ပြန်ကြရအောင်"

"ဘာလဲ ကိုယ်အခု တစ်ယောက်တည်း ငှားနေတဲ့ အိမ်ကို မောင်လေ့လာချင်လို့လား"

"အင်း"

"မောင့်ရဲ့သိက္ခာကို အာမခံရင် လိုက်ခဲ့လေ"

"ဟာ လွှတ်လပ်ရာ မောင့်သိက္ခာက ဆယ့်ခြောက်ပဲရည်အပြည့်ပါ၊ လုံးဝမှတ်ကျောက်တင်ခံတယ်"

"ဒါဆို သွားကြစို့"

လင်းရောင်တို့ မှတ်တိုင်တဲရောက်တော့ ရှိနှင့်ပြီးသား ယောကျ်ားငယ်များ၏မျက်လုံးအစုံတို့က လွှတ်လပ်၏ခန္ဓာကိုယ်အား ကျူးကျော်ဝင်ပါးနေကြကြောင်း သူ ကောင်းကောင်းသိနေသဖြင့် အလိုလိုနေရင်း ဒေါသူပွက်ထိုးနေမိသည်။

လွှတ်လပ်ကတော့ ထီမထင်ဟန်ပန်အပြည့်နှင့်မို့ လင်းရောင်မှာ မခံချိမခံသာ ဖြစ်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ပထမခုံး ထိုးဆိုက်လာသော ဟိုင်းလပ်ကားပေါ်သို့ လင်းရောင်နှင့်လွတ်လပ် တိုးဝှေ့တက်လိုက်ကြသည်။

ထိုအခါမှ လင်းရောင် ရင်မောမှုက ပိုပြီးတက်ကြွလာ၏။ လိုင်းကားအသေးများ၏အလယ်တန်းထိုင်ခုံပိစိလေးတွင် တစ်ဖက်စောင်းထိုင်နေရသော လွတ်လပ်၏ကိုယ်ကာယအလှသည် လမင်း၏မျက်နှာမှ မေးရိုးတစ်ဖက် ပြုတ်ကျနေသလို ကပိုကရို လှနေပြန်လေသည်။

လွတ်လပ်နောက်မှလူတွေအားလုံးအတွက် လပြည့်နေ့ဖြစ်သည်။ လင်းရောင်အတွက်တော့ အပိုလို (၁၁)မှ ခြေချခွင့်မရသူ။

"တောက် အလကားရတိုင်း အရှက်မရှိ ကြည့်နေလိုက်ကြတာ လွတ်လပ်ရယ် ထီးဆောင်းတတ်တဲ့မိန်းကလေးတစ်ယောက်သာ ဖြစ်လိုက်ပါတော့"

မပြည့်လေသော လင်းရောင်၏ဆုတောင်းများနှင့် ချစ်သူ၏အလှကို မိနစ်နှစ်ဆယ်ခန့် အလှူကြီးပေးပြီးနောက်

"မောင် ဆင်းမယ်"

"အင်း အင်း"

မှတ်တိုင်တစ်ခုအရောက်တွင် လွတ်လပ်က သတိပေးပြီးနောက် ကုန်းကုန်းကွကွနှင့် ဆင်းဖို့ပြင်သည်။ အလယ်တန်းရှေ့ခုံမှ လူကိုကျော်နေရသည်နှင့် လွတ်လပ်၏နောက်ပိုင်းအလှက စူဖောက်တို့အကြို





နေ သည်။

သောကအပေါ် ဒေါသဆင့်၍ နမြောတသ ဖြစ်နေရသော လင်းရောင်အတွက် အလှူပေးရသော်လည်း သူဌေးမဖြစ်သည့်နေ့ဖြစ်လေသည်။ ကားပေါ်မှဆင်းကာ ပလက်ဖောင်းကိုနင်း,နင်းချင်း လင်းရောင်ပြောသည့်စကားက

"လွတ်လပ်ကို ဗမာဖြစ် မိုးကာအရှည်ကြီးတစ်ထည်ဝယ်ပေးမယ်၊ အမြဲဆောင်ထား၊ မိုးရွာတာနဲ့ ထုတ်ဝတ်ကွာ ကြားလား"

"ဟာ မောင်ကလည်း ပေါက်ကရတွေ အဲဒီမိုးကာက မာခေါက်ကြီး။ ပြီးတော့ ပူကပူ အိုက်ကအိုက်နဲ့ နေစမ်းပါဦး မောင်ဘာဖြစ်နေတာလဲ"

"ဘာဖြစ်ရမှာလဲ မောင် တန်ဖိုးထားလွန်းတဲ့ လွတ်လပ်အလှအားလုံးက ပိုးစိုးပက်စက် ဝိုင်းစားသောက်နေကြတာကိုး"

"ခစ် ခစ် ခစ် ဖြစ်မှဖြစ်ရလေ မောင်ရယ်၊ မောင်ကလေ ကယ်ရယ်ရတယ် သိလား"

"မောင် မရယ်နိုင်ဘူး လွတ်လပ်"

ရှာရန် ရာနှုန်းကိုးဆယ်လောက်အထိ အုံ့မှိုင်းညှို့ဆိုင်းနေသည့် မောင်၏ မျက်နှာကိုမြင်လိုက်တော့ လွတ်လပ် မျက်နှာပိုးသတ်လိုက်၏။

"ကဲပါ မောင်ရယ် နောက်ကို ဘယ်သွားသွား ထီးယူခဲ့မယ်



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပြီလား ကျေနပ်တော့နော်''

■ ■ ■

လွှတ်လပ်စံမြန်းသော တစ်ပင်တိုင်မြနန်းသည် (၆)ထပ်တိုက်၏ ငါးလွှာရှိ ကန်ထရိုက်တိုက်ခန်းပင်ဖြစ်သည်။

''လာ မောင် အဆင်ပြေသလိုသာ ထိုင်တော့ ခဏနော် အဝတ်အစားလဲရင်း ကော်ဖီဖျော်လာခဲ့မယ်''

ပြောပြီး ပျောက်သွားသော လွှတ်လပ်ကို အာရုံဖြတ်၍ အသံမဲ့စွာ လှည့်ပတ်စီးဆင်းနေသော လွှတ်လပ်အခန်းအား အကဲခတ်ကြည့်ရင်း လင်းရောင်၏စိတ်အလျဉ်မှာ မြစ်ရေကဲ့သို့ နောက်ကျိသွားသည်။

ရွှဲစောင်းနေသော ပက်လက်ကုလားထိုင်တစ်လုံးပေါ်တွင် အယ်ကိုဟောရာခိုင်နှုန်း မဆိုစလောက်ပါဝင်သော အချိုရည်ဘူးခွံလွှတ်အချို့ ရှိနေသည်။ ဆွဲလက်စ ပန်းချီကားများကလည်း အခန်းတွင်း နေရာအနှံ့ ပြန့်ကြဲလျက်။

လင်းရောင် တွေဝေသွားသည်။ လွန်စွာမှ ရှေးရိုးဆန်သည့် သူ့မိဘများနှင့် လွှတ်လပ်၏စရိုက်က ဆန့်ကျင်စွာ ဖြာစီးနေ၏။ မိဘများရှေ့တွင် လွှတ်လပ်အား အသိပေး မိတ်ဆက်ရန်ပင် မဝံ့မရဲဖြစ်ရသည် အထိ ချစ်သူက တန်ဖိုးမဲ့နေပြီလားဟုတွေးရင်း လွှတ်လပ်အပေါ် အား





စိတ် ဖြစ်မိသည်။ အိပ်ဆေးမျယ်စပြုသောအတိတ်က ခုတစ်ခါ နိုးထကာ ပြန်လည်ချောက်လှန့်ပြန်လေသည်။

ချစ်သူ၏မျက်နှာကို ဖတ်ရှုတတ်လွန်းသော လွှတ်လပ်က ဝေဝါးမှုများနှင့်လုံးထွေးနေသည့် လင်းရောင်အား လျှော့တိလျှော့ရဲပြုံးပြရင်း

''မောင် သိပ်ပြီးစိတ်ကျဉ်းကြပ်သွားပြီလား၊ မောင့်မိဘတွေ လွှတ်လပ်နဲ့မောင့်ကို သဘောတူဖို့ မလွယ်ဘူးလို့ မောင်တွေးနေတာမဟုတ်လားဟင်''

''အိုကွာ သဘောတူတူ မတူတူ လွှတ်လပ်ကို မောင် ရအောင်ယူမယ်''

လွှတ်လပ်က အခြေအနေမှန်ကို ရိပ်မိသိရှိနိုင်စွမ်းရှိသော အမူအရာနှင့်

''မစိုးရိမ်ပါနဲ့ မောင်ရယ် မြေးဦးလေးရတဲ့အခါကျရင်တော့ ကိုယ့်ကိုသူတို့ အနည်းဆုံး ချွေးမအဖြစ်တော့ အသိအမှတ်ပြုကြပါလိမ့်မယ်''

လင်းရောင် အရမ်းဝမ်းနည်းသွားသည်။ သူ့အပေါ်ထားသည့် ချစ်တစ်ခုကို သက်သေပြဖို့ လွှတ်လပ် မိန်းမစျေးချပေးခဲ့ရသည်လား။

စားပွဲမှထ၍ ပြတင်းရှိခန်းဆီးလိုက်ကာများအား လက်နှင့်ဖယ်၍ ငြိမ်သက်စွာရပ်နေသည့် လွှတ်လပ်၏ဆံနွယ်များကို လင်းရောင် လက်နှင့်တယုတယ သပ်တင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နည်းသိပ်သည်းမှုနှင့်ရင်ခွင်မှ ကြွေကျသည့်ဂီတသံသည် ချစ်သူ ခင်သော လွင်ပြင်၌ ဗီဇဝါပန်းများ လှိုင်လှိုင်ပွင့်စေလေသည်။

လွှတ်လပ် ဖျော်ခဲ့သော ကော်ဖီပူပူများ အငွေ့သေပြီး စားပွဲ ပေါ်မှာ ငုပ်တုပ်မေ့နေကြ၏။

"မောင့်မျက်နှာ နွမ်းနေတာ ကိုယ်မကြည့်ရက်ဘူး မောင်ရယ်"

လွှတ်လပ် သူ့အနားသို့ တိုးကပ်လာသည်။ အထက်အောက် ဆက်လျက် ဂါဝန်အပါးပါးအောက်မှ ခေတ်တစ်ခေတ်ရဲ့အမှတ်အသား အတွက် လွှတ်လပ်ရဲ့အလှတွေ ပြုံကျနေတာများ ချစ်စရာကောင်းလိုက် တာ။

တပ်မက်တွယ်တာစိတ်ကြောင့် လူ့အိုး လူနာ လူသေ ရဟန်း နိမိတ်ကြီးလေးပါးကို သိသော်လည်း တခဏခါးကြားသို့ သူ ထိုးထည့်ထား လိုက်မိသည်။ ဆောက်တည်ရာမဲ့သော စိတ်အာရုံသည် ချစ်သူ၏ဖွံ့ထွား သောရင်အစုံ၌ ကိန်းဝပ်၏။

နှလုံးသားတစ်ခုဆီသို့ အိပ်တန်းတက်ရန် သူ ချစ်သူကို တရှိုက် မက်မက် နမ်းလိုက်သည်။ သက္ကရာဇ် လေတိုးသံကြားမှာ တိမ်ဖြူပွင့်တွေ ပြေးလွှားနေဆဲ။

"မောင့်ကို လွှတ်လပ် သိပ်ချစ်တယ် သိလား"

■ ■ ■





အချိန်ကာလသည် လင်းရောင်လိုလားခဲ့သည့်အတိုင်း ပြောင်း သွားခဲ့၏။ ထိုနေ့က သော်ဒီနှင့်အမရာတို့ စီစဉ်ပေးမှုဖြင့် ကျောင်းတုန်း က သူငယ်ချင်းအားလုံး ပြန်လည်ဆုံဖြစ်ခဲ့ကြသည်။

နိုင်ငံခြား သင်္ဘောတက်သွားသော ပိုင်စိုးတော့ မပါ။ သို့သော် ဘန်ရေပြင်ကောင်းကင်ပြာနှင့် မြက်ခင်းစိမ်းတွင် ခင်းကျင်းထားသော ပျော်ပွဲစားဝိုင်းကလေးမှာ ဘဝ၏ညစ်ညူးမှု သင်္ကေတများအား စင်ကြယ် လွှတ်လပ်သွားစေခဲ့သည်။

သုံးလပတ်သော ကာလအတွင်း အမရာသည် အတော်ပြောင် လင်းသောမီးပုံးပျံတစ်လုံးကို တနင့်တပိုး ပိုင်ဆိုင်ထားခဲ့ပြီဖြစ်၏။ ခင်းလေ သူတို့လက်ထပ်တော့ပဲ ကိုယ်ဝန်သုံးလဟု သိခဲ့ရသည် မဟုတ် သား။

"သော်ဒီ မင်းတို့လင်မယားလည်း အတော်စုမိဆောင်းမိကြ ဘယ်နော်"

လင်းရောင်က အမရာ့ဗိုက်ကို ရည်ညွှန်းပြောဆိုလိုက်ရာ သော်ဒီက

"အေးကွာ မင်းတို့ရှင်းအောင် ပြောရရင်တော့ ဟိုသီချင်းတစ် ခုလိုပဲ"

"ဘယ်သီချင်းလဲ ဆိုစမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com



သော်ဒီ ချောင်းတစ်ချက် နှစ်ချက်ဟန့်သည်။ သူငယ်ချင်းများ အားလုံးက လက်ရှိဓာဝအား ခဏခဏ အရေခွံခွာချထားသလို ပျော်ရွှင် ကြည်နူးစွာ ပြုံးလျက်စိုက်ကြည့်နေကြ၏။ သော်ဒီက ထရပ်လိုက်ရင်း ဟန်ပါပါနှင့် စတင်သီဆိုလိုက်သည်။

"အဟာမ်း ဖြစ်သမျှဇာတ်ကြောင်းရယ် xx အင်းလျားကန် စောင်းဝယ် xx ရေလှိုင်ဖွေးဖွေး လှိုင်းကလေးများ xx ဆပ်စလု ခါနေတယ် တစ်ဦးကိုတစ်ဦးရယ် xx ချစ်ကြည်နူးတယ် xx အခုတော့ဖြင့် အမရာမှာကွယ် xx ငါးပူတင်းလိုတင်းပြီး ပြောင်တော့တယ်"

သူငယ်ချင်းများအားလုံး သော်ဒီ့သီချင်းကြောင့် သိမ့်သိမ့်တုန်ကာ ရယ်မောကြ၏။ လင်းရောင်ဘေးရှိ လွှတ်လပ်ထံမှ တစ္စိုစ္စိုရယ်သံ မဆုံးခင် သော်ဒီ ဗိုက်ခေါက်ကြော လိမ်ဆွဲခံရ၏။

"သော်ဒီနော် ကဲ ကဲဟယ် လူကြားထဲတောင် အရှက်မရှိ ကဲ ကဲ"

"အား နာတယ် လွှတ်ပါဟ မိန်းမရ"

ကိုယ်ဝန်လွယ်ထားရသော အမရာက မိခင်လောင်းတစ်ယောက်၏ရှက်သွေးဖြင့် သော်ဒီ့ကို တအုန်းအုန်း ထုနှက်နေသည်။ ထိုအဖြစ်ကို ကြည့်ပြီး တစ်ကိုယ်လုံး သိမ့်သိမ့်တုန်အောင် ရှေ့တိုးနောက်ငင် ရယ်နေ သော မာရီယာကို မိုးမြင့်က မည့ာမတာ ပြော၏။





"မာရီယာရယ် နင်ရယ်ပုံကလည်း ကော်ဖောနဲ့အဂတိလိုက်စား နေသလိုပဲ"

"ဟမ်"

"ဝါး ဟား ဟား ဟား ဟား"

ဝါးခနဲ တစ်ဝိုင်းလုံး ပွဲကျသွားပြန်သည်။ လူမျိုးခြားစပ်သည့် မာရီယာက မိုးမြင့်ကို ဘုန်းခနဲ ထုသည်။

"အဂတိလိုက်စားတာ မဟုတ်ဘူးဟေ့ ကော်ဖောကို ပေါ်လစ်ရှ် တင်နေတာ ကဲ ရှင်းပြီလား"

"ဟား ဟား ဟား ဟား"

အရယ်အပြုံးမစဲသော နှုတ်ခမ်းကိုယ်စီနှင့် သူတို့၏ထမင်းစား ဝိုင်းကလေးမှာ ပျော်စရာကောင်းနေသည်။ မိုးမြင့်က

"အေးကွာ အမြဲတမ်း အခုလို ပျော်ရွှင်နေရတဲ့နေ့တွေချည်းပဲ ဆိုရင်သိပ်ကောင်းမှာ"

ကျောင်းတုန်းကအတိုင်း သူ့အတွဲနှင့်သူ အားလုံးပျော်ပျော် ရွှင်ရွှင် ရှိနေကြ၍ မိုးမြင့်က နွေးနွေးကို တမ်းတသလိုပြောသည်။

"တော်ပြီကွာ မိုးမြင့် သူ့အကြောင်းဆို ငါတော့ နာမည်တောင် မကြားချင်တော့ဘူး"

"ဒီလိုလည်း မဟုတ်သေးဘူးလေကွာ"

www.burmeseclassic.com

www.burmeseclassic.com



လင်းရောင်၏ဒေါသရောင်တောက်သည့်စကားကို သော်ဒီက ပြေပျောက်သွားအောင် ဖြေဖျောပေးသည်။ ဒါကိုပင် လင်းရောင် လက်မခံ နိုင်ဖြစ်နေ၏။

"သြော် ဘယ်သူ့မျက်နှာမှ မထောက်တဲ့ သစ္စာမဲ့သွားတဲ့ မိန်း တစ်ယောက်ကို မင်းက ခွင့်လွှတ်ချင်သေးတယ်ပေါ့ ဟုတ်လား သော်ဒီ"

ဒီတစ်ခါတော့ အမရာက မနေနိုင်တော့သလို ဝင်ဖြေရှင်း

"ဟုတ်တယ် လင်းရောင်တို့တွေအားလုံး စိတ်ဆိုးမုန်းတီး နွေးနွေး၊ နင်တို့ကို လာမတွေ့ရဲတာ၊ နွေးနွေးလက်ထပ်ရမယ့်အချိန် မိုးမြင့်က ကျောင်းမပြီးသေးဘူး။ ဖွတ်တရွတ်လုပ်ရင် ဒုက္ခရောက်မှာသိ နွေးက မိဘသဘောတူတဲ့လူကို ခေါင်းညိတ်ခဲ့ရတာ"

အားလုံး စိတ်ဝင်စားသွားကြသည်။ သော်ဒီက

"ငါထပ်ပြောမယ်ကွာ အခု ငါ အမရာနဲ့လက်ထပ်တဲ့စရိတ် အခု ငှားနေတဲ့အိမ်စရိတ်ရော နွေးက ငါတို့ကို ကူညီထားတာ၊ သူငယ်ချင်းတွေအပေါ် ကောင်းရှာပါတယ်ကွာ"

ထိုအခါ မာရီယာက မှတ်ချက်ဝင်ပေးသည်။

"အေးပေါ့ဟယ် ဘဝဆိုတာ ကိုယ်ဖြစ်ချင်တဲ့အစီအစဉ်အတိုင်း ဖြစ်လာတတ်တာမျိုးမှ မဟုတ်တာ"

"နင် ဘာကိုဆိုလိုတာလဲ မာရီယာ"





"ခုပဲကြည့်လေ ငါသိပ်ချစ်တဲ့ နင်တို့နဲ့ခွဲပြီး အော်စီကို သွားရ တော့မှာ၊ ဟိုမှာ ဒယ်ဒီ့လုပ်ငန်းတွေ အခြေကျသွားပြီတဲ့"

"ဟင် ဒါဆို ဗီဇာတို့ ပတ်(စ်)ပို့တို့ကော"

"အကုန်အဆင်သင့်ပဲ"

အမရာက လွှမ်းလွှမ်းဆွတ်ဆွတ်ဟန်ဖြင့်

"နင် အပြီးသွားမှာလား မာရီယာ"

"ဟုတ်တယ်ဟာ ငါ့မှာတခြားရွေးစရာလမ်း မရှိတော့ဘူး"

အားလုံး ငိုင်တွေသွားကြ၏။ စောစောက အပျော်များ ဘယ်ဆီ ရောက်ကုန်ပြီမသိ။ အဆိုးဆုံးက မိုးမြင့်နှင့်လင်းရောင်သာ ဖြစ်သည်။ မာရီယာက သူတို့နှစ်ယောက်၏ကျေးဇူးရှင်မဟုတ်လား။

"မာရီယာရယ် ဒီနေ့ကိုရောက်လာမယ်ဆိုတာ သိပြီးသားပါ၊ ဒါပေမဲ့ ဒီလောက်မြန်လိမ့်မယ်လို့ မထင်ထားဘူး"

"ဟုတ်တယ်ဟာ နင့်ရဲ့စပွန်ဆာနဲ့တက်နေတဲ့ သင်တန်းတောင် မပြီးသေးဘူးလေ"

"ဘယ်တတ်နိုင်ပါ့မလဲလေ အားလုံး ဘုရားသခင်ရဲ့အလိုတော် အတိုင်းပဲပေါ့"

အားလုံး ဟတ်ထိသွားကြ၏။ ပြေပြေစရာ စကားလုံးရှာမရ။

"အင်း တို့တွေထဲက နောက်ထပ် ဘယ်သူတွေ ဘယ်လိုခွဲခွာ

www.burmeseclassic.com



သွားကြဦးမလဲ မသိဘူးနော်''

လွတ်လပ်၏စကားကို ဘယ်သူမှ မခံစားနိုင်ကြဟန်နှင့် ဆိုင်ရာဆိုင်ရာလူများကို ဖက်တွယ်ထားလိုက်ကြ၏။ အဖော်မဲ့နေသော မိုးမြင့်နှင့်မာရီယာအကြည့်ချင်း ဆုံသွားသည်။

ကိုယ်စီကိုယ်င ထမင်းချိုင့်များကိုသာ ဆွဲယူလိုက်ကြ၏။ သံယောဇဉ်ဖြင့် ဖွဲ့တည်သည့် သောကဝေဒနာသည် ကြယ်တွေလို ဝေ့ဝေ့ဝဲဝဲ တဖွဲဖွဲ ကြွေလွင့်လာသည်။

■ ■ ■

မာရီယာ ဩစတြေးလျသို့ ထွက်ခွာမည့်နေ့က လင်းရောင်တို့အားလုံး လိုက်ပို့ခဲ့ကြသည်။ အားလုံး စိတ်မကောင်းဖြစ်နေကြ၏။ လေဆိပ်စားသောက်ဆိုင်တွင်ထိုင်ရင်း မြန်မာပြည်ကို အပြီးတိုင်ခွဲခွာတော့မည်ဟူသောအသိနှင့် မာရီယာ မျက်ရည်ကျသည်။

မြန်မာပြည်တွင် ထထီးပတ်ကာ ကြီးလာသော မာရီယာအတွက် မှတ်မှတ်ရရ ဖြစ်စေရန် လင်းရောင်က ကြိုးကြီးချိတ်လုံချည်တစ်ထည် လက်ဆောင်ပေးသည်။

''ကျေးဇူးတင်ပါတယ်ဟယ်၊ ငါ အရမ်းသတိရနေမယ် သိလား''

မိုးမြင့်က စားပွဲတင် မှန်စီရွှေချ ဝါးပတ္တလားလေးနှင့် ပိုးတွဲ





ခင်ဖုံးအင်္ကျီတစ်ထည်ကို မာရီယာရှေ့သို့ ချပေး၏။ သော်ဒီနှင့်အမရာက ရှိုးမဲ့ရ ချွေးနည်းစာနှင့်ကြော်လာသော ငါးပိကြော်ပုလင်းလေး ထုတ်ပေးသည်။

''လင်းရောင်နဲ့မိုးမြင့် နင်တို့ ကြိုးစားနော်၊ ဝါသနာပါတဲ့ ဂရပ်ဖစ်စတူဒီယိုလုပ်ငန်းလုပ်ဖို့ ငါဟိုကနေ ကွန်ပျူတာတွေ ပို့ပေးမယ်''

''မလိုပါဘူးဟာ နင်ရေးတဲ့စာ မှန်မှန်ရောက်လာရင်ပဲ ငါတို့ ကျေနပ်ပါပြီ''

လေယာဉ်ချိန်နီး၍ ခရီးသည်အားလုံး လူဝင်မှုကောင်တာတွင် နိုင်ငံကူးလက်မှတ် စစ်ဆေးခံရမည့်အချိန်၌ လွတ်လပ်က ပါလာသော နှင်းဆီပန်းစည်းကို မာရီယာလက်သို့ အပ်ရင်း မျက်ရည်ဝဲလျက် ခပ်တိုးတိုးလေး ဆုတောင်းပေး၏။

''မာရီယာ အမြဲတမ်း ရွှင်လန်းချမ်းမြေ့နိုင်ပါစေ''

''လွတ်လပ်ရယ် ငါ အရမ်းငိုချင်တယ်ဟယ်''

အရမ်းငိုချင်တယ်ပြောရင်းမှ စီးကျလာသော မျက်ရည်ကို လက်ခုံးနှင့် ကမန်းကတန်းသုတ်နေသည့် မာရီယာကိုကြည့်ရင်း အားလုံး ကြေကွဲနေကြသည်။

လေယာဉ်လိုင်းကောင်တာ၌ လက်မှတ်စစ် ပစ္စည်းချိန်ပြီးသည်နှင့် မာရီယာက အားလုံးကိုကျောခိုင်းလျက် လေဆိပ်တွင်းသို့ ဝင်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဘယ်သူ့ကိုမှ လက်ပြနှုတ်ဆက်မသွားခဲ့။

အားလုံး နားလည်ကြပါသည်။ မာရီယာကို ဘယ်သူမှ စိတ်မဆိုးဖြစ်ကြ။ မာရီယာ၏ကျောပြင်ကိုသာ မြင်နိုင်စွမ်းရှိသလောက် လှမ်းကြည့်ရင်း ထိုပုံရိပ်ကို အမိအရ သိမ်းဆည်းနေမိကြ၏။

ဆည်းဆာ၏နေခြည်သည် မြို့ပြ၏ပြတင်းပေါက်ပေါ် မှေးထောက်၍ လောင်ကျွမ်းတောက်ပနေလေသည်။

■ ■ ■

## မနက်ဖုံးအချိန် အဝေးဆုံးခရီး

"သွားပြီကွာ သွားပြီ မောင့်အဖေရှေ့မှာ မင်း ဒီလိုမပြောသင့်ဘူး လွှတ်လပ်"

"ကိုယ့်မိဘဘာလဲ ကိုယ်ဘာလဲဆိုတာ ကိုယ်အမှန်အတိုင်း ပြောခဲ့တာပဲ"

"ဟာ နေရာတကာ ရိုးသားတိုင်းကောင်းတယ်လို့ မင်းထင်နေသလား"

"အဲဒါတော့ ကိုယ်မသိဘူး။ ကိုယ်သိတာလိမ်ရမှာကို အရွံဆုံးပဲ"

"မင်း ဒီလောက်ထိ စဉ်းစားဆင်ခြင်ဉာဏ် နည်းလိမ့်မယ်လို့ မောင်မထင်ခဲ့ဘူး။ ခုတော့ မင်းဘာလဲ မင်းမိဘာလဲဆိုတာ မောင့်မိဘ



www.burmeseclassic.com

www.burmeseclassic.com



တွေသိသွားတော့ မင်းနဲ့မောင့်ကို သဘောမတူနိုင်ဘူးလို့ မင်းကို ခါးခါးသီးသီး ပြောသွားတယ် မဟုတ်လား''

''ဒါကတော့ သူတို့စိတ်နဲ့ သူတို့ရဲ့ဆုံးဖြတ်မှုပဲ၊ အဲဒါ ကိုယ်ဘာမှမတတ်နိုင်ဘူး''

''ဘာ မတတ်နိုင်ဘူး ဟုတ်လား။ မောင့်မှာတော့ မိဘတွေနားဝင်အောင် လွှတ်လပ်တော်ကြောင်း၊ ဘယ်လောက်ထိ ရိုးသားကြောင်း လော်မာတာမဟုတ်ဘူး အတိတ်ကံကြောင့် ဝဋ်ကြွေးဆပ်ခံရတာဖြစ်ကြောင်း၊ ညွှန်းလိုက်ရတာ''

''ကိုယ်လည်း၊ ဘာတစ်ခုမှ မရိုးမသား မလုပ်ခဲ့တာ အမှန်ပဲမောင်''

လွှတ်လပ်အခန်းရောက်သည်နှင့် လင်းရောင်က လွှတ်လပ်အမှန်အတိုင်းဖွင့်ပြောလိုက်ခြင်းအပေါ် မခံမရပ်နိုင်စွာ ပေါက်ကွဲနေမိခြင်းဖြစ်သည်။

လွှတ်လပ်၏အေးတိအေးစက်နိုင်သော တုံ့ပြန်မှုကြောင့် လင်းရောင် ပိုပြီးဒေါပွသွားသည်။

''ဒီမယ် လွှတ်လပ် မင်းမောင့်မျက်နှာကို သေသေချာချာကြည့်စမ်း။ ခုဆို မောင့်အဖေက သူသဘောတူတဲ့သူနဲ့ပေးစားဖို့ မောင့်ကို ရာဇသံပေးလိုက်ပြီ ကဲ မောင်တို့အတွက် ဘာအကျိုးအမြတ်ရှိလဲ ပြော





ပြောလေ''

လင်းရောင်က စိတ်မရှည်တော့သလို လွှတ်လပ်၏မေးဖျားလေးကို လက်နှင့်ဖိရင်း ခပ်ရမ်းရမ်း လှုပ်လိုက်သည့်အခါ လွှတ်လပ် အံကြိတ်လျက် မျက်ရည်ဝဲကာ ပြန်ရင်ဆိုင်သည်။

''တော်တော့ မောင် ကိုယ်ကြားချင်တာ အဲဒီစကားတွေ မဟုတ်ဘူး။ ကိုယ် မောင့်ကိုသိပ်ချစ်တယ်၊ မောင် ကိုယ့်ကိုတကယ်ချစ်တယ်ဆိုရင် မောင် ဘယ်လိုလုပ်မလဲ ဖြေလေ မောင်''

လင်းရောင်၏အကျီကော်လာစ နှစ်ဖက်ကို ဖြုန်းခနဲ လက်နှင့်ဆွဲလျက် မေးသော လွှတ်လပ်၏နှုတ်ခမ်းများ တဆတ်ဆတ် တုန်နေခဲ့ဖြစ်သည်။ ဘဝတစ်ခုလုံးပုံ၍ ချစ်ခဲ့သောချစ်သူအတွက်အထိုက်တန်ဆုံးသောအဖြေကို ယုံကြည်စိတ်ချစေချင်သည်။

လင်းရောင် ဘာမှပြန်ပြောမနေတော့ဘဲ လွှတ်လပ်အား ရုတ်တရက် ရင်ခွင်ထဲ ဆွဲသွင်း၍ တင်းတင်းကြပ်ကြပ် ပွေ့ဖက်လိုက်သောအခါ လွှတ်လပ်က ရှိုက်ကာရှိုက်ကာ ငိုလေသည်။

■ ■ ■

လွှတ်လပ်၏ဘဝကို တာဝန်ယူရန် ဆုံးဖြတ်ထားသဖြင့် ပိုက်ဆံရှာနိုင်ဖို့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်ဖို့ အမျိုးမျိုးတွေးကာနည်းလမ်းရှာကြံနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ရှိအနေအထားမှာတော့ ကျောင်းပြီးကတည်းက လင်းရောင်နှင့်မိုးမြင့်တို့တွင် အလုပ်မယ်မယ်ရရ မရှိ။ သင်တန်းပြီးအောင် အပတ်တကုတ် တက်ရင်း အခွင့်အလမ်းကို လေဖမ်းဝါးရမ်း ချည်နေ ခိုက် မာရီယာထံမှ စာအဆက်အသွယ် ရခဲ့သည်။

မာရီယာက သူ ကွန်ပျူတာများ ပိုလိုက်ပြီဖြစ်ကြောင်း မိဘ၏ လုပ်ငန်းများကြောင့် ငွေရေးကြေးရေး အဆင်ပြေသော်လည်း သူ မပျော် ကြောင်း အော်စီမှာ စီးပွားရေးအရ ကြွယ်ဝချမ်းသာသော်လည်း မဖွယ် မရာပုံများနှင့် စာပေရုပ်ရှင်များကြောင့် အရွယ်မရောက်သေးသူများ လေလွင့်ပျက်စီးတတ်ကြောင်း ။

သဘာဝအရှိအတိုင်း ဖော်ဖြေသည့် ကာလပ်များပေါ်များသည့် အပြင် လက်မထပ်ဘဲ အတူနေသည့်စုံတွဲများလည်း များပြားကြောင်း သန်းပေါင်းများစွာသော သက်ကြီးရွယ်အိုတို့မှာ သားသမီးမြေးမြစ်များ၏ စောင့်ရှောက်မှုကို မခံရသည့်အတွက် လူအိုရုံတွင် အထီးကျန်ဘဝနှင့်သာ သေဆုံးကြရကြောင်း ။

ခင်ပွန်းသည်မရှိဘဲ ကလေးမွေးသည့် Single Mothers များ လည်းရှိကြောင်း၊ သူငယ်ချင်းများနှင့် မြန်မာပြည်ကိုသာ လွမ်းကြောင်း များအပြင် အမှတ်မထင် ဆစ်ဒနီမြို့တွင် ပိုင်စိုးနှင့်ဆုံခဲ့ရကြောင်းများဖြင့် မာရီယာ၏စာက ဝေစည်နေလေ၏။





ဘယ်နိုင်ငံ ဘယ်လောက်တိုးတက်နေပါပြီ၊ ဘယ်တိုင်းပြည်က ဘယ်လိုချမ်းသာနေပါပြီပဲပြောပြော လူတိုင်းလူတိုင်းသည် ကိုယ့်ဇာတိမြေ ကိုတော့ ခင်တွယ်ကြပါလိမ့်မည်။

"ဟိုကောင် ပိုင်စိုး သဘော်ာ မလိုက်တော့ဘူးထင်တယ်"

"အဲဒါ သူ့ရည်ရွယ်ချက်ပဲလေ၊ သဘော်သားအဖြစ်ထွက်သွား ပြီး ရေကြည်ရာမြက်နုရာ ရောက်တာနဲ့ ဆင်းနေပြီး ရှိုးဂျော့(ဘ်)လုပ် ယ်ဆိုတာ သူ ပြောသွားတာပဲဟာ"

"အင်း ဘာပဲပြောပြော ဒီကောင် နိုင်သွားပြီကွ ငါတို့မှာသာ"

မိုးမြင့်က အားငယ်သလို လေသံနှင့် စိတ်ပျက်လက်ပျက် ပြော၏။

"မင်းကလည်းကွာ အခုပဲ မာရီယာက ကွန်ပျူတာတွေ ပို့လိုက် အစစအရာရာလည်း ကူညီဦးမယ်ဆိုမှတော့ ဘာပူနေသေးတာလဲ၊ ထွင်းတဲ့ ခံတွင်းနဲ့ အဆင်ပြေသွားမှာပေါ့"

"အေးကွာ အဲလိုပဲ မျှော်လင့်ရတော့မှာပေါ့"

"ငါတော့ သိပ်ကိုတက်ကြွနေတယ်ကွာ၊ မာရီယာ့ကိုလည်း းတွေ အရမ်းတင်တယ်"

"မင်းကတော့ တက်ကြွမှာပေါ့၊ လက်တွဲဖော် အားပေးဖော် ဘ်လပ်ရှိနေတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



မိုးမြင့်က ဓာတ်ပြားပေါင်းဖွင့်ရန် ပြင်ဆင်ကြံစည်လာသဖြင့် လင်းရောင် ကမန်းကတန်း လက်ကာပြလိုက်ရင်း

"ဟိုး ဆရာ ဟိုး ဂိုးကြစို့ သင်တန်းကို"

ပြောကာ ပြေးထွက်လာခဲ့သည်။

■ ■ ■

မာရီယာ ပို့ပေးခဲ့သော ကွန်ပျူတာများ ရောက်လာသောအခါ အကောက်ခွန်ဌာနမှ အကြောင်းကြားသဖြင့် လင်းရောင်နှင့်မိုးမြင့်တို့ အလုပ်ရှုပ်သွားခဲ့သည်။ မာရီယာပင်လှမ်းပို့ပေးထားသော ငွေကြေးများကို အသုံးပြုကာ ရွေးယူခြင်း၊ သင့်တော်သော အလုပ်ခန်းရှာဖွေငှားရမ်းခြင်းတို့ ဆောင်ရွက်ရသည်။

ငှားထားသော အခန်းတွင် ပြင်ဆင်မွမ်းမံခြင်း၊ ဆိုင်းဘုတ်တင်ခြင်း၊ ကြော်ငြာခြင်းများ အဆောတလျင် ပြုလုပ်ကြသည်။

ဖြစ်ချင်နေသည့် ဂရပ်ဖစ် စတူဒီယိုအတွက်ဆိုင်းဘုတ်တင်ခမ်းအနား ကျင်းပပြီးသည်အထိ မာရီယာ၏အကူအညီများက မပြတ်၊

လုပ်ငန်းစတင်ဆောင်ရွက်သောအခါ လွတ်လပ်ကာပြည်း တစ်



www.burmeseclassic.com

www.burmeseclassic.com



တပ်တစ်အားဆိုသလို ဝင်ရောက်ပုံပိုးကူညီ၏။

ပေါ်ဦးစ ကာလမှာ ဦးဦးဖျားဖျား ထွက်ပေါ်လာသော လုပ်ငန်းဖြစ်သဖြင့် အလုပ်ဖောဖောသီသီ ရခဲ့သည်။ အတွေ့အကြုံဆိုသည်မှာ ဘဝရပ်တည်မှုအတွက် အဓိကအရင်းအမြစ်ဖြစ်ကြောင်း ကောင်းကောင်းကြီး သိလာကြသည်။

"မိုးမြင့်ရေ ပရင့်ထုတ်ပြီးရင် တစ်ခါထဲ ဖလင်ထုတ်ဖို့ ပြင်ဆင်ထား"

"အေးပါကွ ငါ သိပါတယ်"

"လွှတ်လပ်ကော ဘာလုပ်ရမလဲ မောင်"

"အခန်းဝမှာသာ လုလုလေး ရပ်ပေးပါကွာ၊ ဈေးကွက်ကို ပရိုမိုးရှင်းလုပ်တဲ့သဘောပေါ့"

"ဟော အရင်ကတော့ ကိုယ့်ကိုတခြားယောကျ်ားတွေကြည့်တာ မကြိုက်ဘူးဆို"

"အဟဲ ပေါ်လစီတွေပြောင်းသွားပြီလေ၊ အခုဈေးကွက်စီးပွားရေးကို သွားနေကြတာလေ၊ ဒါ မော်ဒယ်သုံးပြီး ကြော်ငြာတဲ့သဘောပေါ့ ပဲ့ပါသွားတာမှ မဟုတ်ဘဲ"

"ဟင်း ဟင်း ဟင်း ဒါ မောင်ပြောတာနော်၊ ပြီးမှ ဟိုပြော ဒီပြော မလုပ်နဲ့"





"လွှတ်လပ်ရေ ဖြတ်လျှောက်သမျှ ကောင်တွေကို မျက်စပါ်ပြလိုက်၊ ဒါမှအလုပ်ဝင်အပ်မှာ"

ထိုစကားဝင်ပြောသော မိုးမြင့်အား လင်းရောင်က ထုနှက်ခြင်းဖြင့် အဖြေပေးလိုက်၏။

"ဒါနဲ့ မာရီယာမှာတဲ့ ဂျာနယ် မဂ္ဂဇင်းတွေနဲ့ ဗီဒီယိုအခွေတွေ ပြီးပြီလား စုံရင် လှမ်းပို့ပေးရအောင်"

ထိုရက်များအတွင်း လင်းရောင်မေမေ့ထံမှ စာများရောက်ရောက်လာ၏။ စိတ်လိုက်မာန်ပါလုပ်၍ အောင်မြင်သော အိမ်ထောင်ရေး မလာနိုင်ကြောင်း၊ မိသဘောတူသည့်မိန်းကလေးကို လက်ထပ်ပြီး အေးအေးနေစေချင်ကြောင်း၊ ဖခင်၏တဖွတ်ထိုးစိတ်ဓာတ်ကို အလေး ထားမှုအကြောင်းများပြကာ အနုနည်းနှင့်စည်းရုံး၏။

မြန်မာ့ဓလေ့အရ အပျိုစင်မဟုတ်သည့် မိန်းကလေး၊ အမွှေကျောင်းခံထားရသည့် မိန်းကလေးကို ချွေးမတော်ဖို့ ဘယ်လိုမှ စိတ်ကူးမရကြောင်းများလည်း ပါသည်။

လူမှုဝန်းကျင်တွင်လည်း ထောင်ထွက်ယောကျ်ားဆိုလျှင်ပင် ဆင်ခြင်ကြောဖက် မလုပ်ချင်ကြရသည့်အထဲ ထောင်ထွက်မိန်းမတစ်ယောက်ဖြစ်လာမည့်သူကို ခမည်းခမက်တော်ဖို့ လုံးဝဖြစ်နိုင်မှာမဟုတ်ကြောင်းကိုလည်း အပ်ကြောင်းထပ်မျှ ရေးသားထား၏။

www.burmeseclassic.com



လူယုတ်မာတစ်ယောက်၏ဆော့ကစားမှုကြောင့် အများတကာ တံတွေးခွက်တွင် ပက်လက်မျောခဲ့ရသော မိန်းမသားတစ်ယောက်ကို တန်ဖိုးထားလေးစားချင်နေမိသည်မှာ လင်းရောင်၏ဆန္ဒစစ်စစ်ဖြစ်၏

ဖေဖေ မေမေတို့ပြောသလို အနာအဆာမဲ့သော မိန်းမသားနှင့် လွတ်လပ်နေရာကို အစားထိုးပစ်ဖို့ လုံးဝစဉ်းစား၍မရ၊ လူငယ်မို့ ဆင်ခြင် တုံအားနည်းပြီး အလွဲမြင်နေတာလား၊ မိဘစကားနားမဝင်တာလားဟု တွေးကြည့်တော့လည်း မဟုတ်မှန်း ပီပီပြင်ပြင် သိနေပြန်သည်။

ဒီတော့ မိဘစကားကို ဘယ်နားမှသွင်းပြီး ညာနားမှ ထုတ် ပစ်ဖို့သာ ကြိုးစားမိ၏။ ရင်ခွင်စစ်စစ်တစ်ခုကို အရင်းပြုပြီး ကမ္ဘာမြေ တစ်ခုကို ပိုင်ဆိုင်ဖို့ သူတို့နှစ်ယောက် တက်ညီလက်ညီ ကြိုးစားကြဦး မည်။

■ ■ ■

စက္ကန့်တို့ လူလားမြောက်ပြီး မိနစ်တို့ရင့်ရော်၍ နာရီတို့ အခါ မလပ် သေပွဲဝင်နေကြ၏။ လင်းရောင်တို့လုပ်ငန်းအောင်မြင် အရှိန်ရပြီး ဖြောင့်ဖြူးနေသောအနာဂတ်လမ်းမကြီးကို ရေးတေးတေး မြင်နေရပြီမို့ အားကြိုးမာန်တက် အလုပ်လုပ်ဖြစ်နေသည်။

လင်းရောင်က ရည်မှန်းချက်အတွက် ကြိုးစားနေသလို မိုးမြင့် ကလည်း ဝေဒနာများကို ဥပေက္ခာပြုကာ အလုပ်ကိုမေ့ဆေးသဖွယ် မက်မက်မောမော သောက်သုံးနေ၏။

ထိုသို့ ခါးတောင်းကြိုက် မဖြုတ်စတမ်းကာလတွင်ပင် ထူးခြား ဆန်းပြားမှုများ ပြွန်းတီးသော အချိုးအကွေ့တစ်ခုကို လင်းရောင်တို့ သူငယ်ချင်းတစ်စု ရင်ဆိုင်ကြုံတွေ့ခဲ့ကြရသည်။

www.burmeseclassic.com



လင်းရောင်တို့အလုပ်ခန်းသို့ မမျှော်လင့်မထားသော ဧည့်သည် များရောက်လာသည်။ သူ့ကိုမြင်တော့ လင်းရောင်နှင့်မိုးမြင့် အံ့ဩ ဝမ်းသာသွားကြ၏။ ရောက်လာသူက မဒီနှင့်ဆယ့်သုံးနှစ်အရွယ် ကလေး မတစ်ယောက်တို့ဖြစ်၏။

"လင်းရောင် ဟဲ့ လင်းရောင်နဲ့မိုးမြင့်"

"ဟာ မဒီ မဒီမဟုတ်လား"

ပြောပြောပြေးပြေးနှင့် မိုးမြင့် ပြေးထွက်သွား၏။ လင်းရော လည်း အပျော်စိတ်နှင့် ဆီးကြိုလိုက်သည်။

"အပေါက်ဝကို ဝင်လာကတည်းက ငါလှမ်းကြည့်နေတာ ရုပ် တရက်မှတ်တောင် မမှတ်မိဘူး။ နင်တော်တော်ပြောင်းလဲသွားသလို မဒီ"

"ဟုတ်တယ်ဟ အဟဲ ပြီးတော့ နင်တော်တော်လှလာတယ်ဟ"

"အဟင်း ဗရုတ်တွေ နင်တို့ကတော့ လုံးဝမပြောင်းလဲဘူး"

"ပျော်ပျော်ပဲလေ ပျော်ပျော်နေ သေခဲတဲ့ မကြားဖူးဘူးလား"

"အေးပါ အေးပါ ဒါနဲ့ လွတ်လပ်ကော"

"ငါ့ရဲ့စောင့်ရှောက်မှုအောက်မှာ အကောင်းပကတိ လှလှလေး ရှိနေပါတယ်ဟာ"

အဖော်ကောင်မလေးကို ရှေ့ခန်းတွင်ထားခဲ့ပြီး သူတို့သုံး





ယောက် အလုပ်ခန်းထဲ ဝိုင်းဖွဲ့ထိုင်လိုက်ကြသည်။

"အေးဟာ နင်ရောက်လာတာ ဝမ်းသာတယ်ဟာ ဒါနဲ့ ငါတို့ ဒီမှာ ရှိနေတာ နင် ဘယ်လိုသိလဲ"

"သော်ဒီဆီက လိပ်စာရလို့ဟ"

"ဒါနဲ့ နင် အလည်လာတာလား၊ အလုပ်လာလျှောက်တာ လား"

လင်းရောင်နှင့်မိုးမြင့်က ကျောင်းသားဘဝတုန်းကလို ပျော်ရွှင် နေကြသော်လည်း မဒီ၏ဟန်ပန်က မယုံကြည်နိုင်စရာကောင်းလောက် အောင် ကြွေ့ရနေ၏။ မဒီ ဘာလို့ ဒီလောက်တောင် မရွှင်မလန်း ဖြစ် နေရတာလဲ။

"အမိကကတော့ အဖေ့ါအစာအိမ်ရောဂါကို လာပြတာ၊ ပြီး တော့ နင်နဲ့ဆွေးနွေးစရာလည်းရှိတယ်၊ အဲဒီအတွက် ဒီကိုလာဖို့ ငါ အတော်ကြိုးစားခဲ့ရတာ"

မဒီပြောသော စကားအရ ပြဿနာတစ်ခုခု ရှိနေပြီမှန်း လင်း ရောင်တို့ သိလိုက်ကြသည်။

"နင် ဘာဖြစ်လာသလဲ မဒီ"

"နင့်အဖေ ငါတို့အိမ် လာသွားတယ်"

မဒီ့စကားကြောင့် လင်းရောင်နှင့်မိုးမြင့် အချင်းချင်းကြည့်မိ



www.burmeseclassic.com

www.burmeseclassic.com



ကြ၏။

"ဘယ်လို ငါ့အဖေ နင်တို့အိမ်ကိုလာတယ် ဟုတ်လား"

"အေး အဲဒါ ဘာကိစ္စလဲ နင်သိလား"

လင်းရောင်က နားမလည်နိုင်သလို ခေါင်းခါပြသည့်အခါ မဒီက ရှက်ရွံ့မှုနှင့် မျက်ရည်ဝဲသည်။

"နင်နဲ့ငါ့ကို လက်ထပ်ပေးဖို့တဲ့"

မဒီစကားက အနားကပ်ကာ ပုံးခွဲလိုက်သလို ပြင်းထန်လှသဖြင့် လင်းရောင် တစ်ကိုယ်လုံး တုန်ခါသွားသည်။

"ဟာ မဖြစ်နိုင်တာ မဒီရာ သေချာရဲ့လား"

မဒီက သူ လွယ်လာသော စလင်းဘက်ထဲမှ ဖိတ်စာတစ်စောင် ထုတ်ပေး၏။

"အဲဒါ နင့်အဖေပေးခဲ့တာ ဖိတ်စာအကြမ်းတဲ့"

"ဟာ ဖိတ်စာရိုက်ဖို့တောင် စီစဉ်နေပြီကိုး"

"အေး ရက်တော့ မသတ်မှတ်ရသေးဘူး"

လင်းရောင် ဘာမှထပ်မပြောနိုင်လောက်အောင် ရင်ထဲမှာ မှုန်ကျပ်သွား၏။ သူ့တစ်သက်နှင့်တစ်ကိုယ် မဒီမျက်နှာမှာ ယခုကဲ့သို့ ထိနိုင်ချောက်ချားမှုမျိုး တစ်ခါမှမမြင်ဘူး၍လည်း များစွာ စိတ်မကောင်းဖြစ်ရသည်။





"ငါတို့တွေ ကံမကောင်းကြဘူးနော်"

"အေးဟာ ငါ့မှာ လွတ်လပ် ရှိသလို နင့်မှာလည်း ပိုင်စိုးရှိနေတယ်လေဟာ"

"နင့်အဖေနဲ့ ငါ့အဖေက အရမ်းခင်ကြတာဟ၊ ငါတို့ချင်းသာ ကျောင်းရောက်မှ ဆုံခဲ့ကြတာကိုး။ သူတို့အမြန်စီစဉ်ကြမယ့်ပုံပဲ"

"ခက်တယ်ဟာ တို့သဘောနဲ့တို့ စီစဉ်ဖို့ကြတော့လည်း ပိုင်နိုင်ကနိုင်ခြားမှာ နင်တို့ချင်းကော အဆက်အသွယ်မရှိဘူးလား"

"ဟိုတစ်ခါ တွေ့မိသွားကတည်းက အိမ်ကအလစ်မပေးဘူးလေ၊ သူပဲ မရေးတာလား၊ အိမ်ကပဲ သိမ်းမိသလားဆိုတာတောင် မသိဘူး"

မိဘများ၏အစီအစဉ်ကြောင့် အားလုံး ခေါင်းစားကုန်ကြ၏။ အဖေ ပါးစပ်ကြိမ်း ကြိမ်းသွားခြင်းမဟုတ်ဘဲ လွတ်လပ်နှင့်သူ့ကို ကွဲအောင်ခွဲတော့မည်ဆိုတာ ဤကိစ္စက သက်သေပြနေခဲ့ပြီ။

လင်းရောင်က အဖေ ရန်ကုန်လာခိုက် လွတ်လပ်နှင့်တွေ့ပြီး အကြောင်းအကုန် သိသွားရာမှ ဤကိစ္စ စတင်ခဲ့ကြောင်း မဒီအား ရှင်းပြ၏။ မဒီက အံ့သြပုံမပြသော်လည်း တုန်လှုပ်နေပုံတော့ရ၏။

"အင်း လွတ်လပ်က ရိုးသားပွင့်လင်းတယ်၊ ဟန်မဆောင်တတ်ဘူး၊ ဒါပေမဲ့ အဲဒီစရိုက်က တစ်ခါတစ်ခါမှာ လူကြီးတွေ မျက်စိ



www.burmeseclassic.com

www.burmeseclassic.com



စပါးမွေးစူးစရာ ဖြစ်ဖြစ်သွားတယ်ဟာ''

''ကဲ နင် ဘာဖြစ်စေချင်လဲ မဒီ''

''ငါ ငါဘာမှမပြောတတ်တော့ဘူးဟာ''

''နင့်အဒေါ် ဆေးကုတာ ဒီမှာ ဘယ်လောက်ကြာဦးမလဲ''

''တစ်ပတ်လောက်တော့ နေရဦးမယ် ထင်တယ်''

''နင် အမြဲတမ်း ဆေးရုံက နင့်အဒေါ်နားမှာပဲလား''

''ဟုတ်တယ် မိန်းမချင်းဆိုတော့ ငါပဲ နေ့ရောညပါ စောင့်နေ
ရတာ၊ ဗိုက်ခွဲပြီးတာနဲ့ ကောင်းသွားမှာလို့တော့ ပြောတာပဲ''

''ဒါဆို အချိန်ရသေးတာပဲ၊ ငါတို့အားလုံး တိုင်ပင်ပြီး နင့်
မပြန်ခင်တစ်ခုခု စီစဉ်ကြတာပေါ့၊ လွှတ်လပ်က အကြံကောင်းညာဏ်
ကောင်းထွက်တယ်''

''အေး အဲဒါပဲ ကောင်းမယ်ထင်တယ်၊ ဒါဆို ငါသွားတော့
မယ်၊ နဆေးဝယ်ပြီး ခဏထွက်လာတာ''

''အိုကေ သိပ်စိတ်ပူမနေပါနဲ့ ဆေးရုံအဆောင်နဲ့ ခုတင်နံပါတ်
သာ ပြောခဲ့''

မဒီနှင့်ဆက်သွယ်ရန် အချိန်းအချက်များ လုပ်ပြီးတော့ ထီး
ရောင် အရုပ်ကြိုးပြတ် ဖြစ်ကျန်ခဲ့သည်။ ခေါင်းတွေပူနေသဖြင့် ရှေ့
တရက် ဘာအကြံညာဏ်မှ တွေးတောမရ ဖြစ်နေ၏။





နေ့လယ်ဘက်နေရှိန်ဝင်းဝင်းသည် အမှည့်လွန်ကာ လမ်းများ
ပေါ်သို့ ကြွေကျနေ၏။ နွေသည်ပူပြင်းခြောက်သွေ့ခြင်းမဟုတ်တဲ့ လောင်
ကျွမ်းခြင်းဖြင့် စတင်လေပြီ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

မဒီအခေါ် အစာအိမ်နာကို ခွဲစိတ်ပြီးသည့် နောက်တစ်နေ့တွင် လင်းရောင်တို့အုပ်စု ဆေးရုံမှ မဒီအားသွားတွေ့ကြသည်။

လင်းရောင်က ဆေးရုံဝင်းအတွင်း စားသောက်ဆိုင်တွင်စောင့်၍ ကျန်ရစ်ခဲ့သည်။ မိုးမြင့်နှင့်လွှတ်လပ်က မဒီအားခေါ်ထုတ်လာခဲ့သည်။ မဒီမျက်နှာသည် လူနာစောင့်ဘဝနှင့် အိပ်ရေးပျက်ပြီး မျက်တွင်းဟောက်ပက်ဖြစ်နေသည်။

"မဒီ အိပ်ရေးတွေ တအားပျက်နေတယ်ပေါ့ ဟုတ်လား"

"အေးဟာ စပယ်ရှယ်နာ့စ်(စ်)ငှားပေးမယ်၊ သူတို့အပူမဟုတ်တော့ အိပ်နေကြတာပါပဲဟာ"

"ဒီလိုပါပဲ မဒီရယ် ကဲ အိပ်ရေးပျက်ရင်လည်း အာဟာရ





ပြည့်အောင် တစ်ခုခုစား၊ နင်လည်းသွားလို့ မဖြစ်ဘူး"

"စားဖို့ထက် ပိုအရေးကြီးတာက နင်တို့ဘယ်လိုတွေးမိကြသလဲ ဘာတွေစဉ်းစားလို့ရသလဲဆိုတာပဲ"

လင်းရောင်နှင့်လွှတ်လပ် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြိုင်တူလို မျက်စပစ်ပြနေကြ၏။ မဒီ မျက်လုံးလေးကလယ်ကလယ်ဖြစ်နေရှာသည်။ သိပ်ပြီး စိတ်ဒုက္ခမပေးလိုတော့သဖြင့် လွှတ်လပ် မိုးမြင့်တို့နှင့်တိုင်ပင်ထားခဲ့သည့်အတိုင်း မဒီ နားဝင်အောင်ရှင်းပြကြသည်။

"မဒီ ငါပြောတာ သေချာနားထောင် နင့်အဒေါ်ဆေးရုံကဆင်းပြီး နင်တို့ပြန်သွားလို့ အဆင်ပြေနိုင်မယ့် တစ်ရက်ရက်မှာ နင့်ကို ငါ လာခိုးမယ် မဒီ"

"ဘာ နင်က ငါ့ကိုခိုးမယ် ဟုတ်လား လင်းရောင်၊ နင် ဘာတွေ လျှောက်ပြောနေတာလဲ လင်းရောင် ငါ နားမလည်တော့ဘူး"

မဒီက လွှတ်လပ်ကို အားတုံ့အားနာကြည့်ရင်း ပြော၏။ သူ၏ လုံးဝန်းသော အောက်နှုတ်ခမ်းလေးပင် တဆတ်ဆတ် တုန်နေရှာသည်။

"ဟုတ်တယ် မဒီ တို့တွေအားလုံး နင်နဲ့ပိုင်စိုးအတွက် စွန့်စားကြမလို့လေ"

www.burmeseclassic.com



“ဟင် ဒါ ဒါဆို ငါသိပြီ သဘောပေါက်သွားပြီ ပိုင်စိုးအတွက် နင်တို့ ငါ့ကိုနိုးပြီး ဖွက်ထားကြမယ်ပေါ့”

“အဟင်း အင်း အကောင်လိုက်ထုတ်ပြတော့လည်း အရိုင်မြင်တတ်သားပဲ မဒီရဲ့”

“ဟား ဟား ဟား ဟား”

ရယ်သံများ စီဝေသွား၏။ ခုမှပဲ မဒီမျက်နှာတွင် အပြုံးကို မြင်ရတော့သည်။ အံ့ဩထိတ်လန့်မှုများကြားမှ ကျေးဇူးတင်ပါတယ်ဟု သော မျက်လုံးမျိုးဖြင့် မဒီမျက်နှာက ရွှန်းလက်ဝင်းပသွား၏။

“ကျေးဇူးတင်ပါတယ် သူငယ်ချင်းတို့ရယ်”

■ ■ ■

မော်လမြိုင် ခရီးအစသည် ရင်ခုန်လှိုက်မောဖွယ်ကောင်းလှနေ၏။ လင်းရောင်နှင့်မိုးမြင့်အပြင် လွှတ်လပ်ပါ အတူပါလာ၍ ကြည်နူးစွာပျော်ရွှင်နေမိသည်။ ရထားပေါ်နေရာယူပြီးချိန်မှာ မိုးမြင့် ဣန္ဒြေမရ ဖြစ်လာသည်။

“လွှတ်လပ် နင် ဒီကာပဲစောင့် လင်းရောင်နဲ့ငါ ဟိုကို ခဏသွားမလို့၊ ငါ ဘာဖြစ်နေမှန်းမသိဘူး၊ ရင်တွေပန်းတွေ လှုပ်တုန်နေတယ်”

“မင်း ဘာလုပ်မလို့လဲ မိုးမြင့်”





မိုးမြင့်က လင်းရောင်အား ဖွတ်ဆွဲခေါ်ရင်း

“လာကွာ ဘီယာတစ်ခွက် နှစ်ခွက်လောက် သွားချရအောင်”

“ဟာ ငါ မလိုက်ချင်ဘူး လွှတ်လပ် တစ်ယောက်တည်း”

“လိုက်သွားလေ မောင် သိပ်တော့မကြာစေနဲ့နော်၊ ရထားချိန်ဘာ နီးနေပြီ”

သောက်ချင်တင်တင်ဖြစ်နေနိုက် မိုးမြင့်က ခေါ်ပြီး လွှတ်လပ်က ခွင့်ပြုနေ၍ လင်းရောင်တို့ ဘူတာမှ စခန်းသာဟိုတယ်ကို ခြေကုန်သုတ်ခဲ့ကြ၏။ ဘီယာတစ်လုံးစီမှာပြီး အပြိုင်မော့လိုက်ကြသည်။

“မင်း စဉ်းစားကြည့် လင်းရောင် ကိုယ့်ချစ်သူမဟုတ်ဘဲ အခုမော်လမြိုင်ထိ မဒီကိုသွားခိုးရမှာ ဘယ်လောက်ရင်တုန်စရာကောင်းလဲ”

“ဘယ်တတ်နိုင်မလဲကွာ အခြေအနေအရကိုးကွ၊ ဒီလိုမှ မလုပ်ရင် ပိုင်စိုးနဲ့မဒီလည်း ကွဲမယ်၊ ငါနဲ့လွှတ်လပ်နဲ့လည်း ရှင်ကွဲကွဲကြရမှာပေါ့”

“နေဦး ငါတို့ မဒီကိုခိုးပြီး ဘာလုပ်ရမှာလဲ”

ဘီယာတစ်ပုလင်းက မိနစ်ပိုင်းအတွင်း မိုက်ထဲရောက်သွားသဖြင့် နောက်တစ်ပုလင်းစီ ထပ်မှာတော့ မိုးမြင့် အာသွက်နေပြီ။

“ဟာ ဟောကောင် မိုးမြင့် ဘာမှမလုပ်ရဘူးလေ၊ မဒီကို ငါတို့ ခေါ်ထားပြီး ပိုင်စိုးဆီ အကြောင်းကြားရမှာပေါ့၊ အဲ ပိုင်စိုးရောက်



www.burmeseclassic.com

www.burmeseclassic.com



လာမှ မဒီ့ကို သူ့လက်ထဲအပ်၊ ငါနဲ့လွတ်လပ်လည်း လက်ထပ် ဟဲ ဟဲ ဟဲ''

ထိုစဉ် ဝိတ်တာက အနားလာရပ်၍ သတိပေးစကားပြောသည်။

''ဆရာတို့ ရထားထွက်တော့မယ်နော် ဥသြတောင်ဆွဲနေပြီ''

''အောင်မာ သူ့ဟာသူ ဘယ်လောက် ဥသြဆွဲဆွဲ လက်မှတ်က ငါ့ဆီမှာပဲဥစ္စာ''

''ဟာ ဒီကောင် ရီတီတီနဲ့ ဘာတွေလျှောက်ပြောနေတာလဲ ကဲ ညီလေး ပြော ဘယ်လောက်ကျလဲ ရှင်းမယ်''

နောက်တစ်ပုလင်းစီမှ လက်ကျန်ဘီယာကို ကြွက်တွင်းထဲသွန်ထည့်သလိုသောက်၍ ပိုက်ဆံရှင်းကာ စကြံတွင်းသို့ အပြေးအလွှားဝင်တော့ ရထားက ဘီးလိမ့်စပြုပြီ။ စောစောက လင်းရောင်တို့စားပွဲသောတွင် ထိုင်လျက် စားသောက်နေကြသော အမျိုးသမီးတစ်ဦးနှင့် အမျိုးသားနှစ်ဦးလည်း ယောက်ယက်ခတ် ပြေးလွှားနေ၏။

''မြန်မြန်ပြေးပါဟ နင့်ကြီးတော်ရထားက စောင့်မှာမဟုတ်ဘူး''

အိတ်များ ဆွဲခြင်းများ ဘီးလိမ့်စပြုနေသော ရထားပေါ်သို့ အမျိုးသမီးအား ကူညီဖေးမတင်ပေးရသည်။

''ညီမ လာ မြန်မြန်တက် အန္တရာယ်များတယ်''

အမျိုးသမီးကို တင်ပြီးနောက် အိတ်လွယ်ထားသည့် အမျိုး





သားကို ဆွဲတင်ရပြန်သည်။

''လာ နောင်ကြီး တက် တက် တက်''

လင်းရောင်နှင့်မိုးမြင့်က ထိုလူ့အား အတင်းဆွဲတင်ပေးကြ၏။ အန္တရာယ်ကင်းစွာ ရထားပေါ်ရောက်လာသဖြင့် သူတို့ကူညီမှုအတွက် အားရဝမ်းသာဖြစ်နေကြ၏။ သို့သော် ရထားပေါ်ရောက်လာသော အမျိုးသားက

''ဟာ ခင်ဗျားတို့ကလည်း ဖွတ်ပဲ''

ကူညီမှုကို ကျေးဇူးမတင်သည့်အပြင် ခနဲ့ချရန် ဟန်ပြင်နေသဖြင့် မိုးမြင့်က ဖွတ်ဆွဲထား၏။ အောက်မှ ရထားနှင့်ယှဉ်၍ ပြေးလိုက်လာသော အမျိုးသားမှာ အမောဖောက်နေချေပြီ။

''အိတ်ကို လှမ်းပစ်လိုက်လေ''

''ဟိုးထား ဟိုးထား''

''ဟော့လူ စွတ်အော်နေလည်း ရထားကရပ်မှာမဟုတ်ဘူး။ အထုပ်သာ လှမ်းပစ်လိုက်''

ရထားက တော်တော်အရှိန်ရလာပြီ မိုးမြင့်က

''ဟိုကျန်ခဲ့တဲ့လူက ဘာလို့စွတ်အော်နေရတာလဲ၊ အိတ်ပစ်တင်လိုက်ဆိုတာလည်း မတင်ဘူး''

''အော်မှာပေါ့ဗျာ သူက ခရီးသွားမယ့်သူ၊ ကျုပ်က လိုက်ပို့

www.burmeseclassic.com



တဲ့သူဗျ။ ခင်ဗျားတို့လူမှားဆွဲခေါ်လို့ ဒုက္ခတွေရောက်ကုန်ပြီ''

''ဗျာ''

''ဟာ''

''ကိုကို ကျန်ခဲ့ပြီ၊ ဘယ်လိုလုပ်ကြမလဲဟင်''

ထိုအမျိုးသားက ငိုကြီးချက်မနှင့်ပြော၏။

''ခုတော့ ကျုပ်နဲ့သူ့ရည်းစားက ပါလာပြီ''

''အောင်မလေး ကိုကိုသိန်းရဲ့ ရှင့်နောက်ကို နိုးရာလိုက်လာတာ အခုတော့ ကျုပ် ကျော်ဖေနဲ့ညားတော့မယ်တော့ အဟီး ဟီး''

ဖွတ်ကူညီမိ၍ လွဲသွားရသော စုံတွဲများကို မျက်နှာပူလှသဖြင့် လင်းရောင်က မိုးမြင့်ကို လက်တို့ပြီး တွဲနံပါတ်သုံးဆီ ခပ်သွက်သွက် ကူးလာရသည်။

''ဟော့ကောင် လာ လာ အမှုပတ်တော့မယ် လစ်စို့''

ယိမ်းယိမ်းယိုင်ယိုင် ရထားပေါ်တွင် ရီရီဝေဝေနှင့် လင်းရောင်တို့ ချော်မလဲပြုတ်မကျအောင် အတော်ကြိုးစားကျော်ဖြတ်ခဲ့သည်။ သူတို့တွဲကို ပြန်ရောက်သောအခါ စိုးရိမ်စိတ်များနှင့်လည်ပင်း ရှည်နေသော လွတ်လပ်ကို တွေ့ကြရသည်။

''မောင်တို့ကလည်းကွာ လွန်လွန်းတယ်၊ ဒီမှာဖြင့် စိတ်ပူလိုက်ရတာ''





''အဟဲ သောက်ရင်း စကားပြောရင်း အချိန်ကောင်းသွားလို့ လွတ်လပ်ရဲ့''

''ဟုတ်ပဲ့ဗျာ အရေးထဲ အတွဲတစ်တွဲကို ကူညီလိုက်တာ ငါးပါးကိုမှောက်ရော''

မိုးမြင့်က သူတို့၏အလွဲအကူအညီကို လွတ်လပ်အား လုံးစေ့ ပတ်စေ့ပြန်ပြောပြသည်။ သူတို့ပြောတာ နားထောင်ရင်း လွတ်လပ် တခွိခွိ ရယ်သည်။

''မောင်တို့ကတော့လေ လုပ်လိုက်ရင် အရာရာနဲ့အကြောင်းကြောင်း အလွဲလွဲအချော်ချော် ဆိုသလိုပဲ''

''ဘယ်တတ်နိုင်ပါ့မလဲ စေတနာနဲ့ ကူညီတဲ့ဥစ္စာကို''

''သနားပါတယ် မောင်ရယ်၊ အဲဒီအမျိုးသမီးတော့ တော်တော့်ကို စိတ်မကောင်းဖြစ်နေမှာပဲ''

''အင်း သူ့ရဲ့လင်နောက်လိုက်မယ့်အစီအစဉ်ကတော့ အထမြောက်ပါတယ်၊ သူ လင်တော့ရမှာပါ၊ လူလွဲသွားတာလေးတစ်ခုပါပဲ''

''ဟင်း ဟင်း သူများတွေလွဲတာ အကြောင်းမဟုတ်ဘူး၊ မဒီကို နိုးဖို့ကိစ္စက လွဲလို့မဖြစ်ဘူးနော်၊ လူလေးယောက်ရဲ့ဘဝနဲ့ပတ်သက်နေတာ''

လွတ်လပ် အပြောကြောင့် သူတို့အားလုံး လေးနက်သည့်



www.burmeseclassic.com

www.burmeseclassic.com



အသွင်ဆောင်သွားကြပြီး ပြတင်းမှရှုခင်းအား ကိုယ်စီငေးနေမိကြသည်။

တစ်လမ်းလုံး အစီအစဉ်မလွဲချော်ရအောင် ဆွေးနွေးလိုက် ပျော်စရာအကြောင်းများပြောလိုက်၊ ရှုခင်းများငေးလိုက်နှင့် စိတ်ကို အနားပေးရင်း ရထားကြီးသယ်ဆောင်ရာသို့ လိုက်ပါလာခဲ့ကြ၏။

ကြာတော့ ဘီယာအရှိန်လေးနှင့် လင်းရောင် ငိုက်လာသည်။ လွတ်လပ် ပခုံးပေါ်လှိုသည်ထက် ပိုပြီးမှီ၍ မှေးနေလိုက်၏။

"မောင် မအိပ်နဲ့ကွာ ရော့ ဒီစာအုပ်လေး ဖတ်နေလိုက်"

လွတ်လပ်ပေးသည့် ဟာဂျီးနီယာဝုဖ်၏ ရေလှိုင်းများ ဝတ္ထုကို ဖတ်ရင်း လင်းရောင် ဘယ်အချိန်က အိပ်ပျော်သွားမှန်းမသိ။ မှတ္တမ ဘူတာသို့ ရထားဝင်၍ လွတ်လပ်က လှုပ်နှိုးတော့ ညရှစ်နာရီခန့်ရှိနေပြီ။

ဒီခရီးကို တစ်ခါမှ မသွားဘူးကြသော လွတ်လပ်နှင့်မိုးမြင့် အတွက် ဖက်နှင့်သံလွင်မြစ်ကို ကူးရသည့်အတွေ့အကြုံက ဆန်းသစ်မှု ကို ပေးသဖြင့် စိတ်ဝင်တစားနှင့်ပျော်ရွှင်နေမိသည်။

မော်လမြိုင်ဘက်ကမ်း ကပ်ခါနီးတွင် ရင်းနှီးသူများနှင့် ဆုံမည် စိုး၍ ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းထားလိုက်သည်။

လင်းရောင် ဦးဆောင်ပြီး ကမ်းနားလမ်းမှ တည်းခိုခန်းတစ်ခု တွင် နှစ်ယောက်ခန်းနှစ်ခန်းယူကာ နားလိုက်ကြ၏။ လွတ်လပ်ကို သူ့ အခန်းတွင် နေရာချပေးပြီးသည့်အခါ





"မဒီပါလာရင် ဒီမှာ ညအိပ်ကြဦးမှာမို့လား မောင်"

"မဒီဘက်က အစီအစဉ်ကို မသိရသေးဘူးလေ လိုရမယ် ရပေါ့"

အခန်းထဲတွင် ရင်ခုန်မြန်နေသော ချစ်သူနှစ်ဦးသာ ရှိနေသည်။ မော်လမြိုင်တည်းခိုရိပ်သာတစ်ခု၏ညသည် လင်းရောင်နှင့်လွတ်လပ် အတွက် စည်းချက်မှန်မှန် လှုပ်ရမ်းနေသော နာရီချိန်သီးတစ်ခုလို ယိမ်းနွဲ့ ညည့်စွာ . . .

ခုတင်ခြေရင်း၌ ခြေတွဲလောင်းချ၍ တင်ပါးတစ်ဖက်စောင်းကာ ထိုင်နေသော လွတ်လပ်၏ငွေရောင်ကြိုးဖိနပ်လေးကို လင်းရောင် တယု တယနှင့်ချွတ်ပေးလိုက်သည်။

"အို မောင်ကလည်း ရှဲကြီးနေပါ့မယ်၊ ကိုယ့်ဘာသာ ချွတ် ပါ့မယ်"

"လွတ်လပ် ခရီးပန်းလာတယ်လေ၊ အဲဒါကြောင့် မောင်က ယုယတယ ပြုစုပေးတာ၊ ရေချိုးလိုက်ပါလား လွတ်လပ်"

"မောင်ရော"

"မောင်လည်း ချိုးမှာပေါ့"

လွတ်လပ်က လင်းရောင်အား နောက်မှသိုင်းဖက်လိုက်သဖြင့် လင်းရောင် တစ်ကိုယ်လုံး ဆတ်ဆတ်ခါသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"အခု ခရီးက လွတ်လပ်တို့ နှိုးပြေးလာကြတာဆို သိပ်ကောင်း
မှာပဲနော်"

လွတ်လပ်အပြောကြောင့် လင်းရောင် ရင်ထဲ ဗိုန်းခနဲ ရှိန်းခ
ထကာ ရုတ်တရက် လွတ်လပ်ကို သူ လှမ်းဖက်လိုက်သည်။

"ဟာကွာ မောင် ရေချိုးချင်သေးတယ်လေ"

လွတ်လပ်ပြောပြီး ရေချိုးရန် အဝတ်အစားများ ချွတ်သည်
ရင်ခုန်စရာ အခမ်းအနားကို စတင်ဖွင့်လှစ်ခြင်းအဖြစ် ရေခဲသေတ္တာထဲ
သံဘူးဘီယာတစ်ဘူး သူ ဖောက်သောက်လိုက်သည်။

အထက်အောက်အဖြူရောင် သဘက်ပတ်၍ ရေချိုးခန်းထ
ဝင်သွားသော လွတ်လပ်၏မပွင့်တပွင့် ပြုံးနေသော ခန္ဓာဗေဒကိုကြည့်
ရင်း သူ ဖရောကို လက်ချင်းချိတ်ချင်လာသည်။

ရေကျသံ အမြဲစိမ်းသစ်တော သူ ဖျော်မောရင်း သက်မတ
ချက် ခပ်မျှင်းမျှင်းချသည်။ အိပ်ခန်းတွင်း၌ လရောင်သည် ခုတင်ပေ
ခြေတစ်ဖက် ပစ်တင်ထား၏။

ရေချိုးပြီး အခန်းသို့ထွက်လာသော လွတ်လပ်ကို သူ ဆတ်ခ
မွေ့ယူကာ လှပထူထဲသော မွေ့ရာပေါ်သို့ တင်လိုက်သည်။ အခန်းထဲတွ
သူနှင့်လွတ်လပ် နှစ်ယောက်တည်းရှိသည်ဆိုသောအသိက စိတ်ကို ငြ
ရဲတင်းစေသည်လားမသိ။





ပန်းနုရောင်ထနေသော လွတ်လပ်၏နှုတ်ခမ်းသား နွေးခနဲ
ခံစားလိုက်ရ၏။ တထောင်းထောင်းထနေသော ယိမ်းမူးတိမ်းညွှတ်မှုယ်
ကြသင်းနံ့က လွတ်လပ်တစ်ကိုယ်လုံးမှ ခွာချနေသလား ထင်ရသည်။

အိပ်ရာဝင်ဖို့ မေ့လျော့နေကြသည့် ကြယ်တွေဆီမှ လေချွန်သံ
တိုးသဲ့သဲ့ကြားရသည်။ ချစ်ခြင်းနှင့်ရင်ခြင်းအပ်နေသည့် ဝင်သက်ထွက်
သက်များ ရာဇဝင်ပြောင်းပစ်ခဲ့ပြီ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

ဘုံပြတ်ခေါ် မြင်းလှည်းတစ်စီးနှင့် လင်းရောင်တို့ ဒိုင်းဝန်ကွင်းဘက် ခရီးဆက်ခဲ့ကြသည်။ မော်လမြိုင်၏နံနက်ခင်းက နုဖတ်လန်းသစ်နေ၏။ မရောက်ဖူးသေးသူများ ဝန်းကျင်ကို ရှုစားနေကြသော်လည်း ဦးထုပ်ခပ်ငိုက်ငိုက် ဆောင်းပြီး မျက်မှန်မည်းကြီးတပ်ထားသော လင်းရောင်မှာ အိမ်ကလူတွေနှင့် အသိမိတ်ဆွေတွေကို တွေ့မှာစိုးပြီး မျက်နှာပုက်ထားရသည်။

မနက်စောစော အိပ်ရာထပြီး မဒီနှင့် ကြိုတင်ချိန်းဆိုထားသည့်အတိုင်း ရုစ်နာရီခွဲအတိတွင် ဖုန်းဆက်လိုက်၏။ မဒီလည်း အဆင်သင့်စောင့်နေပုံရသဖြင့် ချက်ချင်း ဖုန်းပြောခွင့်ရသည်။

မဒီတို့အိမ်နားက လက်ဖက်ရည်ဆိုင်တွင် တွေ့ကြရန် ချိန်းဆို





သဖြင့် သူတို့အုပ်စု ထွက်လာခဲ့ကြသည်။

မဒီပြောသော ဆိုင်ရှေ့ ဘုံပြတ် ရပ်လိုက်သောအခါ ဆိုင်ထဲမှ မဒီက လက်လှမ်းပြသည်။ ဆိုင်ထဲ ချောင်ကျသော နေရာတွင် သူတို့ ဆုံကြသည်။

"နင်တို့ ညက ရောက်ကြတာပေါ့ ဟုတ်လား"

"အေး ကဲ ပြောပါဦး၊ ဘာတွေထူးလဲ ဘာတွေစီစဉ်ထားသလဲ"

"ထူးတယ်ဟ နင့်အဖေက ဖိတ်စာရိုက်ဖို့ ပြင်နေပြီလေ လင်းရောင်ရဲ့ ချည့်ပြီးတုပ်ပြီး ဖိတ်စာဝေပြီးမှ နင့်ကိုလှမ်းခေါ်မှာ"

"ဟင် ဒါဆို အချိန်မရှိတော့ဘူးပေါ့၊ သူတို့ဖိတ်စာမဝေခင် နင် ပျောက်သွားမှဖြစ်မှာ"

အားလုံး၏အကြည့်က မဒီ့ဆီ ရောက်သွားကြ၏။ မဒီက သူ့ဆုံးဖြတ်ချက်ကို ချပြရန် အားထုတ်နေသည်။

"ဟုတ်တယ် အချိန်မရတော့လို့ ဒီညပဲ လာခိုးတော့ မနက်ထွက်မယ့်ရထားနဲ့ လိုက်လို့ရအောင် စီစဉ်ထား ရော့ ငါ့မှတ်ပုံတင်"

မဒီ့ မှတ်ပုံတင် လင်းရောင်လက်ထဲ ရောက်လာ၏။ လွတ်လပ်က

"မဒီ နင် ဆုံးဖြတ်ပြီးပြီဆိုတာ သေချာတယ်နော်"

"သိပ်ကိုသေချာပါတယ် လွတ်လပ်ရယ်၊ ငါ ပိုင်စိုးနဲ့ ခွဲနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ ည ဘယ်နှနာရီလာခဲ့ရမလဲ"

"အဖေက ဆယ်နာရီခွဲလောက်ဆို အိပ်ပြီ ဆယ့်တစ်ခွဲလောက် လာခဲ့ကြ"

"ဟုတ်ပြီလေ မဒီ အဝတ်အစားတွေ အများကြီးမယူခဲ့နဲ့နော် အိတ်တစ်လုံးဆိုတော်ပြီ ကြားလား"

"အေးပါ လင်းရောင်ရယ်"

"ငါလည်း နွေးနွေးကို အဲလို နိုးခွင့်ရခဲ့ရင် သိပ်ကောင်းမှာ"

မိုးမြင့်က အရေးထဲ အနှာဖေးချာနေသဖြင့် လွှတ်လပ်က ဖြန်းခနဲ လှမ်းရိုက်လိုက်ရင်း

"အရေးထဲမှ မိုးမြင့်ရယ် ကဲ မဒီ စိတ်အေးအေးထား၊ ည ခုနစ်နာရီမှာ ဖုန်းပြန်စောင့် ငါတို့ ရယ်ဒီဖြစ် မဖြစ် ကွန်ဖမ်းလုပ်ရအောင်လို့"

"စိတ်ချ လွှတ်လပ်"

"ဒါဆို အချိန်မဖြုန်းနဲ့တော့ လက်မှတ်ရဖို့ စီစဉ်ရမှာနဲ့ ကားငှားရမှာနဲ့ အားလုံးအချိန်ကိုက်ဖြစ်ဖို့ အရေးကြီးတယ်"

"ဟုတ်တယ် တို့တွေ သွားစို့"

မဒီတော့ ဘယ်လိုနေမည်မသိ၊ အားလုံး ရင်ခုန်နှုန်းမြန်လျက်ရှိကြသည်၊ တည်းခိုခန်းပြန်ရောက်သည်နှင့် မြို့ခံလင်းရောင်က လွှတ်လပ်





ကိုခေါ်ပြီး မုတ္တမဘက်သို့ ကူးကာ မော်လမြိုင်ဈေးကွက်မှ လက်မှတ်လေး စောင်ရအောင် အသည်းအသန် စီဝယ်သည်။

လက်မှတ်ရတော့ မနက်စာစားဖို့ပင် အချိန်လွန်နေပြီမို့ သိပ်သားနားခြင်းမရှိသော မုတ္တမကမ်းဘက်မှ ထမင်းဆိုင်သေးသေးတွင်ပင် မနက်စာကို ဖြစ်သလို စားလိုက်ကြ၏။

"အဟင်း ဟိုကောင်ကြီး၊ မောင်တို့အစီအစဉ်တွေကိုသာသိရင် ဖင်သောင့်ပြီး ပျော်နေမှာနော်"

"ဒါပေါ့ မောင်ရဲ့ ချစ်သူချင်းပေါင်းရမှာ မပျော်တဲ့သူ ရှိမလား"

"ဒါဆို ညက မောင် အပျော်ဆုံးပဲ သိလား"

"ဟင်နော် မောင် မပြောနဲ့"

"အဟဲ ပြောမှာပဲ ညက ဒူးနဲ့မျက်ရည်သုတ်ခဲ့ရတဲ့ မောင့်ဘဝကို"

"မောင် တော်တော့ကွာ"

"အဲ ဒီညတော့ လွှတ်လပ် ဒူးနဲ့မျက်ရည်သုတ်ရမယ့်အလှည့်"

"တော် ဒီည မဒီ့ကိုသွားခိုးဖို့ပဲ အာရုံစိုက်၊ တစ်ခုမှ လွဲချော်လို့မဖြစ်ဘူး၊ အဲဒါကိုပဲ အာရုံစိုက်"

"အေးပါ မိန်းမရာ"

"မောင်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား ဟား"

■ ■ ■

လရောင်ကို လင်လှတက်လုပ်၍ မှဆိုးမအလှပြင်သလို ဖြူတစ်ကွက် မည်းတစ်ကွက် ဖြစ်နေသော ညသည် တိတ်ဆိတ်နေ၏။ တည်းခိုခန်းမှ ရှာပေးသော ကားဆရာကြီးက သဘောကောင်းလွန်းလှသည်။ ညစ္စနစ်နာရီက မဒီနှင့်ဖုန်းဆက်ချိန်းဆိုခဲ့သည့်အတိုင်း ဆယ့်တစ်နာရီခွဲအတိတွင် သူ ထွက်လာမည်ဆို၏။

ကိုယ်နှင့်ပေါင်းဖို့လည်းမဟုတ်၊ ကာယကံရှင်ကိုယ်တိုင်လည်း ပါမလာသော မိန်းမခိုးမှုဖြစ်စဉ်က ရှားပါးအကြောင်းတရားပဲ ဖြစ်ပေလိမ့်မည်။

တည်းခိုခန်းမှ ဆယ့်တစ်နာရီ ဆယ်မိနစ်တွင် ထွက်လာခဲ့ကြ၏။ လွတ်လပ်တော့ မိုးရိပ်ပူပန်စိတ်များကို အဖော်လုပ်ကာ တစ်ယောက်ထဲ ကျန်ခဲ့သည်။ မဒီတို့အိမ်နားသို့ ဆယ့်တစ်နာရီ နှစ်ဆယ်တွင် ရောက်၏။

ကားဆရာကြီးက ကားစက်သတ်ပြီး အောက်သို့ဆင်းကာ ဘောနက်ကိုဖွင့်လိုက်၏။ လင်းရောင်တို့စိတ်ပူသွားကြသည်။

"ဟာ ဦးလေး ကားပျက်တာလား"

"မပျက်ပါဘူးကွာ ဦးလေးကားက အောရယ်ဒီ အဲဗား ဒေါက်





ဝိုးပါကွ၊ ကားပျက်ချင်ယောင်ဆောင်နေမှ ဒီနားမှ အချိန်မတော် ရပ်နေရတာ ဖြေရှင်းဖို့လွယ်မှာလေ"

"သြော် ဟုတ်သားပဲ ဟဲ ဟဲ ဒါဆို မိုးမြင့်က ခေတ်မီးထိုးပြပြီး ကားပြင်ချင်ယောင်ဆောင်နေကြ၊ ငါ အိမ်ကို မျက်ခြေမပြတ် ကြည့်ထားမယ်"

ကားဆရာကြီး၏ ကာဗာစတိုရီကို ကျေးဇူးတင်စွာ လက်ခံပြီးနောက် လင်းရောင်က 'မဒီကင်း' စောင့်ရ၏။ ကားဆရာကြီးက တီးတိုးစပ်စုသည်။

"ကံထူးရှင်က ဘယ်သူလဲ"

"ဗျာ"

"သြော် မိန်းမခိုးမယ့်သူက ဘယ်သူလဲလို့"

လင်းရောင်နှင့်မိုးမြင့် တစ်ယောက်တစ်ပြန်ဆိုသလို လက်ညှိုးထိုးမိကြ၏။ ကားဆရာကြီး မျက်လုံးပြူးသွားသည်။

"မောင်ရင်တို့ကလည်း တယ်နောက်တာကိုး၊ ကောင်မလေးက မောင်ရင်တို့နှစ်ယောက်နဲ့ပေါင်းမှာတော့ မဟုတ်လောက်ပါဘူးနော်"

ထိုအခါမှ လင်းရောင်လည်း အဖြစ်မှန်ကို လိုတိုရှင်း ရှင်းပြလိုက်သည်။ ကားဆရာကြီးမှာတော့ တအံ့တသြ

"ဟား ငါဖြင့်အံ့ရော ကားသမားဘဝနဲ့ စုံတွဲဆယ်တွဲလောက်



www.burmeseclassic.com

www.burmeseclassic.com



နိုးပြေးဖြစ်အောင် ကူညီခဲ့ဖူးပါတယ်၊ ဒါပေမဲ့ ကာယကံရှင်မပါတဲ့ မိန်းမ နိုးတာတော့ ဒါ ပထမဆုံး ကြုံဖူးတာ"

"ပြောမနေပါနဲ့တော့ ဦးလေးရာ ကျွန်တော်တို့လည်း ဒီလိုကို မျှော်လင့်မထားတာ"

"ဟော ဟိုမှာ အိမ်ပေါ်က မဒီ ဓာတ်မီးနဲ့ အချက်ပြနေပြီ"

လင်းရောင် လှမ်းသတိပေးသဖြင့် ဓာတ်မီးကိုင်ထားသော မိုးမြင့်က ပြန်လည်အချက်ပြလိုက်၏။ အချိန်ကဆယ့်တစ်နာရီခွဲအတိ။

အားလုံး ယောက်ယက်ခတ်သွားကြသည်။ ကားဆရာကြီးက ဘောနက်ကို ပြန်ပိတ်ပြီး ကားပေါ်မှာ အသင့်နေရာယူထား၏။ လင်းရောင် ခြံတံခါးနားသို့ ပြေးကပ်လိုက်သည်။ ထိုမိနစ်ပိုင်းမျှသော ကာလသည် အလင်းနှစ်သန်းတစ်ရာအကွာအဝေးရှိ ဂြိုလ်တစ်ခုဆီသို့ ခရီးထွက်ရသလို ကြာမြင့်လွန်းနေသည်။

အိတ်တစ်လုံးဆွဲပြီး ခြေသံလုံလုံနှင့် ပြေးလာသော မဒီကို လင်းရောင် ဆီးကြိုလိုက်၏။ ခြံတံခါးကို အသံမမြည်အောင် ပြန်ပိတ်ပြီး ကားဆီသို့အလာ ကားစက်နှိုးသံကို ကြားသည်။

အားလုံး ကားပေါ်ရောက်သည်နှင့် ကားက တစ်ရှိန်ထိုး မောင်းထွက်သွား၏။ အင်း ပထမအဆင့်တော့ အောင်မြင်ခဲ့ချေပြီ။

"ဟား မောလိုက်တာ လင်းရောင်ရယ် အခု ဘယ်ကိုသွားကြ





မှာလဲ"

"တည်းခိုခန်းလေး ဟိုမှာ လွတ်လပ် စောင့်နေတယ်၊ မနက် ငါးနာရီ တည်းခိုခန်းက ထွက်မယ်၊ ရထားက ခုနစ်နာရီ ထွက်မှာ"

"အဖေက မနက်ခြောက်နာရီဆို ထနေကျ၊ လိုက်လာရင် မိသွားမှာနော်"

"မပူပါနဲ့ မဒီရယ်၊ ငါ အကုန်စီစဉ်ထားပြီးပါပြီ၊ မုတ္တမရောက်တာနဲ့ ကားနဲ့သထုံထိ သွားကြမှာလေ၊ သထုံရောက်မှ ရထားပြောင်းစီးမှာ"

"ဟယ် ဒီလိုလား တော်ပါသေးရဲ့"

"ဘာမှမပူပါနဲ့ဟာ၊ အားလုံး အေးဆေးဖြစ်သွားမှာပါ"

ရေပက်မဝင်အောင် ပြင်ဆင်ထားသော အစီအစဉ်ကြောင့် မဒီ စိတ်အေးသွားဟန်နှင့် သက်ပြင်းချလိုက်၏။ မိုးမြင့်က

"ဟား ပိုင်စိုးရာ မင်းကောင်းစားဖို့ တို့တွေမှာ နလုံးရောဂါ ဖြစ်တော့မယ်ကွ"

"ဟား ဟား ဟား ဟား"

တည်းခိုခန်းမှ လွတ်လပ်အခန်းသို့ ရောက်သောအခါ မဒီက လွတ်လပ်ကိုဖက်ကာ ငိုသည်။

"လွတ်လပ်ရယ် ဒါ တကယ်ပါနော်၊ ငါတို့လွတ်မြောက်ပြီ၊ ငါ



www.burmeseclassic.com

www.burmeseclassic.com



လင်းရောင်ကို မယူရတော့ဘူးဆိုတာ ဟုတ်ပါတယ်နော်''

"တကယ့် တကယ်ပါ သူငယ်ချင်းရယ်၊ ဘာမှစိတ်ပူမနေနဲ့တော့ အားလုံးပြီးသွားပြီ''

"ကဲ ကဲ သိပ်စကားပြောမနေကြနဲ့တော့၊ အချိန်ရသလောက် လေး အိပ်ထားလိုက်ကြဦး။ လေးနာရီခွဲမှာ ရီဆက်ရှင်က ကောင်လေး လာနှိုးလိမ့်မယ်''

"အေး''

ကိုယ့်အခန်းကိုယ်ပြန်နားကြရင်း နှလုံးခုန်သံ ပုံမှန်ဖြစ် မဖြစ် ဆန်းစစ်ပြီး တစ်ရေးအိပ်ခဲ့ကြသည်။

■ ■ ■

နံနက် ငါးနာရီဆိုသော်လည်း အရှေ့ဆီတွင် ရောင်နီပျို၍ အမှောင်ကို ရုပ်သိမ်းစပြုနေပြီ။ လင်းရောင်တို့လေးယောက် အထုပ် ကိုယ်စီနှင့် တည်းခိုခန်းမှ ထွက်ခဲ့ကြ၏။ ကားဆရာကြီးလည်း တစ်ညလုံး ကောင်းကောင်း အိပ်စက်ရဟန်မတူချေ။

နီရဲနေသော မျက်လုံးအစုံနှင့်ပင် ကားဖြင့် ဖက်ဆိပ်သို့ ပို့ပေး ခဲ့၏။ ကောင်းကောင်း မလင်းသေးသော်လည်း လူတွေက လှုပ်လှုပ်ရွရွ နှင့် လောကကြီး အသက်ဝင်နေခဲ့ပြီ။

ကားခ ရှင်းပေးရင်း ကားဆရာကြီးကို နှုတ်ဆက်ကြ၏။

"ကျေးဇူးပဲ ဦးလေး အားလုံး အဆင်ပြေသွားပါပြီ''

"အေးကွာ မင်းတို့ကို ကြည့်ပြီး ပညာတော့ ရလိုက်ပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ပညာရတယ် ဟုတ်လား"

"အေး ငါ့မှာလည်း သမီးနှစ်ယောက်ရှိတယ်လေ၊ သူတို့သာ လင်နောက်လိုက်မယ်ဆိုရင် သမနိုးကျလိုက်ရှာနေလို့ မရဘူးဆိုတာ မင်းတို့လုပ်ရပ်တွေက သက်သေပြနေလို့ပဲပေါ့ ရထားကိုတောင် သထုံကစောင့်စီးကြမှာ မဟုတ်လား"

"ဟား ဟား ဟား ဟား"

ကားဆရာကြီး၏သံဝေဂကို သူတို့အုပ်စု ရယ်မောသံများနှင့် ထောက်ခံလိုက်ကြသည်။ ဖော်ပေါ်နေရာယူရင်း မော်လမြိုင်ကို နှုတ်ဆက်ကြ၏။ သောကများ စိုးရိမ်ပူပန်မှုများကြားမှပင် မော်လမြိုင်ဆိပ်ကမ်း၏အလှကို မဖြစ်မနေ အသိအမှတ်ပြုခဲ့ကြသည်။

မဒီလည်း ထိုရှုခင်းကို ငေးရင်း စိတ်ထဲကကြိတ်၍ သူ့အဖော် ဝန်ချတောင်းပန်ကာ ကန်တော့နေသည်လား မသိ။ မျက်ရည်ဝိုင်းနေတာကို မြင်ရသည်။ လွတ်လပ်က မဒီလက်ကို ဆုပ်ကိုင်ဖျစ်ညှစ်ပြီး အားပေးလိုက်သည်။

"ရန်ကုန်ရောက်ရင် လုံးဝ စိတ်ချရပါပြီဟာ ဒါနဲ့ နင် စာတွေ ဘာတွေ ရေးထားခဲ့သေးလား"

"အေး အကျိုးအကြောင်း ရေးထားတဲ့စာ ခေါင်းအုံးအောက်မှာထားခဲ့တယ်"





"နင့်စိတ်ထဲမှာ ဘယ်လိုနေသလဲ နောင်တတွေ ဘာတွေ ရနေသလား"

"ဟင့်အင်း နောင်တ မရပါဘူး။ အဖေ့ကို လွမ်းတာတစ်ခုပါ၊ အမေဆုံးပြီးတဲ့နောက် အဖေက ငါ့ကို သိပ်တွယ်တာခဲ့တာလေ"

"တဖြည်းဖြည်းနဲ့တော့ ဖြေသာနေသာသွားမှာပါဟာ"

မဒီအား ဝိုင်းဝန်းနှစ်သိမ့်ပေးကြရင်း ရှေ့ဆက်ရမည့်ခရီး အဆင်ပြေချောမွေ့စေရန် ဆုတောင်းမိကြသည်။

မကြာမီ မုတ္တမကမ်းခြေသို့ ခြေချမိကြ၏။ မော်လမြိုင်သည် ရန်ကုန်နှင့်သိပ်မဝေးလှသော်လည်း စစ်တောင်းမြစ် သံလွင်မြစ်တို့ ခြားနေသော တကယ့်ရေခြားမြေခြား ဒေသတစ်ခု ဖြစ်သည်။

မ. ဆ. လ ခေတ်တစ်ခေတ်လုံး မှောင်ခိုလမ်းကြောင်းကြီးတစ်ခုအဖြစ်နှင့်လည်း ထင်ရှားကျော်ကြားသည်။ ယိုးဒယား(ထိုင်း)မှ အကောက်ခွန်မဲ့ ဝင်လာသော ပစ္စည်းများကို မြန်မာပြည်အနှံ့သို့ သယ်ယူဖြန့်ဖြူးပို့ဆောင်ရာ ခရီးထောက်မြို့လည်း ဖြစ်၏။

ထိုလမ်းကြောင်းမှဝင်လာသော လူသုံးကုန်ပစ္စည်းများကြောင့် မြန်မာတို့ လူစဉ်မီခဲ့ရတာဟု သိမီသူများ ပြန်ပြောတာ ကြားဖူး၏။ ထိုခေတ်ထိုအခါက ဤနယ်တစ်ဝိုက်မှာ ရာဖွေရေးဟူသော လူတန်းစားတစ်ရပ် မင်းမူခဲ့ကြောင်း ဒေသခံဖြစ်သည့် လင်းရောင်နှင့်မဒီက ဟိုစပ်

www.burmeseclassic.com



စပ် ဒီစပ်စပ် ရှင်းပြသည်။

လွတ်လပ်နှင့်မိုးမြင့်မှာ တံခါးပိတ်ဝါဒ၏ဆိုးကျိုးများကို မယုံနိုင်အောင် ကြားသိရသဖြင့် တအံ့တဩ ဖြစ်နေကြ၏။

မုတ္တမဘူတာမှ ခရီးဆက်ဖို့ ကားငှားရတာက အကြာဆုံးဖြစ်နေသည်။ သင့်တင့်လျောက်ပတ်သော ကားသေး ကားလတ်များ မတွေ့ဘဲ ကုန်တင်ကားက အများစုရှိနေ၏။ သို့နှင့် ခရီးသည်တင်ဘတ်(စ်)ကား အစုတ်ကြီးဖြင့်သာ ရွှေ့တိုးဖို့ ဆုံးဖြတ်ကြရသည်။

ကားစထွက်သောအခါ နောက်ထပ်တစ်ခေါက် ပြန်လာသော ဖက်တစ်စီး ဆိုက်ကပ်တာ လှမ်းမြင်ကြ၏။ တကယ့်ကို လက်မတင်လေး ဖြစ်သည်။ ထိုဖက်ပေါ်တွင် မဒီအဖေပါလာမှာ ကိုန်းသေသလောက်ဖြစ်၍ အားလုံး သံဗုဒ္ဓေရွတ်လိုက်မိကြသည်။

စိတ်ပျက်ဖွယ်ကောင်းလောက်အောင် နှေးကွေးသော ဘတ်(စ်)ကားစုတ်ကြီးကြောင့် သထုံကို ရထားမီအောင် မရောက်နိုင်ကြောင်း သိလာကြရသဖြင့် ကားပေါ်မှ ဒေသခံများအား မေးမြန်းစုံစမ်းကာ ခရီးစဉ် ပြောင်းရသည်။

ခရီးသည်များ၏တိုက်တွန်းမှုနှင့် သိမ်ဇရပ်ဘူတာမှ စောင့်စီးရန် ဆုံးဖြတ်ပြီး စိတ်စောနေမိကြ၏။ သိမ်ဇရပ်ကားဂိတ်ရောက်သည်နှင့် မြင်းလှည်းငှားပြီး ဘူတာသို့ ဒရောသောပါး ပြေးကြရသည်။ သူတို့





ဆုံးဖြတ်ချက်မှန်သွား၏။

ဘူတာ စင်္ကြံသို့ ခြေချလျှက် အမောမှမပြေရသေးခင် ရထားကို လှမ်းမြင်ကြရသည်။ စိတ်မောလူမော ဖြစ်နေသည့်ကြားမှ အားလုံး ပျော်ရွှင်စွာ အော်ဟစ်မိ၏။

"အဟား လွတ်ပြီ ကျွတ်ပြီကွ"

"ဟော့ကောင်တွေ သိပ်ပျော်မနေနဲ့ဦး၊ မဒီအဖေကြီး ရထားနဲ့ လိုက်လာရင် ဘယ်လိုလုပ်မလဲ"

လင်းရောင်၏နောက်တောက်တောက် အမေးကို မိုးမြင့်က ရွှဲ့တဲ့တဲ့ ဖြေ၏။

"အဲဒါဆိုရင်လည်း ဆောရီးပဲ ယောက္ခမရယ်လို့ပြောပြီး ဦးသုံးကြိမ်ချရင်း ကန်တော့လိုက်တော့ပေါ့"

"ဟား ဟား ဟား ဟား"

ရထားကြီးဘူတာသို့ ထိုးဆိုက်လာပြီ၊ ဆင်းသူသိပ်မရှိလှဘဲ တက်သူတွေသာများ၏။ လင်းရောင်တို့အုပ်စု ရထားပေါ်ရောက်တော့ ခရီးသည်သား ဝင်ထိုင်နေကြသော ထိုင်ခုံမဲ့များကို လက်မှတ်ပြကာ ဖယ်ခိုင်းရသေး၏။

နေသားတကျဖြစ်မှ အားလုံး သက်ပြင်းချနိုင်ကြသည်။ ရထားကြီးလည်း တလှုပ်လှုပ်နှင့် ရန်ကုန်ဆီသို့ ဦးတည်ခုတ်မောင်းနေခဲ့ပြီ။

လင်းရောင်တို့အုပ်စုလည်း စိတ်ချလက်ချနှင့် ငိုက်မြည်းမှုရင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါလာခဲ့ကြသည်။

■ ■ ■

မော်လမြိုင်အပြန်ခရီးသည် စိမ်းသစ်လတ်ဆတ်စွာ ပြီးစီးခဲ့၏။ ရောက်ရောက်ခြင်း လွတ်လပ်၏ တိုက်ခန်းလေးကို ရှင်းကြသည်။ လင်းရောင် မိုးမြင့် လွတ်လပ်နှင့်မဒီတို့ဖြင့် စနစ်တကျ စုစည်းသော အိမ်ရာသစ်လေးအဖြစ် ပြင်ဆင်ကြခြင်း ဖြစ်သည်။

"နင်တို့ကို ငါ အရမ်းကျေးဇူးတင်တာပဲဟယ်"

"မလိုပါဘူး မဒီရယ်၊ ငါတို့သူငယ်ချင်းတွေ အားလုံး စိတ်ချမ်းသာဖို့ လုပ်ခဲ့ကြတဲ့ကိစ္စပဲမဟုတ်လား"

တိုက်ခန်းကို အရောင်ထွက်အောင် သန့်ရှင်းတိုက်ချွတ်ရင်း မဒီနှင့်မိုးမြင့် အပြန်အလှန် ပြောနေကြသည်။

"အေးနော် ခုလောက်ဆို ငါ့အဖေနဲ့ လင်းရောင်မိဘတွေ ဆွေးနေမှာသေချာတယ်"

"ဘာဆိုင်လို့လဲ လင်းရောင်ဒီကိစ္စကို ဦးဆောင်တယ်ဆိုတာ သူတို့မှမသိတာ၊ မဒီက လင်းရောင်ကိုမယူချင်လို့ လင်နောက်လိုက်ပြေးတယ်ပဲ ထင်နေမှာလေ"

"ဟဲ ဟဲ ဟုတ်တယ် လင်းရောင်က လူရိုးလေးပေါ့၊ ခုလောက်ဆို မဒီ့အဖေကို လင်းရောင်အဖေက ပွစိပွစိတွေ ပြောနေတော့မှာ"





"အပေါ်း ဟုတ်တယ်ဟ အဖေ မျက်နှာပျက်ရလို့ ရှက်ရှက်နဲ့ ငါ့ကို သမီးအဖြစ်က စွန့်လွှတ်ကြောင်း အမွေပြတ်ကြော်ငြာမှာ သေချာသလောက်ပဲ"

"အဲဒီတော့လည်း ဘာဖြစ်လဲဟယ် ငါတို့ရှိတာပဲဟာ၊ ပြီးတော့ ဒိုင်စိုးလည်း ပြန်လာမှာလေ၊ ဒီတော့မှ အဖေကိုတောင် မေ့နေမှာ မြင်ယောင်မိပါသေးရဲ့"

လွတ်လပ် အပြောကြောင့် မဒီ မချိပြုံးလေး ပြုံး၏။ လွတ်လပ်နှင့်လင်းရောင်ကို အားတုံ့အားနာကြည့်ရင်း

"နင်တို့လည်း အိမ်ထောင်ပစ္စည်းတွေ စုရင်း လက်ထပ်ဖို့ ပြင်ဆင်နေကြတာဆို၊ ငါ့ကြောင့် နင်တို့ကိစ္စ နှောင့်နှေးသွားမှာ အားနာတယ်ဟာ"

"အားမနာပါနဲ့ မဒီရာ၊ တို့လေးယောက်လုံး ပျော်ရွှင်ဖို့အတွက် ဒီလောက်တော့ ရင်းရမှာပေါ့"

"အေးဟယ် တို့တွေဘဝကလည်း ပတ်လည်ကိုရိုက်နေတာပဲနော်၊ လွတ်လပ်နဲ့လင်းရောင်ကိုလည်း သူတို့က သဘောမတူ ငါနဲ့ လင်းရောင်ကိုလည်း အတင်းပေးစားနဲ့ ဘာတွေမှန်းကို မသိဘူး၊ ခုတော့ ငါ့မှာ အမွေပြတ်ကြော်ငြာခံရတော့မယ်"

"မဒီရယ် ဒီလောက်လည်း စိတ်ညစ်မနေပါနဲ့၊ ငါနဲ့လင်းရောင်



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ပြီးရင် ငါလည်း အမွေပြတ်ပါပဲဟာ''

လင်းရောင်စကားကြောင့် မျက်နှာပျက်ချင်သွားသော လွှတ်လပ်က ဟန်လုပ်ပြုံးရင်း

''အမွေပြတ်လည်း ဘာဖြစ်လဲ မောင်ရဲ့၊ ကိုယ် မောင့်ကို ကျွေးမှာပေါ့''

''မလိုပါဘူး လွှတ်လပ်ရယ် အဲဒါ မောင့်တာဝန်ပါ၊ မောင် လွှတ်လပ်ဆီက လိုချင်တာက တစ်ခုထဲ''

''ဘာလဲပြော''

''ချာတိတ်လေး တစ်ယောက်''

''သွား စကားအကောင်းပြောနေတာ''

လင်းရောင်နှင့်လွှတ်လပ်တို့၏ ရင်းနှီးမှုအတိုင်းအတာကို မိုမြင် နေသော မိုးမြင့်က

''ဟုတ်တယ် လွှတ်လပ် နင်တို့နှစ်ယောက် ခုကတည်းက လက်ထပ်ထားလိုက်ရင် ပြီးရော''

''ဘာဖြစ်လို့လဲ မိုးမြင့်''

''ဟ တရားဝင် sexual လိုင်စင်တစ်ခုရတာပေါ့''

''ကောင်စုတ်''

အရှက်သည်းသွားသော လွှတ်လပ်က မိုးမြင့်အား ကြမ်းခင်





ကျောက်ပြားဆေးသော ဆပ်ပြာရည်နှင့် လှမ်းပက်လိုက်၏။ ရယ်သံများ သောသောညံသွားသည်။

''သြော် နင်တို့တွေကတော့ ပျော်နေလိုက်ကြတာ ငါ့မှာသာ''

''ဟာ ဘာဖြစ်ရပြန်တာတုံး မဒီရဲ့၊ အခုပဲ ငါတို့ ပိုင်စိုးကို အကြောင်းကြားထားပြီးပြီ၊ နင် အလွန်ဆုံးစောင့်ရ တစ်ပတ်ပေါ့ဟာ၊ ပြီးတော့ နင်နဲ့ပိုင်စိုးတို့ကိစ္စ ပြီးမှ ငါနဲ့လွှတ်လပ် လက်ထပ်မှာပါ''

''အေးလေ မဒီရယ် နင်ကလည်း အားငယ်စရာမရှိ အားငယ် နေပြန်ပြီ၊ ပျော်ပျော်နေစမ်းပါဟာ၊ ပိုင်စိုးကိုစောင့်ရင်း လင်းရောင်တို့ အလုပ်မှာ ဝင်ကူမလား၊ ငါနဲ့ပဲ သွားလိုက်လာလိုက် စားလိုက်သောက် လိုက်လုပ်မလား၊ အဲဒါသာ စဉ်းစားထား''

''ဟုတ်တယ် မဒီ ရှုံနေတာတွေ ဝဲပစ်လိုက်တော့၊ ဆားကစ် တွေ အသစ်လဲလိုက်သလို ခပ်လန်းလန်းနေစမ်းပါဟာ''

မဒီ သူငယ်ချင်းများကို ကြည်လင်စွာ ပြုံးပြလိုက်ရှာသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အရေရွံ့ လန့်သွားသောကောင်းကင်

လင်စိတ်သားစိတ်ကုန်နေတဲ့ အိမ်ပြန်လမ်းဟာ မြင်မြင်သမျှ မှန်စရာတွေချည်း ဖြစ်နေသည်။ အောက်အီးအီးမအွတ်နိုင်သည့် ကြက်တွေက ကားဂိတ်တွေမှာ တောင်ပံမဲ့ ကိုယ်ဖယောင်းပြနေကြ၏။ မဆလခေတ် ပထမ (၂၆)နှစ်အတွင်းမှာပဲ မျက်စိတွေ စုံလုံးကန်းခဲ့ကြသော ပြည်သူတွေအတွက် သည်ခေတ်အထိတောင် အလုပ်တွေရှားပါးနေပြီလား။

ထိုနေ့က ညဦးအတော်လေးနက်မှ လင်းရောင်နှင့်မိုးမြင့် တိုက်ရှေ့သို့ ရောက်ကြသည်။ နှစ်ယောက်စလုံး ယစ်မူးရီဝေနေကြ၏။ တိုက်ပေါ်တက်ဖို့ ဝန်လေးနေကြသလိုမျိုး မတိုင်ပင်ပါဘဲ တိုက်အောက်အုတ်ခုံလေးတွင် ထိုင်လိုက်ကြသည်။ ဘာစကားမှမပြောဘဲ ငူငူကြီးထိုင်နေကြ





သည်မှာ ကျောက်ရုပ်တွေလို ဖြစ်နေ၏။

ဖျော့တော့တော့ ရင့်တင့်တင့် ကောင်းကင်အောက်မှ သူတို့နှစ်ယောက်ကို တွေ့သောအခါ အံ့သြစွာ လွှတ်လပ်တိုက်ပေါ်မှ အပြေးကလေးဆင်းလိုက်သည်။

"နင်တို့ ဒီမှာ ဘာထိုင်လုပ်နေကြတာလဲ၊ မိုးချုပ်နေလို့ စိတ်ပူပြီး ဖုန်းဆက်မေးမလို့ ဆင်းလာတာ"

ဘာစကားမှမပြောဘဲ သူ့ကိုကြောင်တောင်တောင် စိုက်ကြည့်နေသော လင်းရောင်နှင့် မိုးမြင့်ကြောင့် လွှတ်လပ် နည်းနည်းစိတ်ပူသွားသည်။

"ကြည့်စမ်း အရက်နံ့ကလည်းဟောင်နေတာပဲ၊ နင်တို့ ဘာဖြစ်လာကြသလဲ"

လင်းရောင်တို့ ပါးစပ်မဟာကြ။ လွှတ်လပ် စိတ်တိုသွားသည်။

"မောင် ဘာဖြစ်လာသလဲလို့ လွှတ်လပ်မေးနေတယ်လေ"

"ဘာ ဘာမှမဖြစ်ပါဘူးကွာ"

"မဟုတ်သေးပါဘူး မောင်တို့နှစ်ယောက် တစ်ခုခုဖြစ်လာတယ်မဟုတ်လား"

လင်းရောင်ကို ဆွဲကိုင်လှုပ်ရမ်းမေးသော်လည်း မတုန်မလှုပ်။ လင်းရောင်ကိုယ်တိုင်လည်း ဘာမှမပြောချင်။ အလိုမတူ ပေါ်ထားခံရ



www.burmeseclassic.com

www.burmeseclassic.com



သည့် ရှန်းရင်းဆန်ခတ်နိုင်လှသော ရင်မောမှုနှင့်အတူ သူ ငိုချင်နေသည်။ လင်းရောင်ကို မေးမရသည့်အခါ လွတ်လပ်က မိုးမြင့်ဘက် လှည့်သွားသည်။

"မိုးမြင့် ငါ့ကိုရှင်းပြစမ်းပါ၊ နင်တို့ ဘာဖြစ်လာသလဲဆိုတာ"

"အေး နောက်လည်း ပြောရမယ့်အတူတူ ငါပြောပြမယ်၊ မဒီ အပေါ်မှာလား"

"အေး တီဗီကြည့်နေတယ်"

"အခုပြောမယ့်ကိစ္စ လောလောဆယ်တော့ မဒီ မသိစေနဲ့ဦး။ ဒီလိုဟ လွတ်လပ်ရ"

ပြောမည်ဆိုးဖြတ်ပြီးကာမှ မိုးမြင့် အသံပျောက်ကာ ဆို့နင့်သွားသဖြင့် လွတ်လပ် ပိုပြီး ရင်ထိတ်သွားသည်။

"ဘာဖြစ်ခဲ့ကြလို့လဲ မိုးမြင့်ရယ်၊ ရင်တွေတုန်လိုက်တာ၊ ငါ့ကို မြန်မြန်ပြောစမ်းပါဟာ"

"ဒီနေ့ ပိုင်စိုးဆီက စာလာတယ် လွတ်လပ်၊ သူ မာရီယာနဲ့ လက်ထပ်လိုက်ပြီတဲ့"

"ဘာ ဘာပြောတယ်"

"ရော့ နင် ဒီစာကိုသာ ဖတ်ကြည့်လိုက်တော့"

မိုးမြင့် လှမ်းပေးသော စာကို လွတ်လပ် ကြောင်တောင်တောင်





နှင့် ကိုင်ထားရင်း လင်းရောင်အား အကဲခတ်သည်။ လင်းရောင်က မျက်နှာလွှဲလိုက်၏။ လွတ်လပ် အချိန်မဖြုန်းတော့ဘဲ လမ်းမီးရောင်နှင့် စာကို စဖတ်လိုက်သည်။

သူငယ်ချင်းတို့

မင်းတို့ဆီက စာရ ရခြင်း ငါ ခေါင်းနပမ်းကြီးသွားတယ်။ ပြီးတော့ ဝမ်းနည်းတယ်။ မင်းတို့စာ အရောက်နောက်ကျတယ်ကွာ။ ယော်ဒီရေးလိုက်တဲ့စာက အရင်ရောက်လာတာ။ သူ့စာထဲမှာ လင်းရောင်နဲ့မဒီ့ကိုနှစ်ဖက်မိဘတွေကနေရာချပေးဖို့ စီစဉ်နေကြပြီလို့ သတင်းပေးတယ်လေ။

မှန်တာပြောရရင် ငါ သိပ်ခံစားရတယ်။ ဒါပေမဲ့ တစ်ဖက်က ငါ့ချစ်သူ တစ်ဖက်က ငါ့အချစ်ဆုံးသူငယ်ချင်း။ ဘာပဲဖြစ်ဖြစ် ငါ ကျေနပ်လိုက်တယ်ကွာ။

ပိုပြီး ကျေနပ်ချင်စရာကောင်းတဲ့ကိစ္စက မမျှော်လင့်ဘဲ အော်ဖီမှာ မာရီယာနဲ့ငါ တွေ့ခဲ့တာပဲ။ သူ့မိသားစုနဲ့အရမ်းရင်းနှီးခဲ့တယ်။ ငါ့အလုပ်အတွက်လည်း သူ့ဒယ်ဒီက ကူညီခဲ့တာ။

မာရီယာက မြန်မာပြည်နဲ့သူငယ်ချင်းတွေကို လွမ်းကြောင်း ငါ့ကို ထပ်တလဲလဲပြောတယ်။ ပြောပြီးတိုင်း သူ ငိုတယ်။ ပိုပြီး အကြြပ် ရိုက်စေတာက အဲဒီအချိန်မှာ မာရီယာမှာ သူ့မိဘတွေ စီစဉ်မှုနဲ့ ညြစ



www.burmeseclassic.com

www.burmeseclassic.com



ခြေးလျှနိုင်ငံသားတစ်ဦးနဲ့ လက်ထပ်ဖို့ကိစ္စ အကြောင်းပေါ်နေတာပဲ။

ကပြားစပ်ပေမယ့် မြန်မာပြည်မှာမွေးတဲ့ မာရီယာက နိုင်ငံခြားသားကို မယူချင်ဘူးလို့ ငါ့ကိုအကြိမ်ကြိမ်ပြောတယ်။ သူ မြန်မာနိုင်ငံကို ပြန်လာလို့ရနိုင်တဲ့ တစ်ခုတည်းသော ထွက်ပေါက်ကတော့ သူ့ကိုငါ လက်ထပ်လိုက်ဖို့ပဲ၊ ဒါမှ သူ့မိဘတွေဆီက တရားဝင် ပြန်ခေါ်လာနိုင်မှာလေ။

အဲဒီအချိန်မှာ ငါသိထား၊ နားလည်ထားတာက လင်းရောင်နဲ့ မဒီကို မိဘတွေ သဘောတူလိုက်ပြီဆိုတာပဲ။ ဒါကြောင့် ငါ ဆုံးဖြတ်ချက်တစ်ခုနဲ့ မာရီယာကို လက်ထပ်လိုက်တယ်။ လင်းရောင်နဲ့မဒီနဲ့ကိစ္စမှာ ငါ့ကိုထည့်တွက်စရာ မလိုတော့အောင်၊ ပြီးတော့ မာရီယာ့အတွက် မြန်မာပြည်ပြန်လာဖို့ အကောင်းဆုံးနည်းလမ်း။

အားလုံး ပြီးပြည့်စုံသွားပြီထင်ပေမယ့် မင်းတို့စာရောက်လာ ငါ အရမ်းတုန်လှုပ်ချောက်ချားသွားတယ်။ ငါ ဘာလုပ်ရမလဲ။

ပိုင်စိုး

ခန့်မှန်း၍ မရနိုင်သောနာကျင်မှုတစ်ခုနှင့် လွှတ်လပ် လက်ထဲစာရွက်လေး တဆတ်ဆတ်တုန်ခါလာသည်။ လှုပ်စစ်ကနေ ရုတ်တရက် ကျကွဲသွားသလိုခံစားနေရသည်။

လင်းရောင်လည်း ဘာလုပ်ရမှန်းမသိ။ လွှတ်လပ်လည်း ဘာ





ဘာမှမပြောနိုင်။ မိုးမြင့်က ဒူးနှစ်ဖက်ပေါ် လက်ယှက်တင်ရင်း မှိုင်နေသည်။ ရင်ထဲမှာ တင်းကြပ်ဆို့နင့်လာသည်။

"မောင် သိပ်ဝမ်းနည်းတယ်၊ ဒီလိုဘဝမျိုးမှာ လူဖြစ်ရတာ ထက်စာရင် တိရစ္ဆာန်ဖြစ်ရတာမှ ပိုကောင်းဦးမယ်"

လင်းရောင် ပြောရင်းမှ မျက်ရည်လည်လာသည်။ လွှတ်လပ်က ထိန်းသိမ်းထားသလိုမျိုး မျက်တောင်ကို ပုတ်ခတ် ပုတ်ခတ်လုပ်၏။

"မောင် မငိုနဲ့ကွာ၊ လမ်းမကြီးပေါ်မှာ မကောင်းပါဘူး၊ လာ အိမ်ပေါ်တက်ကြရအောင်၊ အခန်းထဲရောက်ရင် မောင် ကြိုက်သလောက်ငို၊ ကိုယ်လည်းငိုမယ်"

"ဟာကွာ မင်းတို့ကလည်း မဒီ သိသွားမှာပေါ့"

"ပထူးဘူး၊ မိုးမြင့်၊ နောင်လည်း သိမယ့်အတူတူ အခု သိသွားလည်း မထူးဘူး"

သုံးယောက်သား တိုက်ပေါ်သို့ မဖြစ်မနေ တက်လာကြ၏။ ဒီရှိရာသို့ တစ်သက်လုံး မရောက်သော် ကောင်းလေစွဟု ဆုတောင်းနေမိကြသည်။ သို့သော် မဖြစ်ချင်တာတွေပဲ ဖြစ်နေတတ်တာက လောကဓမ္မတာပင် ဖြစ်သည်။

ဘယ်လိုအချိန်ဆွဲပြီးတက်တက်၊ နောက်ဆုံးတော့ အခန်းဝသို့ ရောက်လာခဲ့ကြသည်။ တစ်ယောက်ကိုတစ်ယောက် ကြည့်နေကြသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



တံခါးခေါက်ဖို့အရေး တွံ့နှေးနေကြပြန်သည်။

နောက်ဆုံးတော့ လွတ်လပ်ပဲ တံခါးခေါက်လိုက်ရသည်။ တိုင်ကြည့်နေသော၍လားမသိ သုံးကြိမ်တံခါးခေါက်မှ အထဲကဖွင့်ပေးသည်။

"ဟယ် လွတ်လပ်ရယ် ဖုန်းသွားဆက်တာကလည်း ကြာလိုက်တာ ဟိုကောင်တွေနဲ့ကော အဆက်အသွယ် ရရဲ့လား"

လွတ်လပ် အထဲကို တိုးဝင်သွား၏။ သူ့နောက်မှ လင်းရောင်တို့ လိုက်ဝင်လာကြသည်။

"ဩော် အားလုံး ဆုံလာကြတာကိုး၊ တော်သေးတာပေါ့ ဘာလို့နောက်ကျနေကြတာလဲ"

ဧည့်ခန်းတွင် ဝိုင်းထိုင်လိုက်ကြသည်အထိ ဘယ်သူ့ဆီကမှ စကားပြန်မရသဖြင့် မဒီ တစ်စုံတစ်ရာကိုတွေးမိပြီး မျက်နှာပျက်ဖတ်တက်ဖြစ်လာသည်။

"နင်တို့ ဘာဖြစ်လာကြတာလဲ၊ တစ်ခုခုဖြစ်လာတယ်မို့လား ဘာလဲ ငါတို့အိမ်ကလိုက်လာကြလို့လား"

အားငယ်တတ်လွန်းသော မဒီကို ဥပေက္ခာမပြုရက်သဖြင့် လွတ်လပ်က လှမ်းဖက်လိုက်ရင်း

"သူငယ်ချင်း စိတ်ခိုင်ခိုင်ထားနော်၊ ပိုင်စိုးလေ ပိုင်စိုး အော်စီမှာ မာရီယာနဲ့ လက်ထပ်လိုက်ပြီတဲ့"





"ဟင်"

လွတ်လပ်က အကြောင်းအရာ အစုံကို မဒီ့အား ရှင်းပြနေသည်။ မဒီ့အဖြစ်ကို မကြည့်ရက်သဖြင့် လင်းရောင်တို့မျက်နှာလွှဲထားကြ၏။ အကြောင်းစုံကို မဒီသိတော့ အံ့ဩလွန်း၍ တခဏ တွေတွေကြီးဖြစ်သွားသည်။ မဒီ့မျက်နှာတွင် ဒေါသ၏ခြေရာကို မတွေ့ရ။

တုန်လှုပ်ချောက်ချားမှုတို့သာ စွန်းထင်းနေသည်။ တဖြည်းဖြည်း အသက်ရှူသံတို့ ပြင်းသထက်ပြင်းလာရင်း တသိမ့်သိမ့်တုန်အောင် မဒီငိုလေသည်။

"ငါ ငါ့ဘဝတော့ သွားပါပြီဟာ"

မဒီက အနားမှ မိုးမြင့်အား ဖက်တွယ်ရိုက်ပုတ်ရင်း သည်းထန်စွာ ငိုနေတော့၏။ လင်းရောင်လည်း မဒီ့ရှေ့တွင် ဆက်လက်ရပ်တည်ခြင်းငှာ မစွမ်းသာတော့သဖြင့် ဧည့်ခန်းတွင်းမှ လှည့်ထွက်သည်။

"မောင်"

မောင်ဟု လှမ်းခေါ်သော လွတ်လပ်၏အသံက ယခင်ခေါ်နေကျအသံမျိုးမဟုတ်။ ဆုံးဖြတ်ချက်တစ်ခုနှင့် ငိုချင်စိတ်ကို ထိန်းကွပ်ထားမှန်း သိသာလှသည်။ လင်းရောင် လှည့်မကြည့်ဖြစ်။

လွတ်လပ် သူ့နားရောက်လာတာ ကိုယ်သင်းနံ့ သဲလွန်စဖြင့် သိလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ ပိုင်စိုးမှာ အပြစ်မရှိဘူး၊ မောင်နဲ့မဒီတို့မှာလည်း အပြစ်မရှိဘူး၊ ကံကြမ္မာကိုက ဖြစ်သင့်တဲ့အတိုင်း စီမံတာ အဲဒါကို ကိုယ်တို့နာခံကြရမှာပေါ့ မောင်ရယ်"

လွတ်လပ် စကားကြောင့် လင်းရောင်တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားသည်။ မဒီ ရှိနေသဖြင့် အော်ဟစ်ဟန့်တားရန်လည်း အင်အားမရှိ။ ရင်တွင်းမှာ နာကျင်နေသည်။

"တကယ်ပါ မောင်၊ ကိုယ့်မှာ မနာလိုစရာ ဘာအကြောင်းမှ မရှိဘူး၊ မဒီနဲ့မောင် လက်ထပ်ရင် မိဘတွေလည်း စိတ်ချမ်းသာမယ် ပြီးတော့ ရည်မှန်းထားတာတွေလည်း အားလုံးအဆင်ပြေသွားလိမ့်မယ် အဓိက အလေးထားရမှာက ယောကျ်ားနောက်လိုက်လာတဲ့ မဒီရဲ့ မိန်းသားသိက္ခာပဲ၊ မောင် နားလည်ပါတယ်နော်"

ထိုစကားကြောင့် မဒီက မိုးမြင့်အား တွန်းဖယ်လိုက်သည်။

"တော်ကြပါတော့ဟာ ကံဆိုးတဲ့ငါ့အတွက် ကြားကနေ နင်တို့ နှစ်ယောက် ဘာမှ အနစ်နာခံစရာ မလိုဘူး၊ ငါ့ဘာသာ ဖြစ်ချင်ရာဖြစ် ပါစေ မနက်ဖြန် မော်လမြိုင် ပြန်မယ်"

"ဟာ မဖြစ်နိုင်တာဟာ အမွှေဖြတ်ကြေညာထားတာလေ နင် အဖေ နင့်ကိုသတ်မှာပေါ့"

"ဒါဆိုလည်း ငါ့ဘာသာ သွားချင်ရာသွားမယ်"





မဒီ ငိုရှိုက်၍ အသံတိမ်ဝင်သွားပြန်သည်။ မိုးမြင့်က မဒီ့ပခုံး တစ်ဖက်ကို ဖေးမရင်း နှစ်သိမ့်သလို ပြော၏။

"နင် ဘယ်မှမသွားရဘူး မဒီ၊ ဒီကိစ္စ လတ်တလော ဖြေရှင်းလို့ရတဲ့ကိစ္စမျိုး မဟုတ်ဘူး၊ ခေါင်းအေးအေးထား စဉ်းစားကြရမှာ"

မဒီ နားဝင်ပုံမရ။ ခေါင်းကို တွင်တွင်ရမ်းရင်း ရှိုက်နေရှာသည်။

"ပြီးတော့ ငါတို့သူငယ်ချင်းတွေ တစ်ယောက်နဲ့တစ်ယောက် ဘယ်လောက် သံယောဇဉ်ကြီးတယ်ဆိုတာလည်း အားလုံးအသိ၊ ခေါင်းအေးအေးထားကြပါဟာ"

မဒီက ပခုံးထက်မှ မိုးမြင့်လက်ကိုဖယ်ချပြီး အိပ်ခန်းရှိရာသို့ ပြေးဝင်သွားသည်။ ဘယ်သူမှ မတားမြစ်။ ဆက်ပြီး ဆွေးနွေးဖြစ်ခဲ့လျှင်လည်း သုံးဦးစလုံး နာကျင်ကြေကွဲရမှုထက် ဘာတစ်ခုမှ ထူးခြားမလာနိုင်မှန်း အားလုံးသိကြသည်။

လင်းရောင်လည်း တစ်ဖက် အိပ်ခန်းရှိရာသို့ လှမ်းဝင်သွား၏။ ခင်ဖြင့်ထွန်းယက်ခဲ့ရသော ချစ်ခြင်းအား မုန်တိုင်းတစ်ခု ဒရွတ်တိုက် ဖြတ်နင်းသွားသလို ကြေမွကွဲအက်နေသည်။

ကိုယ့်ကိုကိုယ် ငှက်ပျောတုံးတစ်တုံးလို မှေ့ရာပေါ် ပစ်တင်လိုက်၏။ ကျိန်းနေရာတွင်ပင် မနိုးသောအိပ်ခြင်းနှင့် အိပ်စက်ပစ်လိုက်ချင်သည်။ မျက်လုံးများ မှိတ်ထားသော်လည်း ကိုယ်သင်းနံ့လိုက်လာသ

www.burmeseclassic.com



ဖြင့် အခန်းထဲ လွတ်လပ် ဝင်လာကြောင်း သူသိလိုက်သည်။

ငြိမ့်ခနဲ ဖြစ်သွား၍ လွတ်လပ် ဝင်ထိုင်လိုက်တာ သိရ၏။ သူ့ရင်ဘတ်ပေါ်လက်တစ်ဖက် ရောက်လာသည်။ လင်းရောင် မျက်စေ့ ဖွင့်ကြည့်မိ၏။ လွတ်လပ်မျက်ဝန်းက မျက်ရည်တို့ ကွန်းခိုနေသဖြင့် ရွှန်းစိုတောက်ပနေသည်။

သရုပ်ဆောင်တစ်ယောက်လို အပြုံးတုတစ်ခု ဖန်တီးပြီး နှုတ် ခမ်းတွင် ချိတ်ဆွဲထားသေး၏။

"ကိုယ်တို့ဘဝက ဆိုးတယ်နော်၊ မောင် ကိုယ့်ကိုကိုယ်လည်း မပိုင်ဘူး၊ ကံကြမ္မာကပဲ အနိုင်ပိုင်းသွားတယ်၊ ဘာတတ်နိုင်မှာလဲ မောင် ရယ်၊ ကံစီမံရာပဲပေါ့၊ ကိုယ်တို့ကိစ္စတွေကို လုံးဝ မေ့ပစ်လိုက်ကြရအောင် မောင် မဒီကို သနားတယ်မဟုတ်လား ဟင်"

လွတ်လပ်က ငိုချင်စိတ်ကို အရှိန်သပ်သလို စကားခဏရပ်၏ သူ့လက်တစ်ဖက်နှင့် လင်းရောင်နဖူးပြင်မှ ဆံစများကို သပ်တင်ပေး သည်။ လင်းရောင် ဘာမှပြန်မပြောနိုင်။ တဆတ်ဆတ်တုန်ရင်း ရင်ထဲ ဆို့ကြပ်မောပန်းနေသည်။ လွတ်လပ်က ကျလုလု မျက်ရည်စက်ကို မျက် တောင်ပုတ်ခတ်ပုတ်ခတ်လုပ်၍ ထိန်းလိုက်ပြီး စကားဆက်၏။

"အားလုံး အဆင်ပြေဖို့ မိဘတွေစိတ်ချမ်းသာဖို့ ကိုယ်တို့ စိတ်ဆင်းရဲလိုက်ကြရအောင်"





"မဖြစ်နိုင်ဘူး မဖြစ်ဘူး မောင် အဲဒီလိုမလုပ်နိုင်ဘူး"

လင်းရောင် ခံနိုင်ရည် မရှိတော့။ ဥပေက္ခာကကံနှင့် အသက်ငင် နေသော လူတစ်ယောက် သွေးရူးသွေးတန်းထသလို လင်းရောင် ရုတ် တရက်ရုပ်၍ အထိန်းအချုပ်မဲ့စွာ လွတ်လပ်ကို တင်းတင်းကြပ်ကြပ် ပွေ့ဖက်လိုက်သည်။

"မပြောပါနဲ့တော့ လွတ်လပ်ရယ်၊ မပြောပါနဲ့တော့ မောင် ဝမ်းနည်းတယ် မောင်သိပ်ဝမ်းနည်းတယ်"

လွတ်လပ်၏ပူနွေးသော မျက်ရည်စများဖြင့် လင်းရောင် ရင် ညွန့်အရပ်၌ အိုင်ထွန်းစွန်းထင်းသွားသည်။

"လွတ်လပ် မောင်တို့နှစ်ယောက်စလုံး ခံစားရမယ့်ဒုက္ခကို ဒီလို ပဲ အဆုံးသတ်တော့မှာလား"

"မသိဘူး မောင်၊ ဒါပေမဲ့ ဒီတစ်ညလုံးတော့ မောင့်ရင်ထဲမှာ ကိုယ်အားရအောင် ငိုချင်တယ်၊ မနက်ဖြန် မနက်ကျရင် မဒီကို မောင် လက်ထပ်ပေးပါ၊ အဲဒါ ကိုယ်အဖြစ်ချင်ဆုံး ဆန္ဒပဲ"

"ကြည့်စမ်း လွတ်လပ် မင်း မောင့်ကို စွန့်လွှတ်ဖို့ ဘာဖြစ်လို့ ဒီလောက်ထိတောင် သေချာနေရတာလဲ"

"မသိဘူး မသိဘူးမောင်၊ ကိုယ့်ကို မမေးနဲ့တော့"

လွတ်လပ် ပြောနေရင်းနှင့် ခြေဖျားထောက်၍ မေးဖျားလေးကို



www.burmeseclassic.com

www.burmeseclassic.com



နမ်းလိုက်သောအခါ လင်းရောင် တစ်ကိုယ်လုံး ပူနွေးယိမ်းယိုင်သွားသည်။

တစ်ချိန်တည်းတွင် ငေးဝဲနေသော မျက်ရည်သည် သူ့မျက်ဝန်းအိမ်တွင် အကြာကြီးတွဲခိုရှုမနေနိုင်တော့ဘဲ လွတ်လပ် မျက်နှာထက်သို့ ကြွေကာကျသည်။

''မောင်ရယ် နင်နဲ့ငါ ဒီည အားရပါးရ ငိုကြရအောင်''

လင်းရောင် ခေါင်းညိတ်ပြလိုက်မိသည်ထင်၏။ တကယ်တော့ တိုင်ပင်ညှိနှိုင်းစရာ မလိုလောက်အောင်ပင် နှစ်ယောက်စလုံး ငိုနေနှင့်ပြီးသားဖြစ်သည်။

ညကောင်းကင်မှ အလင်းတစ်စသည် နေးကွေးစွာ ကြွေကျလာသည်။

တိုက်ခန်းတစ်ခန်းလုံး လကွယ်ညတစ်စပြင်လို ကြောက်မက်ဖွယ် တိတ်ဆိတ်ခြင်းက လွှမ်းမိုးနေ၏။ ထိုတစပြင်အတွင်း အိပ်စက်ခြင်းနှင့်ရန်ဖြစ်ထားကြသော သက်ရှိလူသားလေးယောက် ရှိနေသည်။

ထိုလေးယောက်လုံး အတွေးဂယက်ဝဲအတွင်း သက်ဆင်းနစ်မြုပ်၍ ဖုတ်လိုက်ဖုတ်လိုက် ဖြစ်နေကြ၏။ လောလောဆယ်အားဖြင့် လင်းရောင်ရင်ထဲတွင် ဆန္ဒတစ်ခုပဲရှိသည်။ လွတ်လပ်ကို သူ့ရင်ခွင်ထဲ သွင်းထားပြီး မဒီကို သူ့ဘဝထဲ ဝင်မလာနိုင်အောင် တားမြစ်ထားချင် စိတ်ပင်ဖြစ်၏။ သို့သော် ကံဇာတ်ဆရာ၏ ရိုက်ချက်က ပြင်းထန်လွန်း





သည်။ ဘယ်လိုအပြုံးအဝေးများနှင့် ရက်စက်ခဲ့လေသည်မသိ။ ရင်ကွဲနာကျလုမတတ် နှလုံးသားတွေ စုတ်ပြတ်ကုန်ကြ၏။

သူတို့လေးဦးမှုသာမက ဟိုးအဝေး ကမ္ဘာတစ်နေရာက ပိုင်စိုးနှင့်မာရီယာတို့လည်း အိပ်ပျော်နိုင်မည် မထင်။ အဖြစ်က တစ်ခုနှင့်တစ်ခု အပြန်အလှန် အကျိုးသက်ရောက်မှုများကို ဖြစ်ပေါ်စေသည်။

ညောင်ဦးကမ်းပါးပြိုတာနှင့် စံပန္နဂိုက နွားမပေါင်ကျိုးတာဘာမှမဆိုင်သော်လည်း အော်စီမှာ ပိုင်စိုးနှင့်မာရီယာ၏လက်ထပ်မင်္ဂလာကြောင့် ရန်ကုန်ရှိ လင်းရောင်တို့၏ကာယကံမြောက် ချစ်ခြင်းတွေ ဒေဝါလီခံရတော့မလို ဖြစ်နေသည်။

တိုက်ရိုက်သက်ရောက်မှု မရှိသော်လည်း ဆက်နွယ်နေသည့် မိုးမြင့်လည်း ခံစားနေရတာပဲဖြစ်၏။ ငွေကုန်ကြေးကျခံ၍ တကူးတက ဝယ်ယူခဲ့ရသော မူးယစ်ဆေးဝါးခြင်းတို့သည်လည်း အတောင်ပေါက်ပြီး ပျံပြေးသလို ပျောက်ခြင်းမလှ ပျောက်ကုန်ကြသည်။

ထိုသို့သော သွေးပျက်ဖွယ်ရာ ယောယုဝညတွင် မြိုးမြိုးချွတ်ချွတ် အသံများကို ကြားလိုက်ရသဖြင့် မိုးမြင့် ဆံပင်များထောင်သွားသည်။ အသေအချာ နားစွင့်တော့လည်း ကြားမြဲ ကြားနေရသဖြင့် ငုပ်တုပ် ထိုင်လိုက်မိ၏။

မသင်္ကာစရာအသံများက တဖြည်းဖြည်းနှင့် ဝေးပြီး အိမ်



www.burmeseclassic.com

www.burmeseclassic.com



နောက်ဖေးဆီရွှေ့သွားသည်။ ကြွက်သောင်းကျန်းပြီး တစ်ခုခုကို ကိုက်ဆွဲသွားတာ ဖြစ်မှာပါဟု တွေးပြီး ကြွက်မောင်းရင်း ရေသောက်ရန် မိုးမြင့် ထွက်လာသည်။

အိမ်နောက်ဖေးဆီမှ ရိပ်ခနဲ လှုပ်ရှားမှုကို မြင်မိသဖြင့် ထိတ်ခနဲခုန်သော ရင်နှင့် မီးခလုတ်ကို လှမ်းဖွင့်လိုက်သည့်အခါ။

အိပ်ဆေးပုလင်းကိုင်ကာ လက်တစ်ခုပ်စာဆေးများကို သောက်ရန် ကြံစည်အားထုတ်နေသော မဒီကို မြင်လိုက်၏။ စိုးရိမ်စိတ်နှင့် လေလိုလျှင်မြန်စွာ ပြေးဝင်ပြီး ဆေးများဆုပ်ကိုင်ထားသော မဒီလက်ကို ပုတ်ထုတ်လိုက်သည်။

"မဒီ မလုပ်နဲ့ ဖယ်စမ်း"

ဆေးပုလင်းနှင့်ရေခွက်ပြုတ်ကျသံကို ဝရုန်းသုန်းကား ထွက်ပေါ်လာ၏။ ထိုဆူညံသံကြောင့် လင်းရောင်နှင့်လွှတ်လပ်လည်း အပြေးအလွှား ရောက်လာကြသည်။

"ဘာလဲ ဘာဖြစ်တာလဲ"

မဒီအား ချုပ်နှောင်ထိန်းသိမ်းထားသော မိုးမြင့်က

"ဒီမှာ မဒီ မဟုတ်တရုတ်တွေ ကြံနေတာ အိပ်ဆေးတွေ သောက်ဖို့လုပ်နေတာလေ"

မျက်လုံး မီးဝင်းဝင်းတောက်နေသည့် မဒီက မိုးမြင့်လက်မှ





ရုန်းထွက်ရင်း လွှတ်လပ်ကိုဖက်၍ ရှိုက်ကြီးတငင် ငိုသည်။

"ဖြစ်မှဖြစ်ရလေ မဒီရယ် လာ လာ မဒီကို ပြောပြစရာရှိတယ်၊ တိတ် တိတ် တိတ်တော့"

လွှတ်လပ်က ညီမလေးတစ်ယောက်လို မဒီကို ကြင်နာစွာဖေးမ၍ မျက်ရည်သုတ်ပေးရင်း ချော့သည်။

"မငိုနဲ့တော့ မဒီ ငါတို့သူငယ်ချင်းတွေအားလုံး အရမ်း သံယောဇဉ်ကြီးတယ်ဆိုတာ နင်သိတယ်နော်၊ အဲဒီအတွက် သူ့သိက္ခာကိုယ့်သိက္ခာကို ငါတို့အားလုံး ကာကွယ်ရမယ်၊ တကယ်လို့ မောင်က မဒီကိုလက်ထပ်မယ်ဆိုရင် ငါစိတ်ဆိုးမယ်လို့ နင်ထင်နေသလား"

ထင်မှတ်မထားသော လွှတ်လပ်၏စကားကြောင့် မဒီကိုယ်လုံး လေးတောင့်တင်းသွား၏။ ပြီးမှ လွှတ်လပ်နှင့်မဒီ တစ်ယောက်လက် တစ်ယောက်ဆုပ်ကိုင်ရင်း ပြောရမည့်စကားတွေအတွက် အားယူနေကြသည်။

"ငါ အရမ်းရှက်တယ် လွှတ်လပ်ရယ်"

"ငါသိတာပေါ့ မဒီရယ်၊ ငါ့ကိုအမှန်အတိုင်းပြောစမ်းပါ အဲဒီအရှက်က မိန်းမသားတစ်ယောက်ရဲ့ ဘဝရပ်တည်မှုနဲ့သိက္ခာပေါ်မှာ တည်နေတယ်ဆိုတာ"

မဒီ ဘာမှပြန်မပြောသဖြင့် တစ်ခန်းလုံး တိတ်ဆိတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးမြင့်က တိုးလျှလျှဝင်ပြောသည်။

"ငါ တစ်ခုလောက် ဖြတ်ပြောလို့ရမလား"

"ပြောလေ မိုးမြင့်"

"အခု အဖြစ်မှန်အတိုင်း မဒီအပေကို သွားပြောလိုက်ရင်ကော"

"နင်ရူးနေလား မိုးမြင့်၊ ပိုင်စိုးနဲ့မိုးရာလိုက်သွားပြီဆိုတာ အတိအလင်း စာရေးပြီးမှ မဒီ ထွက်လာခဲ့တာလေ၊ ခု ဘယ်နှရက်တောင်ရှိနေပြီလဲ၊ မိန်းမတစ်ယောက်ရဲ့ဘဝဆိုတာ ဘယ်လောက်ပဲ သန့်စင်အောင် နေဦးတော့ တစ်ညကျော်ရင် ပတ်ဝန်းကျင်က ဘယ်လိုသတ်မှတ်မလဲ ရှင်းနေတာပဲဟာ"

လင်းရောင်နှင့်မိုးမြင့်ထံမှ ပင့်သက်ရှိုက်သံနှစ်ခု ပြိုင်တူပေါ်လာသည်။ လွတ်လပ်က မဒီမျက်ဝန်းတို့ကို စူးစူးစိုက်စိုက် ပြန်ကြည့်၏။

"ပြောလေ မဒီ နင်ဘာဖြစ်ချင်တယ် ဆိုတာ"

"ငါ အမှန်အတိုင်း ပြောမယ်၊ လင်းရောင်ကို သူငယ်ချင်းလို သံယောဇဉ်ရှိတာကလွဲလို့ ငါ မချစ်ဘူး၊ ဒါ ဒါပေမဲ့ဟာ ငါ့ ငါ့သိက္ခာအတွက် ငါ့ကို ကူ ကူညီ ကူညီ"

မဒီ စကားဆုံးအောင် မပြောနိုင်ဘဲ လွတ်လပ်၏ရင်ခွင်းသို့ ခေါင်းတိုးဝင်ကာ ငိုလေသည်။ လွတ်လပ်က မဒီအား ပြန်လည်ပွေ့ဖက်လိုက်ရင်း





"ငါသိပါတယ် မဒီရယ်၊ ငါလေ မောင်နဲ့နင်တို့ လက်ထပ်ဖို့ သဘောတူတယ် သိလား"

လင်းရောင် တစ်ကိုယ်လုံး စကြဝဠာတွင်းသို့ လွင့်စင်သွားပြီထင်သည်။ စွမ်းရည်နှင့်အာနိသင်ပြည့်ဝနေသော အလွမ်းများအား မြေညြစာကျွေးလိုက်သလို ရင်တွင်း၌ပူလောင်ကာ ကျွမ်း၏။

ယမမင်းက မဟာအဝိစိငရဲ၌ အဖန်ငါးရာ ငါးကမ္ဘာ ခံစေရန် အမိန့်ချသော်မှ ဤမျှသောကရောက်မည် မထင်။

ထိုခဏ၌ လရောင်နှင့်ချွေးအောင်းရန် လင်းရောင် ကောင်းကင်ကိုမော့ကြည့်မိလေသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## ကမ္ဘာရ ဖိုးအောစ်

အချိန်သည် အကောင်းဆုံးသမားတော်ဟု လူတော်တော်များ များက ပြောလေ့ပြောထ ရှိသော်လည်း ထိုစကားက လင်းရောင်တို့အုပ်စု အတွက်တော့ အကြုံးမဝင်သလို ဖြစ်နေသည်။

လင်းရောင်က မဒီကို လက်ထပ်ဖို့ ဆုံးဖြတ်ချက်ချရန်အချိန် တစ်ပတ်တောင်းခဲ့၏။ ထိုအတွေးကို မိုးမြင့်က ထောက်ခံပြီး မဒီက နှင့်ပြု၏။ လွတ်လပ်ကတော့ ဘာထူးမှာမို့လို့လဲ မောင်ရယ်ဟုပြောခဲ့သည် ထိုရက်များအတွင်း သူတို့လေးယောက်စလုံး သံပတ်ပေးထားသော အရုပ် များလို သွားလာလှုပ်ရှားနေကြသည်။ စားချိန်တန်စား သွားချိန်တန် သွားပြီး အိပ်ချိန်တန်လျှင် အိပ်ရာဝင်ခဲ့ကြသည်။ ထို့ထက်ဘာမှမပို

အကောင်းဆုံးနှင့်အထိအခိုက် အနည်းဆုံး မဟာဗျူဟာ





ချမှတ်နိုင်ရန် အကြံထုတ်တွေးတောခဲ့တာ လေးငါးရက်ကြာသည်အထိ မူလအဖြေထက်ကောင်းသည့် အစီအစဉ်ကို မရခဲ့။

မဒီကို လက်ထပ်ဖို့တွေးတိုင်း လွတ်လပ်နှင့်ဆုံစည်းခဲ့ရပုံကိုသာ ပြန်လည်မြင်ယောင်နေတော့၏။

လိုက်ဘာရီထဲတွင် စာအုပ်ရှာရင်း အမှတ်မထင် ကိုင်မိသော လက်တစ်ဖက်၊ ကျောင်းကပွဲအတွက် မိန်းကလေးအဝတ်အစားငှားရင်း လူခြင်းမသိမိကတည်းက အလွတ်ရနေသော ကိုယ်သင်းနံ့တစ်ခု၊ ဖစ် ပြုတ်နေသော ထဘီစကပ်မှ ဝင်းဝါသောအသားစိုင်၊ ပတွေး၏စော်ကားမှု ကိုခံစားထားရသော မိန်းကလေး၊ အင်းစိန်ထောင်တွင်းမှ ယောကျ်ား ဖေဖေ၏ပေါက်ကွဲမှု၊ မဒီနှင့်သဘောတူခဲ့သောနှစ်ဖက်မိဘများ၊ မော်လမြိုင် တည်းခိုခန်းမှ ဘချလာနိုက်၊ ပိုင်စိုး၏စာနှင့် အသည်းကွဲနေ့ရက်များက နောက်ကြောင်းပြန် ရုပ်ရှင်ပြကွက်လို အစီအရီပေါ်လာတတ်၏။

လွတ်လပ်၏အပျိုစင်ဘဝကို ရိတ်သိမ်းခြွေလှေ့ပြီးကာမှ ကံကြမ္မာ၏ကျီစားချက်က လန့်ထွက်အောင် မိုက်ရိုင်းလေပြီ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## သဏ္ဌာရာစ်ခလေချွန်သံ

အားလုံး၏ဆန္ဒနှင့် လင်းရောင်၏ဆုံးဖြတ်ချက်အရ မောင်နှင့် မဒီတို့ ရုံးတက်လက်ထပ်ရန် အဆင်သင့်ဖြစ်နေခဲ့ပြီ။ ကျွန်မသဘောတူခဲ့သည့်အတိုင်း တကယ်တမ်း မောင်နှင့်ခွဲရမည်ကို သိသောအခါ ရင်တွင်းမှ တဆစ်ဆစ် နာကျင်လာသည်။

မောင်၏အသက်ရှူငွေ့များက ကျွန်မဆံပင်၊ မျက်နှာနှင့်ခန္ဓာကိုယ်အနှံ့ ဖြန့်ကျက်လွင့်ပျံ့နေဆဲ။

''ကဲ အားလုံး အဆင်သင့်ဖြစ်ရင် သွားကြမယ်လေ''

မိုးမြင့်၏လောဆော်သံက အတွေးများကို ဖျက်သတ်ပေးသလိုဖြစ်၏။ ကျွန်မမှလွဲ၍ သူတို့အားလုံး သင့်တော်သပ်ရပ်သော ဝတ်ကောင်းစားလှ ကိုယ်စီနှင့်ဖြစ်သည်။





တစ်ညလုံးငိုထားသဖြင့် မို့အစ်ဖောင်းထနေသော မျက်လုံးအစုံနှင့်မဒီက သေတ္တာကိုဆွဲလျက် အခန်းထဲမှ ထွက်လာ၏။ မဒီလည်းအတော်လေးလှနေသည်။ တိုက်ပုံနှံ့သာရောင်နှင့်မေင်က ဆိုဖာနောက်ကျောကို လက်ထောက်ရင်း ခေါင်းငုံ့ငြိမ်သက်နေသည်။

မောင့်မျက်နှာတွင် ကြေကွဲမှုများ ရောယှက်လျက် တစ်ချက်တစ်ချက် သနားကရုဏာသက်သလို ကျွန်မကို လှမ်းကြည့်၏။

''တရားရုံးကို ကိုယ် မလိုက်တော့ဘူး မောင်''

မောင် ဘာမှမပြောနိုင်။ သိမ်ငယ်ညှိုးနွမ်းသောမျက်နှာနှင့် မဒီက ကျွန်မကို စာနာစွာမေး၏။

''ဘာဖြစ်လို့လဲဟင် လွတ်လပ်''

''အဲဒီတစ်ခုတော့ ငါ့ကို နားလည်ပေးပါ မဒီရယ်''

''ကဲပါဟာ ငါတို့ပဲ သွားကြမယ်၊ လွတ်လပ်လည်း သူ့စိတ်ဆန္ဒရှိသလို နေခဲ့ပါစေ''

မိုးမြင့်စကားအဆုံးတွင် အသက်မပါသော လှုပ်လီလှုပ်လဲ့ ခြေလှမ်းများ သူတို့အားလုံး ကျွန်မရှေ့မှ ထွက်ခွာသွားကြ၏။

မောင် ကျွန်မဆီ ပြန်လာစရာ အကြောင်းမရှိတော့။ ကျွန်မလက်လှမ်းမမီသော နေရာတွင် မောင် ရှိနေတော့မည်။ အေးဆွေးဝမ်းနည်းမှုသည် ရင်တွင်းမှတစ်ဆင့် ကျွန်မ လည်ချောင်းဝအထိပင်



www.burmeseclassic.com

ဆိုနိုင်တော့မည်လာ၏။

ဘာပဲဖြစ်ဖြစ် ဤအိမ်တွင် ကျွန်မ တစ်ယောက်တည်း ကျန်ရစ်ခဲ့တော့မည်မှာ သေချာသည်။

မိုးရန့်စွတ်သော လေအေးက ခန်းဆီးလိုက်ကာများကို ဖြတ်လျက် နှင်းဆီဝတ်မှုန်များကို သယ်ဆောင်လာသည်။ ခုချိန်တွင် ကျွန်မအတွက် အလိုအပ်ဆုံးအရာမှာ ကျွန်မတစ်ကိုယ်လုံးအား ပစ်ချအိပ်စက်လိုက်ရန်သာ ဖြစ်သည်။

အိပ်ခန်းသို့ ဝင်လျှင်ဝင်ခြင်း ချိုမြသော မောင့်ကိုယ်သင်းနံ့လွှမ်းဆွတ်ဖွယ်ကောင်းလောက်အောင် ကျွန်မအားဆီးကြိုလေသည်။ ကျွန်မ၏မြတ်နိုးတွယ်တာရာအဖြစ် မောင် ထားရစ်ခဲ့သည့်ရေလဲပုဆိုးသာ တို့လို့တွဲလောင်းကျနေသည်။

မှန်းကြပ်လွန်းသောစိတ်ကြောင့် ပြတင်းမှလိုက်ကာများကို ဖွင့်လိုက်သောအခါ မိုးစက်ပွင့်များ လေနှင့်အတူ တိုးဝင်လာကြသည်။

ပြတင်းတံခါးများကို ကျွန်မ ပြန်မပိတ်မိ။ မွေ့ရာထက်သို့ခြေ ပစ်လက်ပစ် လှဲချလိုက်သည်။ တိုးဝင်လာသော မိုးပွင့်များကြောင့် ကျွန်မ တစ်ကိုယ်လုံး မိုးပွင့်များ စိုလဲ့သွား၏။

တောက် ရင်ခွင်တစ်ခုလုံး အုံ့မှိုင်းနေလိုက်ကြတာ။ ခံစားနေသော အတွေးများက မောင်နှင့်မဒီ လက်ထပ်ဖို့အရေး မပြောင်း





မှာကိုတွေးပူနေမိသည့် ကျွန်မစိတ်ကို ကျွန်မကိုယ်တိုင်ပင် နားမလည်နိုင်တော့။ လက်မှတ်ထိုးစဉ်အချိန် မောင် မပြုံးမရယ် ဖြစ်နေမှာကို စိုးရိမ်မိသည်။

ထိုစဉ် ကျွန်မဘေးသို့ တစ်စုံတစ်ယောက် လာရပ်၍ ဖျတ်ခနဲမော့ကြည့်လိုက်သောအခါ နုလုံးသွေးတို့ ငယ်ထိပ်သို့ ဒိန်းခနဲ ပြေးဆောင့်၏။

"လွတ်လပ်"

"ဟယ် ပိုင် ပိုင်စိုး"

"ဟုတ်တယ် လွတ်လပ် ငါတို့သူငယ်ချင်းတွေအားလုံးမျှော်လင့်ပြီ ငါ အရောက်ပြန်လာခဲ့တာ၊ တော်သေးတယ် သော်ဒီဆီက နင့်လိပ်စာရလို့"

"မာ မာရီယာ မာရီယာကောဟင် ပိုင်စိုး"

"မာရီယာက သူငယ်ချင်းတွေ သူ့ကြောင့် စိတ်ဆင်းရဲရတယ်ဆိုပြီး ငါ့ကိုကွာရှင်းပေးလိုက်တာ"

"ဟင် နင် နင်ယောက်ျားမဟုတ်ဘူး၊ ယောက်ျားမပီသဘူး"

"နင် ငါ့ကိုအဲလိုမပြောနဲ့ လွတ်လပ်၊ ဒီကိစ္စမာရီယာကိုယ်တိုင်ကျေကျေနပ်နပ် လုပ်ပေးခဲ့တာ၊ သူ့အဖြစ်ချင်ဆုံးဆန္ဒက မြန်မာနိုင်ငံကိုသူပြန်လာရလို့ ရဖို့ပဲ၊ ဒါတွေနောက်တော့ နင် နားလည်လာပါလိမ့်မယ်၊

www.burmeseclassic.com



အဲဒါတွေထားဟာ အခု မဒီနဲ့လင်းရောင် ဘယ်မှာလဲ''

ပိုင်စိုး၏ကြည်နူးသွက်လက်မှုကိုကြည့်ရင်း ကျွန်မ ခြေဖျား လက်ဖျားများတုန်ယင်အေးစက်လာသည်။ ဝမ်းပန်းတနည်းနှင့် နှုတ်ခမ်းလေးအနည်းငယ် ကွေးမဲ့သွားသည့် ကျွန်မကိုကြည့်ရင်း ပိုင်စိုးမရှုမရဲဖြစ်လာပုံရသည်။

''ပြောလေဟာ လွတ်လပ်၊ ငါ မဒီကိုတွေ့ချင်လှပြီ''

''သူတို့ တရားရုံးမှာ လက်ထပ်ဖို့သွားကြပြီ၊ ပြီးရင် မောင်နဲ့ မဒီက တစ်ခါတည်း မော်လမြိုင်ကို ပြန်ကြမှာ''

''ဘာ လက်ထပ်ဖို့ ဟုတ်လား လွတ်လပ်၊ လာ ငါတို့ အခု လိုက်မယ်''

ရေစိုနေသော အဝတ်အစားများကိုပင် မလဲနိုင်။ ဖြန့်ခံနေသော ကျွန်မလက်တစ်ဖက်ကို ဆွဲပြေးသော ပိုင်စိုးနောက်သို့ မီအောင် မနည်းပြေးလိုက်ရသည်။ အိမ်တံခါးများပင် မပိတ်မိ။

ဒီတစ်ကြိမ် ပြေးဆင်းခဲ့တာ အမြန်ဆုံးပင်ဖြစ်မည်ထင်၏။ အောက်သို့ ဘယ်လိုရောက်လို့ရောက်လာမှန်းပင်မသိ။

ပိုင်စိုးက လာသမျှတက္ကစီကို မလွှတ်တမ်း တား၏။ အရင်လိုကားကာမအား။ ကားတိုင်း စီးနင်းသူများပါလာနေသည်။ ပိုင်စိုးအမူအရာက သွေးရူးသွေးတမ်း ဖြစ်နေ၏။





''ဆစ်ဒနီက ရန်ကုန်အရောက်လာရတာ အခုလောက် မမော ဘူး''

ပိုင်စိုးအပြောကို ကျွန်မ သဘောပေါက်နားလည်ပေးလို့ရပါသည်။ ကျွန်မကိုယ်တိုင်လည်း မီလိုမီငြား ဆန္ဒတွေ ဖြစ်နေသည်။ မာရီယာ၏ဖွင့်လှစ်မှုနှင့် လဲလှယ်ခဲ့ရသည့် မျှော်လင့်ချက်ကောက်ရိုးမျှင်လေးကို ဖမ်းဆုပ်ထားချင်နေမိသည်။

ကံအားလျော်စွာပင် တက္ကစီအလွတ်တစ်စီး ရသဖြင့် ဈေးပင်မပြောဘဲ လှည်းတန်းတရားရုံးသို့ မောင်းခိုင်းရ၏။ ပိုင်စိုးက အိမ်မြှောင်အမြီးပြတ်ဆိုလျှင် ကျွန်မက မျောက်ငါးပိကိုင်ထားသလို ဖြစ်နေလိမ့်မည်။

''ကားဆရာ အမြန်ဆုံးသာ မောင်းပေးပါဗျာ''

အချိန်ကိုက်ဗုံးတစ်လုံး ကျွန်မနောက်ကျောတွင် ချည်နှောင်ထားသလို ရင်တွင်းမှ နှလုံးခုန်သံ တဒုန်းဒုန်းကို ကျွန်မကိုယ်တိုင်ပင် ပြန်ကြားနေရ၏။

''ဟာ ကားဆရာ မြန်မြန်မောင်းပါဆိုနေမှ ဘာလို့ရပ်နေတာလဲ မောင်းစမ်းပါဗျာ''

''ဒုက္ခပါပဲဗျာ မီးပွိုင့်လေ အခု မီးပွိုင့်မိနေတာ၊ ကျုပ် လိုင်စင်အသိမ်းမခံနိုင်ဘူး''

www.burmeseclassic.com



"တောက် အရေးထဲကွာ"

ပိုင်စိုး၏စိတ်စောမှုက ကျွန်မထံသို့ပင် ကူးစက်လာသည်။ ပထမ ဆုံးအကြိမ်အဖြစ် အများအန္တရာယ်ကင်းအောင် လုပ်ထားသော မီးပွိုင့် ကို အပြစ်မြင်မိသည်။

လည်းတန်းမီးပွိုင့်အား သည်းခံနိုင်စွမ်း ကုန်ဆုံးလုနီးပါး စောင့်ဆိုင်းပြီးမှ ရှေ့ဆက်ခွင့်ရ၏။ ထိုမီးပွိုင့်တွင် ကြာခဲ့သော ဆယ့်ငါးမိနစ်သည် လူလေးယောက်အတွက် သေရေးရှင်ရေးတမျှ အရေးပါသော ဆယ့်ငါးမိနစ်ပဲ ဖြစ်သည်။

BURMESE CLASSIC

မောင်တို့လက်မှတ်ထိုးပြီးလောက်ပြီဟူသောအသိနှင့် ကျွန်မ စိတ်လျှော့လိုက်သည့်အခါ ကမ္ဘာပျက်သုဉ်းသွားသလို ခံစားလိုက်ရသည်။ ဘာကိုမှ မမျှော်လင့်ချင်တော့သဖြင့် မျက်စိများမှိတ်ထားလိုက်၏။

လေးသခေါ်နှင့်ကမ္ဘာတစ်သိန်းခန့်ကြာသည်ဟု ထင်ရပြီးနောက် ကားထိုးရပ်လိုက်သည်။ ပိုင်စိုး ကားခရှင်းနေစဉ် ကျွန်မက မေးမြန်းစုံစမ်းကြည့်သည်။ နေရာကိုသိသည်နှင့် ကျွန်မ ပြေးထွက်ခဲ့၏။ ပိုင်စိုး ထပ်ချပ်မကွာ လိုက်လာသည်။

ရုံးအတွင်းမှ လက်ဖက်ရည်ဆိုင်ကို ဖြတ်ထွက်ပြီး တရားရုံးပေါ်သို့ တဝုန်းဝုန်းပြေးတက်လာခဲ့ကြသည်။ တိုးမိတိုက်မိသူများကိုပင် မ တောင်းပန်အား။ အန္တရာယ်ကြီးတစ်ခုနောက်မှ အတင်းလိုက်လာသလို





နီး အသက်နှင့်ရင်းပြီး ပြေးကြ၏။

မောပမ်းမှုကြောင့် ကျွန်မ၏ရင်သည် လှိုင်းထနေလေသည်။ သက်မှတ်ထိုးရာ ရုံးခန်း ဆင်နားရွက်တံခါးကို မြင်မှ ခြေစုံရပ်ပြီး မျက်စိ စုံမှိတ်ရင်း တစ်ကိုယ်လုံးရှိသမျှ အကြောအချင်အားလုံးကို ဖြေလျှော့ လိုက်သလိုမျိုး အသက်ကို ကျွန်မ မှန်မှန်ရှုလိုက်သည်။ အမောမှ ပြေခြင်

ကျွံခနဲ မြည်သံနှင့်အတူ ဆင်နားရွက်တံခါးကို တွန်း၍ ထွက်လာသော တရားသူကြီး နှင့် လက်ထပ်စာချုပ်လိပ်ကို ကိုင်ထားသော မောင်အပါအဝင် သူငယ်ချင်းအားလုံးကို တွေ့လိုက်ရ၏။

စိတ်ပိစီးမှုများနေကြသော မောင်တို့အုပ်စုက ကျွန်မနှင့်ပိုင်စိုးကိုမမြင်ဘဲ ငိုက်စိုက်ငိုက်စိုက်နှင့် ထွက်သွားကြသည်။

အားလုံး ပြီးစီးသွားခဲ့ပြီပေါ့။ ထိုအတွေးနှင့်အတူ ကျွန်မ မျက်လုံးများ ပြာဝေကာ ရင်တစ်ခုလုံးကြေမွသွားသည်။ ရင်ထဲမှ မခံမရပ်နိုင်အောင် ရှုးနှင့်အောင့်တက်လာ၏။ ကျွန်မ ဘာကိုမှမမြင်ချင်တော့။ ရုတ်တရက် လှည့်ထွက်ပြေးခဲ့သည်။ ထိုအခါမှ ပိုင်စိုးလည်း အသက်ဝင်လာသည်ထင်၏။

"လွှတ်လပ် လွှတ်လပ် နေဦးလေ"

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



အိမ်သို့ ဘယ်ပုံဘယ်နည်းနှင့် ပြန်ရောက်လာခဲ့မှန်းပင် မသိတော့။ ရှုံးနိမ့်စွာ ရင်ကွဲပက်လက်နှင့်ပြန်ရောက်လာခဲ့သော ကျွန်မသည် မောင်နှင့်ပတ်သက်ခဲ့သမျှ အငွေ့မပြယ်နိုင်သေးသည့် ဤအိမ်ကို အပြီးတိုင် စွန့်လွှတ်ရန် ဆုံးဖြတ်လိုက်သည်။

ဗီရိုထဲမှ အဝတ်အစားများကို ထုတ်လျက် သေတ္တာထဲ ပြောင်းထည့်သည်။ တွေးခေါ်ဆင်ခြင်နိုင်စွမ်းမဲ့စွာနှင့် မျက်နှာသုတ်ပဝါအစ ဖိနပ် အဆုံး အားလုံးကို စုပြုံထိုးထည့်နေမိသည်။

ကျွန်မ၏ကျဆုံးမှုအား စောင့်ကြည့်သလိုရှိနေသော စားပွဲထက်မှ မောင့်ဓာတ်ပုံကို နောက်ဆုံးအကြိမ် နှုတ်ဆက်ခြင်းအဖြစ် ထပ်ခါတလဲလဲ နမ်းနေမိသည်။

"ဒါပါနဲ့ဆို ငါးခါရှိသွားပြီ လွှတ်လပ်"

အပေါက်ဝမှ မောင့်အသံ တိုးညှက်ညှက်ကလေးကြောင့် ကျွန်မ ဖြုန်းခနဲ လှည့်ကြည့်လိုက်သည်။

"ဟင် မောင်"

နစ်လိုဖွယ် မောင့်အပြုံးကို မြင်လိုက်ရတာ တကယ်မှ ထူးပါလေစ။

"ကိုယ့်ကို လာနှုတ်ဆက်တာလား"

"မဟုတ်ဘူး လွှတ်လပ် တစ်ဘဝစာ အတူနေဖို့ ပြန်လာတာ





မောင့်အသံမှာ နာကျည်းမှုမပါ။ လှောင်ပြောင်မှုမပါ။ ကျွန်မ အံ့သြလွန်း၍ မယုံမရဲ မျှော်ကိုးစိတ်များ ရင်တွင်းမှ လှိုက်တက်လာသည်။

"ဟုတ်တယ် လွှတ်လပ်၊ မောင်တို့လက်မှတ်ထိုးခဲ့တဲ့ စာချုပ်ကိုကြည့်ခဲ့ရင် လွှတ်လပ် ကျေနပ်သွားလိမ့်မယ်"

"ကိုယ် မကြည့်ရဲဘူး မောင်"

မောင် အနားသို့ တိုးကပ်လာ၏။ စာချုပ်ကို ဖြန့်ကာ ကျွန်မ ရှေ့သို့ တိုးပေးသည်။ ထိုစာချုပ်ထဲ ဝေ့ဝဲကြည့်ဖြစ်ဖို့ စက္ကန့်သုံးဆယ်မျှ အချိန်ယူခဲ့ရ၏။

"ကြည့်ပါ လွှတ်လပ်ရဲ့၊ သတို့သမီးနေရာက ကွက်လပ်ဖြစ်နေတာလေ၊ အဲဒီ ကွက်လပ်ကို လွှတ်လပ် ဖြည့်ပေးရမှာ"

"ဟင် တ တကယ်လား မောင်"

ကျွန်မစာချုပ်ကို ယူကာ မောင်ညွှန်ပြသည့် သတို့သမီးနေရာသို့ အပြေးအလွှား မျက်စိကစားလိုက်သည်။ ထိုခဏ သက္ကရာဇ်လေချွန်သံကို ကျွန်မ ကြားလိုက်ရသည်။

"ဟုတ်တယ် လွှတ်လပ် မောင်တို့ ရုံးရောက်တော့ မြေကရန်တို့လူနဲ့ ရောက်နေတဲ့ သော်ဒီနဲ့တွေ့ပြီး ကိစ္စအားလုံး သိလိုက်ရတာ"

ကျွန်မ ခပ်သွက်သွက်လေး ထလျက် မောင့်ကို အငမ်းမရ ပွေ့ဖက်လိုက်သည်။ မောင်က အပြုံးနှင့်ကျွန်မကို ဆီးကြိုပါသည်။ ထို

www.burmeseclassic.com



အပြုံးသည် မျှဝေခံစားမှုများဖြင့် နူးညံ့သိပ်သည်းလွန်းသောကြောင်း မောင့်မျက်လုံးအိမ်တွင် မျက်ရည်များရစ်ဝဲခိုတွယ်နေသည်။ ကျွန်မ ဇာ ကြမ္မာကို ထပ်ပြီး မျက်နှာသာ မပေးရဲတော့။

"မောင် ကိုယ်တို့ဒီနေ့ပဲ ရုံးတက်လက်ထပ်ကြရအောင်နော်"

ပရိသတ်အတွက်

အမြဲတမ်း

ဖျူး

BURMESE CLASSIC .com

www.burmeseclassic.com